## အခန်း(၆၉၉) - မျှော်စင်၏ စတုတ္ထအထပ်

မှော်အက္ခရာ လျှို့ဝှက်ကျင့်စဉ် ပထမအဆင့်တွင် ပြီးပြည့်စုံသော မှော်အက္ခရာ အခု (၃,၀၀၀) ကျော် ရှိသည်။ ထို မှော်အက္ခရာများကို လေ့လာပြီးစီးသည့် အချိန်ရောက်မှသာ အများရှေ့တွင် ထုတ်သုံးနိုင်ပြီး ပထမဆင့် မှော်ဆရာဖြစ်လာကာ ကျန်သည့် အကြွင်းအကျန်ကို မှော်အက္ခရာများကို ကိုယ့်ဘာသာကိုယ် လေ့လာရသည်။

သွေးရဲရဲလေးသည် နာရီ အနည်းငယ်မျှပင် အချိန်မယူလိုက်ဘဲ အလွန် အသုံးဝင်သော မှော်အက္ခရာ

(၅,၀၀၀) ကျော် ဖော်ထုတ်နိုင်ခဲ့သည်။ ရိုးရှင်းအောင် ပြုလုပ်ထားသော်လည်း ပြီးပြည့်စုံသော မှော်အက္ခရာများကို သင်ယူတတ်မြောက်ရန် အချိန်များစွာ လိုအပ်နေသေးသည်။

လင်းဟွမ်သည် ဤဟင်းလင်းပြင် အပျက်အစီးထဲတွင် နေထိုင်နိုင်သော အချိန်မှာ အကန့်အသတ် ရှိနေသောကြောင့် ပြီးပြည့်စုံသော မှော်အက္ခရာများကို အစအဆုံး သင်ယူခြင်းထက်စာလျှင် ပိုမိုလွယ်ကူသော အလွတ်ကျက်မှတ်ခြင်းကိုသာ ရွေးချယ်ခဲ့သည်။

သွေးရဲရဲလေးသည် သုံးသပ်ချက် ပြုလုပ်၍ စုစည်းပြီးနောက် ပြည့်စုံသော မှော်အက္ခရာ အစုံ

(၅၀,၀၀၀) ကို လင်းဟွမ်၏ မှတ်ဉာဏ်ထဲ မျှဝေပေးလိုက်သည်။ ဒြပ်စင်ဝိညာဉ် မော်အက္ခရာ၊ ချိတ်ပိတ်မော်အက္ခရာ၊ ချိတ်ဖွင့် မော်အက္ခရာ စသည့်ဖြင့် အမျိုးအစား စုံလင်လှ၏။

လင်းဟွမ်သည် မော်အက္ခရာ အမျိုးအစားအားလုံးကို အလွတ် ကျက်မှတ်နေခဲ့ပြီး ဤသို့ဖြင့် မော်နတ်သမီးမျှော်စင် စတုတ္ထအထပ်တွင် သုံးရက် ထပ်ကြာမြင့်ခဲ့သည်။

သွေးရဲရဲလေးကမူ ဤရက်ပိုင်း အတွင်းတွင် အဆင့်ပိုမြင့်သော မော်အက္ခရာများကို ပေါင်းစပ်နေခဲ့သည်။ ထို့နောက် ထိုအရာအားလုံးကို လင်းဟွမ်ထံ မျှဝေပေးခဲ့သည်။

ထို့ကြောင့် လင်းဟွမ်သည် ပြီးပြည့်စုံသော မှော်အက္ခရာများကို အများကြီး အားစိုက်ထုတ်စရာ မလိုဘဲ နားလည်ခဲ့သည်။

နောက်ဆုံးတွင် စတုတ္ထမြောက်နေ့ မနက်ခင်း၌ လင်းဟွမ်သည် မတ်တပ်ထရပ်ပြီး ကျောက်ပြားထံ လျှောက်သွားခဲ့ပြီး ချိတ်ပိတ်ထားသော မှော်အက္ခရာကို ကြည့်ပြီး ခနဲ့တဲ့တဲ့ ပြုံးလိုက်သည်။ ဒါသည် သွေးသံရဲရဲလေး ဖော်ထုတ်ပေးထားသော မှော်အက္ခရာများထဲမှ တစ်ပင်ခု ။ ထို့နောက် ချိတ်ဖွင့် မှော်အက္ခရာကို အောက်မှအပေါ်သို့ လက်ညှိုးတစ်ချောင်း အသုံးပြု၍ ရေးဆွဲလိုက်သည်။

မှော်အကွခရာလိုင်းကြောင်း (၃၀) ဖြင့် ပြုလုပ်ထားသော မှော်အကွခရာ အသစ်စက်စက်သည် ဖွဲ့စည်းလာသည်။ မှော်အကွခရာကို ဖွဲ့စည်းပြီးသည်နှင့် မှော်အကွခရာ လိုင်းကြောင်း (၃၀) သည် ရွှေရောင် တောက်ပလာပြီး မူလမှော်အကွခရာ အပေါ်တွင် ဖုံးအုပ်သွားသည်။

ယခုအခါ၌ မူလက ချိတ်ပိတ်ထားသော မှော်အကွခရာကို မမြင်ရတော့ချေ။ တောက်ပနေသော ရွှေရောင် လိုင်းများကြားတွင် ပျောက်ကွယ်သွားခဲ့ပြီ။ ချိတ်ပိတ် မှော်အကွခရာ ပျောက်ကွယ်သွားသည်နှင့် တပြိုင်နက် ချိတ်ပွင့်သွားသည်။

ကျောက်ပြားသည် နောက်တစ်ကြိမ် အလွတ်ကြီး ပြန်ဖြစ်သွားခဲ့ပြန်သည်။

လင်းဟွမ်သည် ကျောက်တုံး မျက်နှာကြီးကို တစ်ခုခုမေးရန် လုပ်လိုက်သော်လည်း သူ့အသိစိတ်က မတူညီသော ဝင်္ကပါထဲ ရောက်ရှိနေသလိုပင်....

လင်းဟွမ် မတ်တပ်ရပ်နေသော ပထမ ကျောက်တုံးသည် ဒုတိယကျောက်တုံးနှင့် (၂၀) စင်တီမီတာ ကွာဝေးသည်။ ထို့နောက် တတိယမြောက်၊ စတုတ္ထမြောက် ကျောက်တုံးများသည် တစ်ခုနှင့်တစ်ခု စင်တီမီတာ (၂၀) စီ ကွာဝေးပြီး မျဉ်းဖြောင့်အတိုင်း တစ်တန်းတည်း ပေါ်လာသည်။

"စည်းမျဉ်းတွေကို အောက်မှာ ဖော်ပြထားတယ်.."

"ဒီအဆင့်မှာ ကျောက်တုံး (၁၀၁) တုံး ရှိတယ်။ ပထမတစ်ခုအပြင် ကျန်တဲ့ကျောက်တုံး (၁၀၀) တိုင်းမှာ ပြီးပြည့်စုံတဲ့ မှော်အကွခရာ တစ်ခုစီရှိတယ်။ အများဆုံး မှော်အကွခရာ လိုင်းကြောင်း (၃၆) ခုနဲ့ ဖွဲ့စည်းထားတယ်။ ကျောက်တုံး တစ်တုံးစီက မှော်အကွခရာတွေကို ဖွင့်ဖို့အတွက် အချိန် (၃) မိနစ်ရမယ်။ တကယ်လို့ (၃) မိနစ်အတွင်းမှာ မှော်အကွခရာ ပြီးဆုံးအောင် မဖွဲ့နိုင်ရင် ကျောက်တုံး ကျိုးပဲ့သွားလိမ့်မယ်"

"တကယ်လို့ အဲ့ဒီလိုဖြစ်သွားရင် ပထမဦးဆုံး ကျောက်တုံးကို ပြန်ပို့မယ်၊ နောက်တစ်ခါ အသစ်ကနေ

ပြန်လုပ်ရမယ်။ မင်း ကုတ်ဖြေရမယ့် ကျောက်တုံးတွေလည်း ပြောင်းသွားလိမ့်မယ်။ မင်းကို မှော်အက္ခရာ တစ်မျိုးတည်း ထပ်ခါထပ်ခါ လုပ်ခွင့် မပေးဘူး။ တစ်မျိုးကို တစ်ခေါက်ပဲ ဖြေခွင့်ရှိတယ်။ ကုတ်ဖွင့်ဖို့အတွက် အဆင့်မြင့် မှော်အက္ခရာနဲ့ မှော်အက္ခရာလိုင်းကြောင်း (၃၆) ထက်ပိုတဲ့ မှော်အက္ခရာတွေကို အသုံးပြုခွင့် ရှိတယ်"

စည်းကမ်းချက်များကို ကြေငြာပြီးနောက် ကောင်းကင်ပေါ်တွင် အချိန်ကို စတင် ရေတွက်လိုက်သည်။ လင်းဟွမ်ရှေ့မှ ဒုတိယ ကျောက်တုံးပေါ်တွင် စုန်းအတတ် မှော်အက္ခရာ

ပေါ်လာသည်။ ရေတွက်မှု ပြီးဆုံးသွားသည်နှင့် တပြိုင်နက် မှော်အက္ခရာက ရှင်းရှင်းလင်းလင်း ထင်ရှားလာသည်။

ဒါသည် အခြေခံ မှော်အက္ခရာလိုင်း (၃၆) ခုနှင့် ဖွဲ့စည်းထားသော မှော်အက္ခရာ တစ်ခုပင်။

လင်းဟွမ်သည် သေသေချာချာ လေ့လာပြီးနောက် ကုတ်ဖွင့်နိုင်မည့် ပြီးပြည့်စုံသော မှော်အက္ခရာတစ်ခုကို တွေးလိုက်မိသည်။

“မီးဂုဏ်သတ္တိ မှော်အက္ခရာလား။ ငါ့ကို တစ်ခါတည်း မနင်းလိုက်ဖို့ သတိပေးတာလား”

လင်းဟွမ်သည် ကိုယ့်ကိုယ်ကို တိုးတိုးလေး ရေရွတ်ပြီးနောက် မကြာခင် နည်းဗျူဟာကို တွေးလိုက်မိသည်။

"ဒီမှော်အကွ္ခရာအတွက် အခြေခံ မှော်အကွ္ခရာကို သုံးရတာ အလွယ်ဆုံးပင် ။ ဒါက မီးဂုဏ်သတ္တိ မှော်အကွ္ခရာဆိုတော့ ငါက နှင်းရေခဲ ဂုဏ်သတ္တိရှိတဲ့ မှော်အကွ္ခရာကို အသုံးပြုရမယ်"

လင်းဟွမ်သည် ထိုအချက်ကို တွေးတောပြီးနောက် ငုတ်တုတ်ထိုင်ချလိုက်ကာ ကျောက်တုံးပေါ်တွင် နှင်းရေခဲ ဂုဏ်သတ္တိ မှော်အကွ္ခရာကို ချက်ချင်း ရေးဆွဲလိုက်သည်။ (၂) မိနစ်ခန့် ကြာသောအခါ မှော်အကွ္ခရာလိုင်း (၃၆)

ခုနှင့် ဖွဲ့စည်းထားသော နှင်းရေခဲ မှော်အကွခရာတစ်ခု ရေးဆွဲ၍ ပြီးသွားခဲ့ပြီ။

နှင်းရေခဲ မှော်အကွခရာ ဖွဲ့စည်းပြီးသွားသည်နှင့် တပြိုင်နက် ပြီးပြည့်စုံသော မှော်အကွခရာ နှစ်ခုလုံး ပျောက်ဆုံးသွားကာ ထိုကျောက်တုံးက ဗလာ ဖြစ်သွားခဲ့သည်။

ထို့နောက် လင်းဟွမ်သည် ရှေ့သို့ ခြေတစ်လှမ်း တိုးပြီး တတိယမြောက် ကျောက်တုံးပေါ် လမ်းလျှောက် သွားသည်။ တတိယမြောက် ကျောက်တုံးပေါ်တွင် မှော်အကွခရာတစ်ခု ဖြည်းဖြည်းချင်း ပေါ်လာသည်။ ဤတစ်ကြိမ်တွင် လင်းဟွမ်သည် ပုံရိပ်ယောင်

မှော်အကျွရာတစ်ခု ဖြစ်ကြောင်း ချက်ခြင်း ပြောနိုင်ခဲ့ပြီး ပုံရိပ်ယောင်ကို ဖြိုခွင်းနိုင်မည့် မှော်အကျွရာတစ်ခုကို ရေးဆွဲရန် လိုအပ်သည်။ ခေါင်းထဲတွင် အသင့်တော်ဆုံး မှော်အကျွရာတစ်ခုကို စဉ်းစားမိသည်နှင့် ချက်ချင်း ချဆွဲလိုက်သည်။

တတိယမြောက် ကျောက်တုံးကို ဖြေရှင်းပြီးနောက် စတုတ္ထမြောက် ကျောက်တုံးပေါ်တွင် မှော်အကျွရာတစ်ခု ပေါ်လာသည်။ ဒါသည် ဟင်းလင်းပြင် ဂုဏ်သတ္တိ မှော်အကျွရာပင် ။ လင်းဟွမ်က ဟင်းလင်ပြင် ရပ်တန့်ခြင်း မှော်အကျွရာတစ်ခု အသုံးပြု၍ ကုတ်ဖြေလိုက်သည်။

နောက်ပိုင်းသို့ ရောက်လာသည်နှင့်အမျှ ကျောက်တုံးတွေ ပိုမိုများပြားသော မှော်အကွခရာ မျိုးစုံ ပေါ်လာခဲ့သည်။ ကံကောင်းသည်မှာ လင်းဟွမ်က စမ်းသပ်မှုမစခင် လုံလောက်အောင် ကျက်မှတ်ထားခဲ့သည်။ သွေးရဲရဲလေးက အရာအားလုံးကို အမျိုးအစား ခွဲခြားပေးခဲ့သောကြောင့် လင်းဟွမ် လုပ်ရသည်မှာ မည်သည့် မှော်အကွခရာ အမျိုးအစားလဲ ဆိုသည်ကို စဉ်းစားရခြင်းပင်။ အကျိုးသက်ရောက်မှုကို စဉ်းစားပြီးသည်နှင့် ကုတ်ဖြေမည့် မှော်အကွခရာကို အသုံးပြုနိုင်သည်။

ကျောက်တုံး တစ်တုံးစီတွင် (၃) မိနစ် အချိန် ပေးထားသည်။ အစပိုင်းတွင် မှော်အက္ခရာကို ကုတ်ဖြေရန် (၂) မိနစ်ပတ်လည်သာ လိုအပ်ခဲ့သော်လည်း နောက်ပိုင်းတွင် သင့်တော်သော ကုတ်ဖြေမည့် မှော်အက္ခရာကို ရှာတွေ့ပြီး ဖြေဆိုနေရင်း ပိုမို မြန်ဆန်လာကာ တစ်မိနစ်ပတ်လည် အတွင်းမှာပင် အောင်မြင်နိုင်ခဲ့သည်။

လင်းဟွမ်သည် ကျောက်တုံးများပေါ်က မှော်အက္ခရာ (၁၀၀) ကို ကုတ်ဖြေရန်အတွက် (၂) နာရီပင် မပြည့်သော အချိန်သာ အသုံးပြုခဲ့ရသည်။ နောက်ဆုံး ကျောက်တုံးပေါ် ရောက်သွားသောအခါ မည်သည့်နေရာမှ ထွက်လာမှန်း

မသိသော ရွှေရောင်အလင်းတန်း တစ်ခုက ပျံ့သန်းလာပြီး သူ့ခေါင်းထဲ တိုးဝင်သွားသည်။

လင်းဟွမ်သည် မည်သည့်အရာလဲ ဆိုသည်ကို ကောင်းကောင်း မတွေ့လိုက်ခင် မျှော်စင်၏ စတုတ္ထအထပ်ကို ပြန်ရောက်လာသည်။ သူ့ခန္ဓာကိုယ်ကို ကြည့်လိုက်ရာ ရွှေရောင် တောက်ပနေကြောင်း တွေ့လိုက်ရသည်။

ဒါသည် ပြီးပြည့်စုံသော မှော်အကွ္ခရာ အပြည့်အစုံ (၁၀,၀၀၀) ကျော်ပင် ။

သွေးရဲရဲလေးက မှော်အကွခရာ နယ်ပယ်တွင် အပြည့်အဝ ကျွမ်းကျင်နေပြီ ဖြစ်သောကြောင့် ထိုအရာအားလုံးက အသုံးမဝင်တော့ပေ။

"ပြီးပြည့်စုံတဲ့ မှော်အကွခရာ တွေလား။ နောက်တစ်ဆင့်မှာ သွေးရဲရဲလေး စုဆောင်းဖို့အတွက် ဘာတွေ ပေးမလဲ ကြည့်ရအောင်."

လင်းဟွမ် စိတ်လှုပ်ရှားနေသည်။

# အခန်း(၇၀၀) - တစ်မူ ထူးဆန်းသော မှော်အကွရာ။

လင်းဟွမ်သည် နတ်သမီးမျှော်စင် စတုတ္ထအထပ်ကို ဖြတ်ကျော်ပြီးနောက် ပဥ္စမအထပ်ကို ရောက်လာခဲ့ပြီ၊ ဒါသည် ပုံစံအမျိုးမျိုး အလှဆင်ထားသော ရဲတိုက်တစ်ခု ဖြစ်ကာ စတုတ္ထအဆင့်နှင့် ဆင်တူသည်။ ကျောက်ပြားပေါ်တွင် ချိတ်ပိတ်ထားသော မှော်အကွရာလည်း ရှိနေသေးသည်။ သို့သော်လည်း ယခုလက်ရှိ မှော်အကွရာကမူ မှော်အကွရာလိုင်း (၇၂) ခုဖြင့် ဖွဲ့စည်းထားပြီး ယခင်ကထက် ပိုမို ရှုပ်ထွေး၏။

လင်းဟွမ်သည် စတုတ္ထ အထပ်ကို ဖြတ်ကျော်ခဲ့သောကြောင့် ဤအဆင့်နှင့် ရင်းနှီးနေသည်။ မကြာခင် သူ့ခေါင်းထဲတွင် ကုဒ်ဖြည်မည့် မှော်အက္ခရာ တစ်ခုကို ရှာတွေ့ခဲ့ပြီး ကျောက်တုံးပေါ်တွင် စတင် ရေးဆွဲလိုက်သည်။

မှော်အက္ခရာလိုင်း (၇၂) ခုနှင့် ဖွဲ့စည်းထားသည့် ပြီးပြည့်စုံသော မှော်အက္ခရာကို ဖွဲ့စည်းပြီးနောက် ချိတ်ပိတ်ထားသော မှော်အက္ခရာ ပျောက်ကွယ် သွားပြီးနောက် လင်းဟွမ်၏ အသိစိတ်ကို ကြီးမားသော နေရာလွတ်ထဲ ပို့လိုက်သည်။ ဤတစ်ကြိမ်တွင်လည်း ကျောက်တုံးပေါ်မှ မှော်အက္ခရာများကို ကုတ်ဖြည်ရန်

မှော်အက္ခရာများကို ရေးဆွဲရမည် ဖြစ်သော်လည်း အရေအတွက်က ယခင်ကထက် သုံးဆ ပိုများလာပြီး ကျောက်တုံး (၃၀၀) ရှိကာ ကျောက်တုံး တစ်တုံးစီကို အချိန် (၅) မိနစ် ပေးထားသည်။

ကျောက်တုံးပေါ်ရှိ မှော်အက္ခရာများကို သူ့ခေါင်းထဲတွင် အလွတ် ကျက်မှတ်ထားသော မှော်အက္ခရာများနှင့် ဖြေရှင်းခဲ့သည်။ ထို့နောက် ရွှေရောင် အလင်းတန်းက သူ့ခေါင်းကို ထိမှန်သွားခဲ့သည်။ မျှော်စင်ကို နောက်တစ်ကြိမ် ပြန်ရောက်သောအခါ နောက်တစ်နေ့ မနက် (၆) နာရီ ရှိနေပြီ။ ထို့နောက် သူရရှိခဲ့သော ဆုလဒ် မှော်အက္ခရာ (၃,၀၀၀) ကို

ကြည့်လိုက်သည်။ ထိုအထဲမှ (၁၆) ခုက သွေးရဲရဲလေး၏ အခြေခံ ဗဟုသုတထဲတွင် မရှိချေ။

လင်းဟွမ်သည် ကျောက်ပြားပေါ်တွင် မတ်တပ်ရပ်ပြီး ထူးဆန်းသော မှော်အက္ခရာ (၁၆) ခုကို သေသေချာချာ အလွတ် ကျက်လိုက်သည်။ ခဏအကြာ မျက်လုံး ပြန်ဖွင့်ပြီး လက်ဖဝါးကို ကျောက်ပြားပေါ် တင်လိုက်သည်။

ထို့နောက် သူ့ကို နတ်သမီးမျှော်စင်၏ အဆင့် (၆) သို့ပို့လိုက်သည်။ ဤတစ်ကြိမ်တွင် စိန်ခေါ်မှုကို ချက်ချင်း မစတင်ခဲ့ပေ။

ထို့အစား တဲကို ထုတ်ယူပြီး ထိုနေရာတွင် အိပ်လိုက်သည်။ ကံကြမ္မာစွမ်းအင်များ ကုန်ဆုံးနေသည့်အပြင် မှော်အကွခရာလိုင်း တစ်ခုချင်းစီက ရှုပ်ထွေးလွန်း၍ ပင်ပန်း နွမ်းနယ်လွန်းလှ၏။ ထို့အပြင် အမှားအတွက် အချိန် မရှိပေ။ မှော်အကွခရာ ဆိုသည်မှာလည်း တစ် မီလီမီတာ ခန့်မှားသွားသည်နှင့် အလုပ် မလုပ်တော့ချေ။ ထို့အပြင် ညကလည်း မအိပ်ခဲ့ရသဖြင့် စိန်ခေါ်မှု ပြန်မစခင် အနားယူချင်သေးသည်။

သူ့ကို စောင့်ကြည့်နေသော ကျောက်တုံး မျက်နှာကြီးသည် ကြောင်သွားကာ အနားယူနေသော

လင်းဟွမ်ကိုကြည့်ပြီး ခေါင်းရှုပ်သွားသည်။ လင်းဟွမ်က အိပ်စက်လိမ့်မည်ဟု မမျှော်လင့် ထားခဲ့ပေ။ သို့သော်လည်း သူလုပ်နိုင်သည်မှာ စိတ်ရှည်ရှည် စောင့်ဆိုင်းခြင်းပင်။

လင်းဟွမ်သည် ညနေ (၅) နာရီအထိ အိပ်ခဲ့ပြီး အဆာပြေ မုန့်စားပြီးနောက် တဲကိုပြန်သိမ်းကာ ကျောက်ပြားထံ လျှောက်သွားလိုက်သည်။

ဆဌမအဆင့် ကျောက်ပြားကိုလည်း မှော်အက္ခရာ တစ်ခုနှင့် ချိတ်ပိတ်ထားသည်။ သို့သော်လည်း ဤတစ်ကြိမ်တွင် မှော်အက္ခရာကို အခြေခံ မှော်အက္ခရာလိုင်း (၁၀၈) ခုနှင့် ဖွဲ့စည်းထား၏။

လင်းဟွမ်သည် မှော်အကၡရာကို လေ့လာပြီးနောက် ပို၍ ရှုပ်ထွေးရုံသာမက ရင်းနှီးမှု မရှိကြောင်း တွေ့လိုက်ရသည်။

သူ အလွတ်ကျက်ထားသော မှော်အကၡရာ မုန်သမျှကို စဉ်းစားပြီးနောက် သွေးရဲရဲလေး၏ ဗဟုသုတထဲတွင် မပါဝင်ကြောင်း သဘောပေါက်သွားသည်။ ထို့နောက် သွေးရဲရဲလေးကို ဆင့်ခေါ်ပြီး ကျောက်ပြားပေါ်မှ မှော်အကၡရာကို ကြည့်ခိုင်းလိုက်သည်။

“ဒါက နောက်ဆုံးအကြိမ် ငါ လေ့လာထားတဲ့ မှော်အကၡရာ ငါးသောင်းထဲမှာ မပါဘူး။ ဒါပေမယ့် အဲ့ဒါကို ကုတ်ဖြေဖို့လည်း မခက်ဘူး”

ထို့နောက် သွေးရဲရဲလေးက မှော်အကွခရာကို ကုတ်ဖြည့်ရမည့် ပုံစံအား လင်းဟွမ်ကို ဝေမျှ ပေးလိုက်သည်။

လင်းဟွမ်သည် ကျောက်ပြားပေါ်ရှိ မှော်အကွခရာအား ကုတ်ဖြည့်ရမည့် သွေးရဲရဲလေး မျှဝေသော မှော်အကွခရာကို အလွတ် ကျက်မှတ်လိုက်သည်။

လင်းဟွမ်သည် သွေးရဲရဲလေးကို ပြန်သိမ်းပြီးနောက် ကျောက်ပြားပေါ်တွင် ကုတ်ဖြည့်သော မှော်အကွခရာကို ရေးဆွဲလိုက်သည်။ သိပ်မကြာခင် မှော်အကွခရာ ပျောက်ကွယ်သွားပြီး လင်းဟွမ်၏ အသိစိတ်လည်း ကျောက်ပြားထဲ နောက်တစ်ကြိမ် ဝင်သွားသည်။

ဤတစ်ကြိမ်တွင် ကျောက်တုံးပေါင်း (၅၀၀) ရှိနေပြီး ကျောက်တုံး တစ်ခုစီတိုင်းတွင် ပြီးပြည့်စုံသော မှော်အက္ခရာ ရှိနေကာ ထိုမှော်အက္ခရာများကို အခြေခံ မှော်အက္ခရာလိုင်း (၁၀၈) ခုနှင့် ဖွဲ့စည်းထားပြီး ဖြေရှင်းရန် အချိန် (၁၀) မိနစ် ပေးထားသည်။

လင်းဟွမ်သည် ချက်ချင်း ဖြေရှင်းခဲ့ပြီး ကျောက်တုံး (၁၈) ခုအထိ အဆင်ပြေပြေ ချောချောမွေ့မွေ့ ဖြတ်သန်းနိုင်ခဲ့သည်။ သို့သော်လည်း ယခင်က တစ်ခါမှ မမြင်ဖူးသော မှော်အက္ခရာ (၃၄) ခုရှိသေးနေသည်။ ထို့နောက် သွေးရဲရဲလေး၏ ဗဟုသုတထဲတွင် မပါဝင်ကြောင်း သဘော ပေါက်သွားသည်။

သူ၏ အသိစိတ်သာ ရှိနေသောကြောင့် သွေးရဲရဲလေးအား ဆင့်မခေါ်နိုင်မည်ကို စိုးရိမ်လာသည်။ သို့သော်လည်း စိုးရိမ် ပူပန်နေစရာ မလိုကြောင်း သဘော ပေါက်သွားသည်။

"နောက်တစ်ခုကို မဖော်ထုတ် နိုင်တော့ဘူး..."

လင်းဟွမ်သည် အားတင်းပြီး ပြုံးလိုက်သည်။

သွေးရဲရဲလေးက ပတ်ဝန်းကျင်ကို ဇဝေဇဝါ လှမ်းကြည့်နေသည်။ သို့သော်လည်း မည်သည့်စကားမျှ မမေးဘဲ ကျောက်တုံးပေါ်မှ မှော်အကွက်ရာကို စတင် စိုက်ကြည့်လိုက်သည်။

"ဒါက ပုံရိပ်ယောင် မှော်အကွချရာ တစ်ခုပဲ။ နည်းနည်းလေး ရှုပ်ထွေးနေတာပဲ ရှိတယ်"

သို့သော်လည်း သုံးမိနစ်အတွင်းမှာပင် သွေးရဲရဲလေးက မှော်အကွချရာကို ကုတ်ဖြည်နိုင်ခဲ့သည်။

လင်းဟွမ်က အလွတ် ကျက်မှတ်ခဲ့ပြီး ကျောက်ပြားပေါ်တွင် စတင် ရေးဆွဲလိုက်သည်။

ခေါင်းထဲတွင် အလွတ်ရအောင် ကျက်မှတ်ခဲ့သောကြောင့် ရေတွက်မှု ပြီးဆုံးရန် နှစ်စက္ကန့်ခန့် အလိုတွင် ပြီးစီးအောင် ရေးဆွဲနိုင်ခဲ့သည်။ (၃၅) ခုမြောက် ကျောက်တုံးပေါ် ရောက်သောအခါ သွေးရဲရဲလေးကို ပြန် မသိမ်းခဲ့ပေ။

"ပြန် မသွားနဲ့တော့။ ငါ့အဆင့်နဲ့ဆိုရင် (၁၀) ပုံ (၁) ပုံတောင် မပြီးနိုင်ဘူး။ နောက်ပြီးတော့ ငါ မရင်းနှီးတဲ့ မှော်အက္ခရာတွေ ပိုပို များလာပြီ"

သွေးရဲရဲလေးက ခေါင်းညိတ်ပြီး လင်းဟွမ်၏ ဘယ်ဘက်လက်မောင်းတွင် ရစ်ခွေနေလိုက်သည်။

(၄၅) ကြိမ်မြောက်တွင် လင်းဟွမ်သည် မရင်းနှီးသော မှော်အက္ခရာ နောက်တစ်ခုနှင့် ထပ်မံ တွေ့ဆုံလိုက်ရသည်။ သူ စဉ်းစားနေစဉ် သွေးရဲရဲလေးက

"ဒါကို အရင်က တစ်ခါမှ မမြင်ရဖူးဘူး။ ဘယ်လို ကုတ်ဖြေ ရမလဲဆိုတာ စဉ်းစား လိုက်အုံးမယ်"

ငါးစက္ကန့် မပြည့်ခင် သွေးရဲရဲလေးက ကုတ်ဖြေသော မော်အကၡရာကို ထုတ်ပေးလိုက်သည်။

ထိုနောက်ပိုင်းတွင် သူတို့သည် ရင်းနှီးခြင်း မရှိသေးသော မော်အကၡရာ (၂၈) ခုနှင့် ကြုံတွေ့ခဲ့ရသည်။ လင်းဟွမ်က စစ်ဆေးစရာပင် မလိုတော့ချေ။ အကြောင်းမူ သွေးရဲရဲလေးက ယခင်က မမြင်ဖူးသည့် မော်အကၡရာများ ဖြစ်နေပါက ကုတ်ဖြေမည့် မော်အကၡရာများကို တိုက်ရိုက် ထုတ်ပေးနေသောကြောင့်ပင်...။

ဤကဲ့သို့ဖြင့် လင်းဟွမ်သည် သွေးရဲရဲလေး၏ အကူအညီနှင့် ကျောက်တုံး (၅၀၀) ကို ဖြတ်ကျော်နိုင်ခဲ့သည်။

(၅၀၁) ခုမြောက် ကျောက်တုံးပေါ်တွင် မတ်တပ်ရပ်လိုက်သည်နှင့် ရွှေရောင် အလင်းတန်းတစ်ခုက လင်းဟွမ် မျက်ခုံးနှစ်ခုကြားထဲ ဝင်ရောက်သွားပြီး သူ့ကို နေရာလွတ်ထဲမှ ပြန်ထုတ်ပေးလိုက်သည်။

နတ်သမီးမျှော်စင်၏ ခြောက်ထပ်မြောက်သို့ ပြန်ရောက်သောအခါ သူတို့ရရှိခဲ့သော မှော်အကွခ်ရာကို ထုတ်ကြည့်လိုက်သည်။

ဤ၊တစ်ကြိမ်တွင် သူတို့ရရှိခဲ့သော မော်အကျွရာငါးသောင်းကျော်အနက် တစ်ဝက်ခန့်က လင်းဟွမ်နှင့်မရင်းနီးပေ။ ထိုကြောင့် နေရာင်ဖြာကျနေသောနေရာတစ်ခုကိုရှာပြီး ထိုင်ရန် ဆုံးဖြတ်လိုက်သည်။

ဤ၊ကဲ့သို့ဖြင့် နှစ်ရက် ကုန်လွန်သွားသည်။

လင်းဟွမ်သည် သူ မသိသေးသော မော်အကျွရာများကိုကျက်မှတ်နေခဲ့သည်။ နောက်ဆုံးတွင် ရင်းနှီးကျွမ်းဝင်ခြင်းမရှိသေးသော မော်အကျွရာ နှစ်သောင်းကျော်ကို အလွတ်ကျက်မှတ်နိုင်ခဲ့ပြီး တတိမြောက်နေ့ မနက်တွင် မျက်စိပြန်ဖွင့်လိုက်သည်။

“မှော်နတ်သမီး မျှော်စင်ထဲ ရောက်နေတာ တစ်ပတ်တောင် ရှိနေပြီ။ အခုမှ အဆင့် (၆) ပဲ ရောက်သေးတယ်”

လင်းဟွမ်သည် အင်ပါယာနှလုံးသား လက်စွပ်ပေါ်မှ နာရီကိုကြည့်ပြီး စိုးရိမ်နေသည်။ ဤဟင်းလင်းပြင် အပျက်အစီးထဲတွင် တစ်လသာ နေနိုင်သည်။ ထို့နောက် မတ်တပ်ထရပ်ပြီး ကျောက်ပြားပေါ် လက်ဖဝါး တင်လိုက်သည်။

မကြာခင် သူ့ခန္ဓာကိုယ်က ဆဌမမြောက် အထပ်မှ ပျောက်ကွယ် သွားပြန်သည်။

# အခန်း(၇၀၁) - မော်တာအို စာအုပ်။

မော်နတ်သမီး မျှော်စင်၏ ခုနစ်ထပ်မြောက်မှာ သစ်သားအခန်း ဖြစ်သည်။ ကြည့်ရသည်မှာ သိပ်မကျယ်ပေ။ ပြင်ဆင်မှုက ရိုးရိုးရှင်းရှင်းသာ....။ ဒါသည် အစပိုင်းက ရဲတိုက်၏ ဇိမ်ခံအပြင်အဆင်နှင့် လုံးဝဆန့်ကျင်ဘက် ဖြစ်နေသည်။

လင်းဟွမ်သည် ပတ်ပတ်လည်ကို လျင်မြန်စွာ ကြည့်ပြီးနောက် သူ့ရှေ့တွင်ရှိနေသော ကျောက်ပြားကို အာရုံစိုက်လိုက်သည်။ ယခင် ကျောက်ပြားများကဲ့သို့ ရွှေရောင်အလင်းများ တောက်ပနေသည်။ သို့သော်လည်း

ယခုလက်ရှိတွင် အဆင့်မြင့် မှော်အကျွရာလိုင်း (၃၆) ခုနှင့် ဖွဲ့စည်းထားသဖြင့် လင်းဟွမ်၏ မျက်ခုံးနှစ်ဖက် မြင့်တက်သွားသည်။

ဒါက ချိတ်ပိတ် မှောက်အကျွရာ မဟုတ်ကြောင်း သူပြောနိုင်သည်။ အခြား တစ်ခုခုသာ ဖြစ်လိမ့်မည်။ သို့သော်လည်း သွေးရဲရဲလေးကို မဆင့်ခေါ်ခဲ့သလို အပေါ်ဘက်က ကျောက်တုံး မျက်နှာကြီးကိုလည်း မမေးခဲ့ပေ။ သစ်သား အခန်းထောင့်တွင် ထိုင်ပြီး အဆင့်မြင့် မှော်အကျွရာ သုံးသောင်းနှင့် ပိုအဆင့်မြင့်သော မှော်အကျွရာများကို ကျက်မှတ်လိုက်သည်။

ဤကဲ့သို့ဖြင့် (၃) ရက် ကုန်ဆုံးသွားခဲ့သည်။ နောက်ဆုံးတွင် သွေးရဲရဲလေးနှင့် မျှဝေခဲ့သော မှော်အက္ခရာ အားလုံးကို အလွတ် ကျက်မှတ်နိုင်ခဲ့သည်။

စတုတ္ထမြောက်နေ့ ညသန်းခေါင်ယံ အချိန်……

လင်းဟွမ် မျက်လုံးပြန်ပွင့်လာပြီး ကျောက်ပြားထံ လျှောက်သွားလိုက်သည်။ ယခုအခါ၌ မှော်အက္ခရာက ဘာကို ဆိုလိုချင်ကြောင်း သူနားလည်သွားပြီ။

"ဒါက ဖိတ်ခေါ်ခြင်း မှော်အက္ခရာတစ်ခုပဲ"

မှော်ဆရာက ဖိတ်ခေါ်ခြင်း မှော်အက္ခရာတစ်ခု ပေးပို့ထားသည်။ မှော်အက္ခရာ ဖတ်နိုင်သည့် လူများကသာ ဖတ်ခေါ်ခြင်း မှော်အက္ခရာကို ကုတ်ဖြေ

နိုင်လိမ့်မည်။ ဒါသည် အထူး ပြုလုပ်ထားသော ဝင်ရောက်ခွင့် သော့တစ်ချောင်းနှင့် တူသည်။

လင်းဟွမ်က ခနဲ့တဲ့တဲ့ ပြုံးလိုက်သည်။ စုန်းအတတ် မှော်အကျွဲရာများကို ပိုမို လေ့လာ လာသည်နှင့်အမျှ မှော်ဆရာက စိတ်ဝင်စားစရာကောင်းသော အလုပ်တစ်ခု ဖြစ်ကြောင်း တွေးလိုက်မိသည်။ ဖိတ်ခေါ်ခြင်း မှော်အကျွဲရာမှာ သွေးရဲရဲလေး ဖော်ထုတ်ပေးခဲ့သော မှော်အကျွဲရာ များထဲမှ တစ်ခုပင် ။

ခဏအကြာ ကုတ်ဖြေသော မှော်အကျွဲရာကို ခေါင်းထဲမှ စဉ်းစားလိုက်ပြီး ကျောက်ပြားပေါ်တွင် ရေးထွင်းလိုက်သည်။ ခဏအကြာ ဖိတ်ခေါ်ခြင်း

မှော်အကွခရာက ကြယ်အဖြစ် ပြောင်းလဲကာ ကောင်းကင်ပေါ် ပျံတက်သွားပြီးနောက် ရွှေရောင် တံခါးကြီး ပေါ်လာသည်။

လင်းဟွမ်သည် ဒါက ဖိတ်ကြားခြင်း မှော်အကွခရာ၏ အကျိုးသက်ရောက်မှု ဖြစ်ကြောင်း သိသော်လည်း တံခါးကို မြင်သောအခါ အံ့ဩမှင်တက်နေဆဲပင်။ ထို့နောက် တုံ့ဆိုင်းခြင်းမရှိဘဲ တံခါးကိုဖွင့်ပြီး လမ်းလျှောက်ဝင်သွားသည်။

ခြေလှမ်းကို ရပ်တန့်လိုက်လျှင် ကြီးမားသော တိုက်ပွဲ စင်မြင့်တစ်ခု ပါလာသည်။ စင်မြင့် ပတ်လည်တွင် ထိုင်ခုံပေါင်း ရာနှင့်ချီပြီး ရှိ၏။ ထိုနေရာတွင်

ဝတ်ရုံအမျိုးမျိုး ဝတ်ဆင်ထားသော ရှေးခတ်အဖွဲ့ဝင်များ ထိုင်နေကြသည်။ ပရိတ်သတ်များ၏ နေရာက လေထဲရောက်အောင် မြင့်မားနေပြီး ထိုထိုင်ခုံပေါ်တွင် ထိုင်နေသော လူများက စိတ်လှုပ်ရှားစွာ အော်ဟစ်နေကြသည်။

"ဒါက ဘာလဲ"

လင်းဟွမ်သည် ထိုမြင်ကွင်းကို မြင်လိုက်လျှင် အံ့ဩသင့်သွားသည်။ မည်သည့်အရာများ ဖြစ်ပျက်နေလဲဆိုသည်ကို နားလည်အောင် ကြိုးစားနေစဉ် အမျိုးသမီးတစ်ယောက်၏ အသံက အပေါ်ဘက်မှ ထွက်ပေါ်လာသည်။

"ဒါက အချိန်မြစ်ကြီးကို ရောင်ပြန်ဟပ်ထားတဲ့ မှော်တိုက်ပွဲကွင်းပြင် စင်မြင့်ပဲ။ မင်းက ရှေးခေတ် မှော်ဆရာတွေနဲ့ တိုက်ခိုက်ရမယ်။ တိုက်ပွဲ (၁၀၀) ဆက်တိုက် အနိုင်ရရင် ဒီအဆင့်ကို ဖြတ်ကျော်နိုင်မယ်"

" ပြိုင်ဘက်ကို သတ်ပစ်နိုင်ရင် မင်းကို အောင်နိုင်သူလို့ သတ်မှတ်မယ်။ တကယ်လို့ မင်း ရှုံးသွားရင် မင်းရဲ့ ဆက်တိုက် အနိုင်ရရှိမှုက အဆုံးသတ်သွားပြီလို့ ယူဆပြီး အစကနေ နောက်တစ်ကြိမ် ပြန်တိုက်ခိုက် ရမယ်"

"ငါ့ရဲ့ အသွေးအသားတွေက ပါမလာတော့ တကယ်လို့ ငါ ရှုံးသွားရင် မသေဘူးပေါ့"

လင်းဟွမ်က မေးလိုက်သည်။

"မသေဘူး။ မင်းရဲ့ ခန္ဓာကိုယ် အစစ်အမှန်က နတ်သမီးမျှော်စင် ခုနစ်ထပ်မြောက်မှာ ရှိနေတုန်းပဲ။ ဒါက မင်းရဲ့ အသိစိတ် ပုံရိပ်ယောင်ပဲ။ ဒါကြောင့် ဒီနေရာမှာ သေရင် မင်းရဲ့အသိစိတ်ကို ပြန်ဖန်တီးပေးမယ်"

"ဒါဆိုရင် တိုက်ပွဲ ကွင်းပြင်ထဲမှာ တစ်ခြား ကန့်သတ်ချက်တွေ ရှိသေးလား"

လင်းဟွမ်က မေးလိုက်သည်။

"မှော်ပညာကိုပဲ အသုံးပြုလို့ရမယ်။ တခြား စွမ်းရည်တွေ သုံးလို့မရဘူး။ ဒီအချက်ကလွဲရင် ဘာကန့်သတ်ချက်မှ မရှိဘူး"

"ငါက မော်ဆရာ မဟုတ်ဘူး။ မော်အကျွရာ တချို့လောက်ပဲ သင်ဖူးတယ်။ နောက်ပြီးတော့ စုန်းအတတ်ကိုလည်း တစ်ခါမှ မသုံးဖူးဘူး။ တခြား စွမ်းရည်တွေ မသုံးရဘူးဆိုရင် ဘယ်လို တိုက်ခိုက်ရမှာလဲ"

လင်းဟွမ်သည် ဆွံ့အနေသည်။ အကြောင်းမူ သူ့ဝိညာဉ်က မော်အကျွရာ မရေးဆွဲနိုင်ပေ။ ထို့အပြင် စုန်းအတတ်ပညာနှင့် နှီးနွယ်သော စာအုပ်များ၊ လက်နက်များနှင့် ပစ္စည်းများကိုလည်း မလေ့လာ ခဲ့ဖူးချေ။

"အရင်တုန်းကတော့ မင်းက မော်ဆရာ မဟုတ်ဘူး။ ဒါပေမယ့် အခုတော့ မော်ဆရာပဲ"

ထိုအမျိုးသမီးသည် စကားပြောပြီးနောက် ရွှေရောင် အလင်းတန်း (၆) ခု ပစ်လွှတ်ပြီး စာအုပ်များအဖြစ် ပြောင်းလဲကာ လင်းဟွမ်မျက်ခုံးထဲ ဝင်ရောက်သွားသည်။ စာအုပ်မှာ ရွှေရောင်အဖုံးဖြစ်ပြီး အရွယ်ရောက်သော လူတစ်ယောက်၏ လက်ဝါးခန့် ရှိသည်။ ဒါသည် မထူသော်လည်း လင်းဟွမ် ဖွင့်ကြည့်လိုက်သောအခါ စာမျက်နှာ ထောင်ပေါင်းပါဝင်ကာ ရာနှင့်ချီသည့် ပြီးပြည့်စုံသော မှော်အက္ခရာများ ပါဝင်သည့် စာအုပ် ဖြစ်နေသည်။ အစောပိုင်းက မှော်နတ်သမီး မျှော်စင်ထဲတွင် သူရရှိခဲ့သော သွေးရဲရဲလေး ဖော်ထုတ် ပေးခဲ့သည့် မှော်အက္ခရာများထက် ပို၍ အဆင့်မြင့်သည်။

"ဒါက မှော်တာအို စာအုပ်လား"

လင်းဟွမ်သည် မှော်ဆရာ အစစ်များသာ ပိုင်ဆိုင်နိုင်သည့် မှော်တာအိုစာအုပ် သို့မဟုတ် မှော်စာအုပ်ကို တွေ့နေရသဖြင့် တုန်လှုပ်သွား၏။ သူသည် မှော်တာအိုကို မကျင့်ကြံ ခဲ့ဖူးသော်လည်း မှော်အကခ္ခရာများကို အလွတ်ကျက်မှတ် ခဲ့ဖူးသည်။

ထိုစဉ် မှော်တာအိုစာအုပ်က ရွှေရောင်အလင်းတန်း (၆) ခုအဖြစ် ပြောင်းလဲသွားပြီး သူ့စိတ်အတွင်း နက်ရှိုင်းသော အပိုင်းသို့ တိုးဝင်သွားခဲ့သည်။

"ဒါဆိုရင် အလင်းတန်း (၆) ခုနဲ့ မှော်နတ်သမီး မျှော်စင်က ငါရခဲ့တဲ့ မှော်အကွခရာတွေ ပေါင်းစည်းပြီးတော့ မှော်တာအို ဖြစ်သွားတာလား"

"ဒါအမှန်ပဲ။ မှော်နတ်သမီးရဲ့ အခြေခံအမွေခံကို မှော်နတ်သမီး မျှော်စင်ထဲမှာ ထားခဲ့တယ်။ မှော်နတ်သမီး မျှော်စင်ရဲ့ (၆) ထပ်မြောက်ကို ဖြတ်ကျော်နိုင်ခဲ့ရင် ပြီးပြည့်စုံတဲ့ မှော်တာအိုကို အမွေဆက်ခံရမယ်။ အဲ့ဒီ အမွေဆက်ခံမှုထဲမှာ မှော်ဆရာရဲ့ မှော်တာအိုစာအုပ်ကို ထပ် ပေါင်းထည့်ပေးထားတယ်။ ဒါကြောင့် မင်းက မှော်ဆရာ မဟုတ်ရင်တောင် မှော်တာအိုစာအုပ် ရသွားလို့ မှော်ဆရာ ဖြစ်လာပြီ"

လင်းဟွမ်သည် မည်သည့်နေရာကမှန်း မသိ ထွက်ပေါ်လာသော အခြား အသက်မွေးဝမ်းကြောင်း စွမ်းရည်တစ်ခုကို တတ်မြောက် လာလိမ့်မည်ဟု မထင်ထားခဲ့ပေ။ သူသည် မှော်ဆရာ မဖြစ်ချင်ပါ။ မှော်နတ်သမီး မျှော်စင်ထဲမှ မှော်နတ်သမီး ခါတ်ကြွင်းကိုသာ လိုချင်သည်။

အကြောင်းမှု မှော်အတတ်ပညာနှင့် ပက်သက်၍ နားမလည် နိုင်သောကြောင့်ပင် ။ ပထမအထပ်တွင် သူ ရရှိခဲ့သော လျှို့ဝှက် ကျမ်းစဉ်ကို လောက်လောက် လားလား သဘောပေါက်သော အခါမှသာ သူ့ကိုယ်ပိုင် မှော်အကွခရာကို ဖန်တီးနိုင်လိမ့်မည်။ အခြားတစ်ဖက်တွင်

လင်းဟွမ်သည် ထောင်နှင့်ချီသော မှော်အက္ခရာများကို နားမလည်ဘဲ အလွတ် ကျက်မှတ်ခဲ့ရသည်။ သို့သော်လည်း သူ အလွတ် ကျက်မှတ်ခဲ့သော မှော်အက္ခရာများကို မှော်တာအို စာအုပ်ထဲတွင် ရိုက်နှိပ်ထားသည်။

"မှော်တာအို စာအုပ်က သွေးရဲရဲလေးကြောင့် မှော်အက္ခရာတွေကို ငါ နားလည်နေတယ်လို့ ထင်နေတာလည်း ဖြစ်ကောင်းဖြစ်နိုင်တယ်"

လင်းဟွမ်သည် ထိုထက် ပိုကောင်းသော အကြောင်းပြချက်ကို စဉ်းစားရ မရချေ။ သူ နားမလည်သည့်အကြောင်းကို ကောင်းကောင်း သိနေသည်။

သူ နားလည်ထားသည့် အချက်အရဆိုလျှင် အမွေဆက်ခံသော မှော်တာအို စာအုပ်ကို သူက နားလည်နိုင်စွမ်းရှိနေသလို တိုက်ပွဲ စင်မြင့်ပေါ်တွင်လည်း တိုက်ခိုက်နိုင်စွမ်း ရှိလိမ့်မည်။ မှော်တာအို စာအုပ်ထဲတွင် ထောင်သောင်းနှင့်ချီသည့် ပြီးပြည့်စုံသော မှော်အက္ခရာများ ရာနှင့်ချီပြီးပါဝင်ပြီး မကြာခင် သူ ရင်ဆိုင်ရမည့် တိုက်ပွဲအတွက် လုံလောက်သည်။

သူသာ ပြီးပြည့်စုံသော မှော်အက္ခရာ အစုံ သုံးသောင်းကျော်ကို နားလည်သွားသည်နှင့် ထိပ်တန်း မှော်ဆရာတစ်ယောက် ဖြစ်လာမည့် အကြောင်းကို ကောင်းကောင်း သိနေသည်။

အကယ်၍ လူတစ်ယောက်က မှော်အက္ခရာ ငါးသောင်းထက် ပို၍ နားလည်ပါက ‘ဧ’ ပါသောအဆင့် ဖြစ်လာပြီး ရှစ်သောင်းထက် ပို၍နားလည်ပါက ပါရမီရှင် ဖြစ်လာပေလိမ့်မည်။ ရှားပါး မှော်ဆရာများကမူ မှော်အက္ခရာ တစ်သိန်းထက် ပို၍ နားလည်ကြသည်။ ယခုလက်ရှိအချိန်အထိ အသက်ရှင်ပါက မှော်နတ်သမီး တစ်ယောက် ဖြစ်လာပေလိမ့်မည်။

“ဒီအဆင့်မှာ ပြိုင်ဘက် (၁၀၀) က မင်းနဲ့ တိုက်ခိုက်ရေးအဆင့် တူတယ်။ သူတို့က အခြေခံ မှော်အက္ခရာတွေကိုပဲ အသုံးပြုလိမ့်မယ်။ အဆင့်မြင့် ဒါမှမဟုတ် ပိုမြင့်တဲ့ မှော်အက္ခရာတွေ မသုံးဘူး။

ဒါပေမယ့် မင်းကိုတော့ မကန့်သတ်ထားဘူး။ မင်း တတ်သမျှ၊ သိသမျှ မှော်အကစ္စရာတိုင်းကို အသုံး ပြုနိုင်တယ်။ မင်း မြန်မြန် မရှုံးဖို့ မျှော်လင့်တယ်”

အမျိုးသမီး၏အသံ မှေးမိန်သွားသည်နှင့် တပြိုင်နက် တိုက်ပွဲစင်မြင့်က တိတ်ဆိတ်သွားသည်။ စင်မြင့်ပေါ်တွင် ရေတွက်မှု စတင်လာသည်။

ထို့နောက် လင်းဟွမ်၏ မျက်နှာချင်းဆိုင်တွင် ပြိုင်ဘက်တစ်ယောက် ဖြည်းဖြည်းချင်း ပေါ်လာသည်။

## အခန်း(၇၀၂) - မှော်ဆရာကြီး လင်းဟွမ်။

လင်းဟွမ်၏ ပထမဆုံးပြိုင်ဘက်မှာ ရွှေရောင်ဆံပင်ကို ကျစ်ဆံမြီး ကျစ်ထားပြီး အဖြူရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် ချောမောသော လူငယ်တစ်ယောက် ဖြစ်သည်။ သူပေါ်လာသည်နှင့် တပြိုင်နက် ပရိသတ် အားလုံးက ရင်ခုန် စိတ်လှုပ်ရှားစွာ အော်ဟစ်ကြသည်။

လင်းဟွမ်သည် အစီအစဉ် ကြေငြာသူ အမျိုးသမီး ပြောခဲ့သည့်စကားကို ပြန်သတိ ရသွားသည်။ ဤတိုက်ပွဲစင်မြင့်မှာ အချိန်မြစ်ကြီးထဲတွင် ပြသနေခြင်း ဖြစ်သည်။ သူ့ပြိုင်ဘက်မှာ ထိုခေတ်အခါက

လူကြိုက်များသော လူတစ်ယောက် ဖြစ်ရလိမ့်မည်ဟု တွေးလိုက်သည်။ ပရိတ်သတ်များ၏ အံ့မခန်း အားပေး အော်ဟစ်နေမှုများက အတိတ်က ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များကို ပြန်လည် ထုတ်ဖော် ပြသနေခြင်းသာ ဖြစ်နိုင်သည်။

ဝတ်စုံဖြူဝတ်ထားသော လူငယ်သည် စင်မြင့်ပေါ်တွင် ပေါ်လာသည်နှင့် လင်းဟွမ်ကို စိုက်ကြည့်နေသည်။

"မင်းက ငါ့ ထန်ယွမ်ကို ဘယ်လိုတောင် စိန်ခေါ်ရဲတာလဲ။ သေဖို့ အဆင်သင့် ပြင်ပြီးပြီလား"

လင်းဟွမ်သည် ပြိုင်ဘက်ထံမှ ဤမျှ ရဲတင်းစွာ စိန်ခေါ်လိမ့်မည်ဟု မမျှော်လင့်ထားသဖြင့် မျက်ခုံး ပင့်လိုက်မိသော်လည်း

“နောက်ကျရင် ဘယ်သူ သေမလဲဆိုတာ ငါတို့ သိလိမ့်မယ်”

လင်းဟွမ်သည် စုန်းအတတ်ပညာဖြင့် မည်သူ့ကိုမျှ မတိုက်ခိုက်ခဲ့ ဖူးသော်လည်း အင်ပါယာအဆင့်၊ နတ်ဘုရားတစ်ပိုင်းအဆင့်များနှင့်ပင် ရင်ဆိုင် တွေ့ကြုံခဲ့ဖူးသောကြောင့် အတွေ့အကြုံ ကြွယ်ဝသည်။ သူနှင့် တိုက်ခိုက်ရေး အဆင့်တူသော မှော်ဆရာမှာ သူ့အတွက် ဘာမှမဟုတ်ချေ။ အဆိုပါတိုက်ပွဲသည်

ပရိတ်သတ် ဝက်ဝက်ကွဲ အားပေးသော ဖျော်ဖြေမှုတစ်ခုမျှသာ.....

မကြာခင် ရေတွက်မှု ပြီးဆုံးသွားခဲ့ပြီ။

ထန်ယွမ်က အထင်သေးသလို နှာတစ်ချက်ရှုတ်လိုက်ပြီးနောက် အဖြူရောင် အုပ်ထားသော မှော်စာအုပ် တစ်အုပ်က သူ့ရှေ့တွင် ပေါ်လာသည်။ ညာဘက်လက်ကို ဆန့်ထုတ်၍ စာအုပ်ကိုထိလိုက်လျှင် စာအုပ်ဖုံးက သူ့ဘာသာသူ ပွင့်သွားပြီး စာရွက်ထဲမှ အနီရောင် မှော်အက္ခရာသည် မီးတောက်စပါးအုံးမြွေအဖြစ် အသွင်ပြောင်းသွားသည်။ ထို့နောက် မီးတောက်

စပါးအုံးမြွေသည် (၁၀) မီတာအကွာတွင် ရှိနေသော လင်းဟွမ်ထံကို အရှိန်အဟုန်ပြင်းစွာ တိုးဝင်လာသည်။

“မီးတောက် စပါးအုံးမြွေ....၊ မီးဂုဏ်သတ္တိ မှော်အကွရာလား......”

လင်းဟွမ်သည် တစ်ချက်ကြည့်လိုက်ရုံဖြင့် မည်သည့် ဝိညာဉ်တက်တူး ဆိုသည်ကို သိသွားပြီး စပ်ဖြဲဖြဲ ပြုံးလိုက်သည်။

“ဒါဆိုလဲ မင်းကို ငါ့ရဲ့ လေ့ကျင့်ရေး အဖော်အဖြစ် အသုံးပြုလိုက်မယ်”

လင်းဟွမ်က လက်ကိုမြှောက်လိုက်လျှင် မှော်စာအုပ် ပေါ်လာသည်။ နောက်ထပ် တစ်စက္ကန့်အတွင်းမှာပင်

စာအုပ်က သူ့ဘာသာသူ ပွင့်သွားပြီး အပြာရောင် လျှပ်စီးတဖျတ်ဖျတ် လျှပ်နေသော မှော်အကွခရာတစ်ခု ပေါ်လာသည်။ ထို့နောက် မှော်အကွခရာထဲမှ ကြောက်စရာကောင်းသော အပြာရောင်မြွား တစ်ချောင်း ပစ်လွှတ်လိုက်ပြီး မီးတောက် စပါးအုံးမြွေကို မြိုချလိုက်သည်။

စက္ကန့်ပိုင်းလေး အတွင်းမှာပင် မီးတောက် စပါးအုံးမြွေသည် ရာနှင့်ချီသော ရေခဲမြွားများ၏ အကြိမ်ကြိမ် ထိုးဖောက်ခြင်းကို ခံရပြီး ပျောက်ကွယ် သွားသည်။ ထို့အပြင် လက်ကျန် မြွားများသည်

ထိတ်လန့်အံ့ဩဖွယ်ရာ အရှိန်အဟုန်နှင့် ထန်ယွမ်ထံ ဆက်လက် ပြေးဝင်သွားသည်။

ထန်ယွမ်သည် အံ့အောသင့်သွားသော်လည်း ထိတ်လန့်သွားခြင်း မရှိပေ။ သူ့လက်ဖဝါးကို စာအုပ်ပေါ်တင်လိုက်သည်။ ဤတစ်ခါတွင် အဝါရောင် မှော်အကွခရာတစ်ခု ပေါ်လာသည်။ (၁၀) မီတာ အထူရှိသော ဒိုင်းတစ်ခုပေါ်လာပြီး မြွားများကို ပိတ်ဆို့ လိုက်သည်။

ထိုဒိုင်းများက အဖြူရောင်ဝတ်စုံ ဝတ်ထားသော လူငယ်ရှေ့တွင် တန်းစီ၍ ပေါ်လာသည်။ မြွားအချို့က

ဒိုင်းထဲကို ထိုးဖောက် ဝင်ရောက်နိုင်ခဲ့သော်လည်း မည်သည့်မြှားမှ ထန်ယွမ်ထံ မရောက်ခဲ့ပေ။

"ချိုးပစ်လိုက်စမ်း..."

လင်းဟွမ်က အော်ဟစ်လိုက်သည်။

စာအုပ်ထဲမှ ခရုပတ်ပုံစံ ငွေရောင်မြှားတစ်ချောင်းကို ပစ်လွှတ်လိုက်သည်။ မြှားများသည် လေထဲတွင် လွန်သွားတစ်ခုကဲ့သို့ လှည့်ပတ်ပြီး ထန်ယွမ်ထံ ပြေးဝင်သွားခဲ့သည်။

ထန်ယွမ် အံ့အောသင့်သွားသည်။ ဤအတားအဆီး ဗျူဟာတစ်ခုကို ချိုးဖျက်ရန်အတွက် အချိန်တစ်ခု ယူရလိမ့်မည်ဟု ထင်နေခဲ့သော်လည်း လွန်သွားပုံစံ

ပျော့ရမ်းနေသော မြွားက ဒိုင်းကို အလွယ်တကူ ထိုးဖောက်နိုင်ပုံပင်။ ထို့ကြောင့် ပျာယာခတ်သွားသည်။ ဒိုင်း၏ ခုခံကာကွယ်မှုကို ပိုသန်မာအောင် လုပ်ရန် စာအုပ်ပေါ် လက်ဖဝါး တင်လိုက်ပြီး မကြာခင် ဒိုင်းပေါ်တွင် ရေခဲအလွှာတစ်ခုက ပျံ့နှံ့လာပြီး ဖုံးအုပ်သွားသည်။

လင်းဟွမ်၏ လွန်သွားမြွားများက ရေခဲအလွှာနှင့် အားဖြည့်ထားသော ဒိုင်းကို မထိုးဖောက်နိုင်ခဲ့ပေ။

ထန်ယွမ်သည် ရင်ထဲမှ အလုံးကြီး ကျသွားပြီး နောက်တစ်ကြိမ်အတွက် နည်းဗျူဟာများ ချမှတ်လိုက်သည်။ လင်းဟွမ်၏ တိုက်ခိုက်မှုကို

နှစ်ကြိမ်တိုင်တိုင် ကာကွယ် ပိတ်ဆို့ခဲ့ရသော်လည်း ထန်ယွမ်သည် ကိုယ့်ကိုကိုယ် ကာကွယ်ရန်အတွက် ရုပ်ပျက်သွားလောက်အောင် ပြာယာ ခတ်သွားခြင်း မရှိခဲ့ပေ။

"မင်း ရေခဲသုံးရင် ငါက မီးသုံးမယ်"

လင်းဟွမ်က စပ်ဖြဲဖြဲ ပြုံးလိုက်သည်။ သူ့လက်ဖဝါးကို စာအုပ်ပေါ် နောက်တစ်ကြိမ် တင်လိုက်ပြန်သည်။ လက်မအရွယ်ရှိသော မီးတောက် မီးလျှံများသည် ဥက္ကာခဲများ ကြွေကျလာသလို ကြွေဆင်းလာပြီး ထန်ယွမ်၏ ဒိုင်းထံသို့ တိုးဝင်သွားသည်။

ထန်ယွမ်သည် ခဏမျှ အနားရမည်ဟု တွေးထားသော်လည်း ဖြစ်ပျက်လာသော အရာများကို မြင်သောအခါ အံ့သြတုန်လှုပ်သွားသည်။ သူ မတုံ့ပြန်နိုင်ခင် ဥက္ကာခဲကဲ့သို့ ကြွေဆင်းလာသော မီးလျှံများက အကွာအကွယ် ဒိုင်းနှင့် ထိမှန်သွားခဲ့ပြီ။

မီးပွားများ တဖောက်ဖောက် ထိမှန်နေပြီး ပေါက်ကွဲသော အသံများ ကြားနေရသည်။ ထိုပေါက်ကွဲမှုကြောင့် ဒိုင်းပေါ်ရှိ ရေခဲများသည် ကြောက်စရာကောင်းသော အရှိန်အဟုန်နှင့် အရည် ပျော်ကျလာပြီး ဒိုင်းပေါ်ရှိ နေရာ အများအပြားကို ရိုက်ခွဲသွားသည်။

လင်းဟွမ်သည် ပေါက်ကွဲမှု၏ အကျိုးသက်ရောက်မှုကြောင့် စင်မြင့်အစွန်းသို့ ဆုတ်ခွာသွားပြီး ထန်ယွမ်အတွက်မူ မတူညီသော ဇာတ်လမ်းတစ်ပုဒ်ပင်။ ပေါက်ကွဲမှုများ ဖြစ်ပေါ်လာသည့်ချိန်တွင် ဒိုင်းပေါ်တွင် ကပ်ညှိနေသော လွန်သွားပုံစံ မြားများက ရှုထောင့်ပေါင်းစုံမှ တိုးဝင်လာသည်။ ထန်ယွမ်သည် ပေါက်ကွဲနေသော မီးလျှံများကြောင့် လုံးဝ လောင်ကျွမ်းပြီး သေမလို ဖြစ်နေသည်။

"ငါလုပ်တာ နည်းနည်းများသွားပြီ ထင်တယ်။ ဒီကောင် သေတော့မှာလား။ ငါက လေ့ကျင့်ဖော် တစ်ယောက် ရှာတွေ့ပြီလို့ တွေးနေတုန်း ရှိသေးတာ"

လင်းဟွမ်က တိုးတိုးလေး ရေရွတ်လိုက်သည်။ ကံကောင်းသည်မှာ ပေါက်ကွဲသံများက သူ့အသံ တိုးတိုးလေးကို ဖုံးလွှမ်းနေခဲ့၍သာ.......။ ထိုကဲ့သို့ မဟုတ်ဘဲ ထန်ယွမ်သည် ထိုအသံကို ကြားပါက ဒေါသပေါက်ကွဲပြီး ရှူးသွပ်သွားလိမ့်မည်။

မကြာခင် ရာနှင့်ချီသော ဥက္ကာခဲများသည် ပေါက်ကွဲ လောင်ကျွမ်း ပြီးသွားသည်။ စင်မြင့်ပေါ်တွင် မီးခိုးငွေ့များ အူထွက်နေပြီး ထန်ယွမ်၏ အခြေအနေကို မည်သူမျှ မမြင်ရပေ။ သို့သော်လည်း အရှုံးသမားကို မကြေငြာ သေးသောကြောင့် မသေသေးသည်မှာ အသေအချာပင်။

လင်းဟွမ်က မီးခိုးများ ပြယ်သွားသည့် အချိန်အထိ စိတ်ရှည်စွာ စောင့်ဆိုင်းနေခဲ့ပြီး ထပ်မံတိုက်ခိုက်ခြင်း မရှိပေ။

မှော်နတ်သမီး မျှော်စင်၏ စိန်ခေါ်မှုများက လှည့်ကွက်များလွန်း၏။ ပြိုင်ဘက်များ ထွက်ပေါ်လာသည့် အစီအစဉ်က ကြုံရာကျပန်း ဖြစ်သော်လည်း သူတို့သည် အခြားသူများထက် ပို၍ အစွမ်းထက်သည်။ ထန်ယွမ်သည် ဤအဆင့် ပြိုင်ဘက်(၁၀၀) ထဲတွင် အားအနည်းဆုံး ဖြစ်နိုင်သည်။

သူသည် လင်းဟွမ်အတွက် အကောင်းဆုံး လေ့ကျင့်ဖော် ဖြစ်သော်လည်း လင်းဟွမ်က မတော်တဆ

သတ်ခဲ့မိပြီ။ ထိုကဲ့သို့ မဟုတ်ပါက အလွယ်တကူ လေ့ကျင့်နိုင်လိမ့်မည်။

မီးခိုးများ ရှင်းလင်းသွားစေရန် အချိန်အတော် ကြာခဲ့သည်။

မီးခိုးများ ကြားထဲတွင် စုတ်ပြတ်သတ်နေသော လူတစ်ယောက် ပေါ်လာသည်။ သူ့ခန္ဓာကိုယ်မှာ မီးများ လောင်ကျွမ်းသွားသကဲ့သို့ အနက်ရောင် ဖြစ်နေသည်။ မီးခိုးအရှိန်ကြောင့် ဆံပင်များ တွန့်လိမ် ကောက်ကွေးနေသည်။ ထိုကဲ့သို့ စိတ်ပျက်စရာ ကောင်းသောလူမှာ တစ်ချိန်က အဖြူရောင်ဝတ်စုံ

ဝတ်ထားသော ထန်ယွမ် ဖြစ်ကြောင်း လူအများက မှတ်မိနေသေးသည်။

သူသည် တော်တော်လေး မောပန်းနွမ်းနယ်နေပြီး သူ၏ အသွင်အပြင် ပုံစံကိုပင် ဂရုမစိုက်နိုင်တော့ချေ။ အကယ်၍ စုန်းအတတ်ပညာနှင့် သူ့ကိုယ်သူ မကာကွယ်နိုင်ခဲ့လျှင် ယခုအချိန်၌ စင်မြင့်ပေါ်တွင် သေနေလိမ့်မည်။

"မင်း တိုက်ခိုက်နိုင်သေးလား"

လင်းဟွမ်က စနောက်လိုက်သည်။

"မင်း တိုက်ခိုက်နိုင်သေးရင် ဆက်တိုက်မယ် ဒီလိုမှမဟုတ်ရင် မင်းကို စင်ပေါ်က ကန်ထုတ်မယ်"

ထန်ယွမ်သည် လင်းဟွမ်က ထပ်မံတိုက်ခိုက်ရန် အဆင်သင့် ဖြစ်နေကြောင်း သတိထားမိလျှင် လင်းဟွမ်ကို စိုက်ကြည့်လိုက်သည်။ ထို့နောက် အံတင်းတင်းကြိတ်ပြီး စိတ်မပါစွာဖြင့်

"ငါ အရှုံးပေးတယ်"

"ဘာ..... မင်းက ဒီလိုပဲ လက်နက် ချသွားတာလား"

လင်းဟွမ်သည် ဒါကို လုံးဝ မမျှော်လင့်ထားပေ။

ထိုစဉ် အမျိုးသမီး၏ ကြေငြာချက် ထွက်ပေါ်လာသည်။

"ပထမတိုက်ပွဲ အနိုင်ရသူကတော့ လင်းဟွမ်ပါ"

"ဆက်တိုက် အနိုင်ရခြင်း တစ်ပွဲ"

"တိုက်ပွဲတစ်ခု ပြီးသွားရင် နာရီဝက် အနားယူဖို့ ရွေးချယ်နိုင်တယ်။ မင်း အနားယူချင်လား"

"မလိုဘူး"

လင်းဟွမ်အတွက် စုန်းအတတ်ပညာနှင့် တိုက်ခိုက်ခြင်းသည် ပထမဦးဆုံးတိုက်ပွဲ ဖြစ်သော်လည်း သူ့အင်အားများ မကုန်ဆုံးခဲ့ပေ။

# အခန်း(၇၀၃) - ဝတ်ရုံနီ အမျိုးသမီး။

လင်းဟွမ် ကြုံတွေ့ရသော ဒုတိယပြိုင်ဘက်မှာ အနက်ရောင် ဝတ်ရုံရှည် ဝတ်ဆင်ထားသော မှော်ဆရာ တစ်ယောက်ပင်။ သူသည် ထန်ယွမ်ထက် အနည်းငယ် အစွမ်းထက်သော်လည်း အရည်အချင်း သတ်မှတ်ချက်အရ မည်သည့်အဆင့်မှာ ရပ်တည်နေလဲ ဆိုသည်ကို အတည်ပြုပြီးနောက် လင်းဟွမ်က ချက်ချင်း မသတ်ခဲ့ပေ။ ထိုအစား ပြိုင်ဘက်ကို လေ့ကျင့်ရေး အဖော်အဖြစ် သတ်မှတ်ခဲ့သည်။ မှော်စာအုပ်ထဲမှ

အမျိုးမျိုးသော မော်အကွာရာများ လင်းလက်နေပြီး ပြိုင်ဘက်ထံ ပစ်လွှတ်နေသည်။

နောက်ဆုံး၌ အနက်ရောင် ဝတ်ရုံရှည်ဝတ်ထားသော အမျိုးသားသည် လင်းဟွမ်၏ (၂၈) ကြိမ်မြောက် တိုက်ခိုက်မှုကို အသည်းအသန် ကာကွယ်ခဲ့ပြီး (၂၉) ချက်မြောက် တိုက်ခိုက်မှုတွင် ထိမှန်သွားကာ သေဆုံးသွားခဲ့သည်။ ဤကဲ့သို့ဖြင့် လင်းဟွမ်သည် ဒုတိယမြောက် တိုက်ပွဲကို အနိုင်ရခဲ့သည်။

သို့သော်လည်း လေ့ကျင့်ရသည့် အပေါ်၌ စိတ်မကျေနပ် နိုင်သေးပေ။ တိုက်ပွဲ စသည်နှင့် တပြိုင်နက် ပြိုင်ဘက်ကို အခွင့်အရေး မပေးဘဲ

ဆက်တိုက် တိုက်ခိုက်နေခဲ့သည်။ ပြိုင်ဘက်အားလုံးမှာ လင်းဟွမ်အတွက် လှုပ်ရှားနိုင်သော ပစ်မှတ်များ ဖြစ်ခဲ့သည်။ အချို့က ပြန်လည် တိုက်ခိုက်နိုင်ခဲ့ပြီး အချို့က ချက်ချင်း သေဆုံးသွားကြသည်။ ဤကဲ့သို့ဖြင့် လင်းဟွမ်သည် တိုက်ပွဲ တစ်ပွဲပြီးတစ်ပွဲ ဆက်တိုက် အနိုင်ရခဲ့သည်။

ပထမ တစ်ယောက်.....

ဒုတိယ တစ်ယောက်.....

တတိယမြောက် တစ်ယောက်.....

ဆယ်ယောက်မြောက်...

(၆၇) ယောက်မြောက် အထိ တိုက်ပွဲများကို ဆက်တိုက် အနိုင်ရခဲ့သည်။

.....

အရပ်ရှည်ပြီး အနီရောင် ဝတ်ရုံရှည်နှင့် ခေါင်းစောင်း ဝတ်ထားသော အမျိုးသမီးက မျက်လုံးလေးသာ ဖော်ထားသည်။ သူမ တစ်ကိုယ်လုံးကို အနီရောင် ပွယောင်းယောင်း ဝတ်ရုံရှည်နှင့် ဖုံးအုပ်ထားသော်လည်း လင်းဟွမ်သည် သူမ၏ဆွဲဆောင်မှုရှိသော ခန္ဓာကိုယ်ကို မြင်နေရသည်။ ထိုအမျိုးသမီး၏ အရပ်မှာ (၁.၈) မီတာနီးပါးခန့် ရှိသည်။ သို့သော်လည်း ဝတ်ရုံအောက်တွင်

ဒေါက်ဖိနပ်များ ဝတ်ဆင်ထားသည်ကို သတိထားမိပြီး အရပ်မည်မျှ မြင့်လဲဆိုသည်ကို အတိအကျ မသိပေ။

ထိုအမျိုးသမီးမှာ လင်းဟွမ်အတွက် ပထမဦးဆုံး အမျိုးသမီးပြိုင်ဘက် မဟုတ်ပေ။ ထို့ကြောင့် အမျိုးသမီး ဆိုပြီး အထင်သေး၍ ထိန်ချန်ထားစရာ မလိုကြောင်း တွေးလိုက်မိသည်။

ရေတွက်မှု ပြီးဆုံးသည်နှင့် သူ၏ အလေ့အထည့်အတိုင်း လက်ဦးမှုရယူကာ တိုက်ခိုက် လိုက်သည်။ ဤတစ်ကြိမ်တွင် သူ မျှော်လင့်ချက်က လွဲချော်သွားခဲ့ပြီ။

ထိုအမျိုးသမီးက စာအုပ်ပေါ်ကို လက်နှစ်ဖက်တင်လိုက်သည်နှင့် တပြိုင်နက် စာမျက်နှာနှစ်ခု ပွင့်လာသည်။ ခုခံရေးနှင့် တိုက်ခိုက်ရေး မော်အက္ခရာ နှစ်ခုက တပြိုင်နက်တည်း ထွက်ပေါ်လာသည်။

လင်းဟွမ်သည် မော်အက္ခရာနှစ်ခအား ကိုင်တွယ်နိုင်သည်ကို ပထမဦးဆုံးအကြိမ် မြင်တွေ့ဖူးသောကြောင့် အံ့ဩသင့်သွားသည်။

မော်အက္ခရာ နှစ်ခု လင်းလက်လာသည်နှင့်အမျှ ခိုင်မာတောင့်တင်းသော ရေခဲတံတိုင်း တစ်ခုနှင့် အဝေးရောက် ရေခဲ တိုက်ခိုက်ခြင်းတစ်ခု ဖြစ်ပေါ်

လာသည်။ အအေးဓါတ်က စင်မြင့်တစ်ခုလုံး ပျံ့နှံ့လာသည။

"အဝေး တိုက်ခိုက်မှုလား"

လင်းဟွမ်သည် ဤတိုက်ခိုက်မှုက အကျိုးသက်ရောက်မှု သိပ်မရှိသောကြောင့် မျက်ခုံး ပင့်လိုက်သော်လည်း ဤအမျိုးသမီးက ဘာလုပ်ချင်လဲ ဆိုသည်ကို သူမသိပေ။

သူမက ရေခဲဒိုင်းနှင့် ကာကွယ်ပြီး ရေခဲ အဝေးရောက် တိုက်ခိုက်ခြင်းကို အသုံးပြုကာ ကစားပွဲကို အလှည့်အပြောင်း လုပ်ချင်နေသည်။ စင်မြင့်ကို ဆီနှင်းများ

ဖုံးအုပ်သွားသည်နှင့် တပြိုင်နက် သူမက မည်သည့် ရှုထောင့်ကမဆို နှင်းခဲများနှင့် တိုက်ခိုက်နိုင်လာသည်။

“ကြည့်ရတာ အစွမ်းထက်တဲ့ ပြိုင်ဘက်တစ်ယောက်နဲ့ ဆုံရပြီ ထင်တယ်”

လင်းဟွမ်က တောက်ပစွာ ပြုံးလိုက်သည်။ ထိုအမျိုးသမီး၏ စုန်းပညာ အသုံးပြုနိုင်စွမ်း ဖြစ်စေ၊ တိုက်ပွဲဗီဇ ဖြစ်ပါစေ ယခင်က သူတွေ့ကြုံဖူးခဲ့သော ပြိုင်ဘက်များထက် ပိုမို အစွမ်းထက်သည်။

လင်းဟွမ်သည် လေးနက်လာပြီးနောက် စာအုပ်ပေါ် လက်ဖဝါး တင်လိုက်သည်။ အနီရောင် တောက်ပနေသော မှော်အက္ခရာက အနီရောင် လင်းလက်လာပြီး

သမုဒ္ဒရာထဲမှ လှိုင်းလုံးများကဲ့သို့ မီးလျှံများ စီးဆင်းလာသည်။

အဖြူရောင်နှင်းများနှင့် မီးလျှံများသည် ထိပ်တိုက်တွေ့ဆုံသွားသည်။ ယခုအခါ၌ စင်မြင့်တစ်ဖက်သည် အနီရောင် တောက်ပနေပြီး အခြားတစ်ဖက်မှာ နှင်းဖြူရောင် တောက်ပနေသည်။ သို့သော်လည်း ဒါသည် နှစ်စက္ကန့်သာ ကြာမြင့်ခဲ့သည်။

အမျိုးသမီး၏ စာအုပ်ပေါ်တွင် အပြာရောင်မှော်အက္ခရာတစ်ခု လင်းလက်လာပြီး စင်မြင့်ပေါ်တွင် အသံတစ်ခု ကြားလိုက်ရသည်။ ထို့နောက် မိုးများသည်းထန်စွာ စတင် ရွာသွန်းလာသည်။ နှင်းခဲနှင့် မိုး

နှစ်ခုလုံးသည် လင်းဟွမ်၏ မီးလျှိုင်းများကို ဖိနှိပ်ထားသောကြောင့် မကြာခင် အဝေးရောက်သွားသည်။

လင်းဟွမ်အတွက် ဆက်တိုက် အနိုင်ရပြီးကတည်းက ပထမဦးဆုံးအကြိမ် ဖိနှိပ်ခံရခြင်းပင်။

လင်းဟွမ်၏ စာအုပ်ပေါ်တွင် အနီရောင်မှော်အက္ခရာတစ်ခု လင်းလက်လာသည်။ ထို့နောက် နဂါးမီးလျှံကဲ့သို့ မီးလျှံ လေဆင်နှာမောင်း တစ်ခု ဖြစ်ပေါ်လာပြီး သည်းထန်စွာ ရွာသွန်းနေသော မိုးကို ဝါးမျိုရန် ကြိုးစားလိုက်သည်။

တိုက်ပွဲက နောက်တစ်ကြိမ် အထွတ်အထိပ် ရောက်သွားပြန်သည်။

နောက်ဆုံးတွင် လင်းဟွမ်သည် အမျိုးသမီး၏ ဖိနိပ်မှုအောက်မှ လွတ်မြောက်လာခဲ့ပြီ။

ထိုအမျိုးသမီးက အစွမ်းထက်၍ အလားအလာရှိသော သူမ၏ အရည်အချင်းကို သက်သေပြခဲ့သည်။ ထို့အပြင် မှော်အက္ခရာ နှစ်ခုကိုလဲ တပြိုင်နက်တည်း အသုံးပြုနိုင်သည်။ သူမက မတူညီသော မှော်အက္ခရာ အမျိုးအစားများ အသုံးပြုရာတွင် အလွန်ကျွမ်းကျင်ကြောင်း သက်သေပြခဲ့သည်။

လင်းဟွမ်သည် သူမ၏ ထိန်ချန်ထားခြင်း မရှိသော မှော်အကွခရာ တိုက်ခိုက်မှုများကြောင့် ရှုံးနိမ့်လုနီးပါး ဖြစ်သွားခဲ့သည်။ သို့သော်လည်း မှော်အကွခရာများနှင့် ပိုမို ရင်းနှီးလာကြောင်း တွေ့လိုက်ရသည်။ မှော်အကွခရာ နှစ်ခုကို တပြိုင်နက်တည်း မည်ကဲ့သို့ အသုံးပြုရမလဲ ဆိုသည်ကိုပင် သင်ယူနိုင်ခဲ့သည်။ ထို့ကြောင့် လင်းဟွမ်၏မှော်အကွခရာ အသုံးပြုမှု စွမ်းရည်မှာ တိုးတက်လာခဲ့သည်။

တိုက်ပွဲသည် တစ်နာရီကျော် ကြာမြင့်လာပြီး စွမ်းအင်များ ကုန်ဆုံးလာသည့်အတွက် အမျိုးသမီး၏ တိုက်ခိုက်သော အရေအတွက်မှာ နှေးကွေးလာခဲ့သည်။

ထို့ကြောင့် လင်းဟွမ်သည် ကစားပွဲကို အလှည့်အပြောင်း လုပ်၍ အနိုင်ရခဲ့သည်။ လင်းဟွမ်သည် ထိုတိုက်ပွဲ ပြီးဆုံးသွားသောအခါ သူ၏ ကံ့ကြမ္မာစွမ်းအားများကို ပြန်လည် ဖြည့်တင်းရန်နှင့် တိုက်ပွဲထဲမှ သင်ယူခဲ့သော သင်ခန်းစာများကို အစာချေဖျက်ရန် နာရီဝက် အနားယူခဲ့သည်။

ဝတ်ရုံနီ အမျိုးသမီးနှင့် တိုက်ပွဲထဲတွင် လင်းဟွမ်သည် သိသိသာသာ အကျိုးအမြတ်ရခဲ့ပြီး သူ၏ မှော်အကွခရာ အသုံးပြုသောစံနှုန်းမှာ ပြောင်းလဲလာခဲ့သည်။ ယခုအခါ အဆင့်မြင့်သော ပြိုင်ဘက်များနှင့် တွေ့ဆုံရန် မျှော်လင့် တောင့်တလာသည်။

သို့သော်လည်း (၆၈) ပွဲမြောက် တိုက်ပွဲအပြီးတွင် တွေ့ကြုံရသော ပြိုင်ဘက်များမှာ အားနည်းပြီး ယခင်ကတွေ့ခဲ့သော ဝတ်ရုံနီ အမျိုးသမီးလောက် အစွမ်းထက်ခြင်း မရှိခြေ။ ထို့နောက်ပိုင်းတွင် တွေ့ရသော ပြိုင်ဘက်အားလုံးမှာ ထိုအတိုင်းပင်။ ဝတ်ရုံနီ အမျိုးသမီးနှင့် မည်သူမျှ မယှဉ်နိုင်ပေ။ သူမနှင့်ယှဉ်ပါက အဆင့်တူပင် မဟုတ်ကြချေ။

လင်းဟွမ်သည် တိုက်ပွဲပေါင်း (၉၀) ကျော် ဆက်တိုက် အနိုင်ရခဲ့သော်လည်း မည်သည့်ပြိုင်ဘက်ကမှ သူ၏ စိတ်ဝင်စားမှုကို မရယူနိုင်ခဲ့ပေ။

"ဝတ်ရုံနီဝတ် အမျိုးသမီးက ဘာလဲ။ နောက်မှ လွှတ်တဲ့ ပြိုင်ဘက်တွေထက် ဘာဖြစ်လို့ ပိုပြီး အစွမ်းထက်နေရတာလဲ"

လင်းဟွမ် နားမလည်နိုင် ဖြစ်နေသည်။ နောက်ဆုံးပွဲစဉ်တွင် တွေ့ခဲ့သော ဝတ်စုံပြာဝတ် အမျိုးသားမှာ ယခင် ပြိုင်ဘက်များထက် များစွာ သန်မာသော်လည်း ဝတ်ရုံနီဝတ် အမျိုးသမီးကို မယှဉ်နိုင်သေးချေ။

ဤကဲ့သို့ဖြင့် လင်းဟွမ်သည် စိတ်ပျက်စွာ ပွဲ (၁၀၀)မြောက် ဆက်တိုက်နိုင်ပွဲကို ရရှိခဲ့သည်။

"ပွဲ (၁၀၀) ဆက်တိုက် အနိုင်ရပြီး စမ်းသပ်မှု အောင်မြင်သွားတဲ့အတွက် ဂုဏ်ပြုပါတယ်"

လင်းဟွမ်သည် ကြေငြာချက်ကို ကြားသည်နှင့် ချက်ချင်း မေးလိုက်သည်။

"တိုက်ပွဲအလယ်မှာ တွေ့ခဲ့တဲ့ ဝတ်ရုံနီအမျိုးသမီးက ဘာလဲ"

"သူမက အထူး စိန်ခေါ်သူပဲ။ ပေါ်ချင်လည်း ပေါ်တယ် ။ မပေါ်ချင်လဲ မပေါ်ဘူး"

အမျိုးသမီးအသံက ရှင်းပြသည်။

"အဲ့ဒါက မင်းရဲ့ ကံတရားအပေါ်မှာ မူတည်တယ်"

"ပြောချင်တာက ငါက (၈) ထပ်မြောက်နဲ့ (၉) ထပ်မြောက်တွေမှာ အထူး စိန်ခေါ်သူတွေနဲ့ တွေ့နိုင်သေးတယ်ပေါ့"

လင်းဟွမ် ချက်ချင်း သဘောပေါက်သွားသည်။

"ဟုတ်တယ်"

အမျိုးသမီးက သေချာရေရာစွာ ပြန်ဖြေသည်။

"သူတို့ ပေါ်လာတာလဲ ဖြစ်နိုင်တယ်။ မပေါ်လာတာလဲ ဖြစ်နိုင်တယ်။ ဒီလိုမျိုး ပေါ်လာမှုက ကျပန်း အစီအစဉ်ပဲ"

"ငါ သိပြီ"

လင်းဟွမ်သည် ခေါင်းငြိမ့်ပြီးနောက် စင်မြင့်ပေါ်မှ ထွက်လာခဲ့သည်။

## အခန်း(၇၀၄) - တဒင်္ဂ နှလုံးသား မှော်အကွရာ။

လင်းဟွမ်သည် မှော်နတ်သမီးမျှော်စင် သတ္တမ အထပ်တွင် တိုက်ပွဲပေါင်း (၁၀၀) ကို ဆက်တိုက် အနိုင်ရခဲ့သည်။ အထူးသဖြင့် ဝတ်ရုံနီ အမျိုးသမီးနှင့် တိုက်ပွဲပင် ။

ထိုအမျိုးသမီးသည် တိုက်ပွဲအတွေ့အကြုံများစွာ ကြွယ်ဝပြီး တိုက်ပွဲဗီဇက ကောင်းမွန်လွန်း၏။ အထူးသဖြင့် စုန်းအတတ်ပညာတွင် သူမ၏ စွမ်းဆောင်ရည်မှာ လင်းဟွမ်ထက်များစွာ ပိုမို၍ အားကောင်းသည်။ လင်းဟွမ်ထံတွင် သူမထက်

များပြားသော ကံကြမ္မာစွမ်းအားသာ မရှိပါက ရှုံးနိမ့်သွားနိုင်သည်။

လင်းဟွမ်သည် တိုက်ပွဲ (၁၀၀) ပြီးဆုံးပြီးနောက် မှော်နတ်သမီး မျှော်စင်၏ အဌမအထပ်သို့ တက်ခဲ့သည်။ ထို့နောက် လင်းဟွမ်သည် ကျောက်ပြားပေါ်ရှိ ဖိတ်ခေါ်ခြင်း မှော်အကျွရာကို ကုတ်ဖြေရမည့် အစား တင်ပျဉ်ခွေထိုင်၍ ပြီးခဲ့သည့် တိုက်ပွဲ (၁၀၀) ၏ အသေးစိတ် အချက်အလက်များကို ပြန်လည် စဉ်စားလိုက်သည်။ သူပြုလုပ်ခဲ့သည့် အမှားအားလုံးကို သုံးသပ်၍ ကောက်ချက်ချရန် နာရီ အနည်းငယ်

အချိန်ယူပြီးနောက် ကျောက်ပြားထံ လျှောက်သွားလိုက်၏။

ကျောက်ပြားပေါ်ရှိ ဖိတ်ကြားခြင်း မှော်အက္ခရာမှာ လိုင်းကိုးလိုင်း ပါရှိသော အဆင့်မြင့် မှော်အက္ခရာ တစ်ခုပင် ။ မှော်အက္ခရာကို ကုဒ်ဖြည်ပြီးနောက် ရွှေတံခါးတစ်ခု ပေါ်လာသည်။

လင်းဟွမ်သည် တံခါးကိုတွန်းဖွင့်ပြီး အထဲ ဝင်သွားသောအခါ သူ့ကို မီတာရာနှင့်ချီ ရှည်လျားပြီး ယခင်ပုံစံနှင့် အရွယ်အစားတူသော တိုက်ပွဲ စင်မြင့်တစ်ခုသို့ ပို့ဆောင်လိုက်သည်။ သို့သော် ယခုတစ်ကြိမ်တွင် ထိုင်ခုံများ ပိုများလာသည်။

ယခုတစ်ကြိမ်တွင်မူ ထိုင်ခုံအရေအတွက် (၄,၀၀၀) မှ (၅,၀၀၀) ခန့်ရှိပြီး လူအပြည့် နေရာယူထားသည်။

အပေါ်ဘက်မှ မိန်းမတစ်ယောက်၏ အသံ ထွက်ပေါ်လာသည်။

"ဒီအကြိမ်မှာ ပွဲ (၃၀၀) ဆက်တိုက် အနိုင်ယူရမယ်။ စည်းမျဉ်းတွေက အရင်တစ်ခုနဲ့ အတူတူပဲ၊ ဒါပေမယ့် ဒီတစ်ကြိမ်မှာတော့ မင်းရဲ့ပြိုင်ဘက်တွေက အခြေခံ မှော်အကျွရာတွေပဲ သုံးမှာ မဟုတ်တော့ဘူး။ သူတို့က အဆင့်မြင့် မှော်အကျွရာတွေလည်း သုံးလိမ့်မယ်"

လင်းဟွမ်သည် မည်သည့် စကားမျှ မပြောဘဲ ခေါင်းညိတ်လိုက်သည်။

အချိန် ရေတွက်ပြီးသည်နှင့် ပထမပြိုင်ဘက်က ဖြည်းညှင်းစွာ ပေါ်လာသည်။

ထုံးစံအတိုင်း လင်းဟွမ်သည် လက်ဦးမှုရယူပြီး တိုက်ခိုက်လိုက်သည်။ သို့သော်လည်း ယခုတစ်ကြိမ်တွင် မှော်အကွၶရာများက ပြိုင်ဘက်အပေါ် သိသာသော အကျိုးသက်ရောက်မှု မရှိတော့ကြောင်း မကြာခင် သဘောပေါက်သွားသည်။ အဆင့်မြင့် မှော်အကွၶရာ ကာကွယ်ရေး နည်းစနစ်များ ထည့်သွင်းထားသောကြောင့် အခြေခံ မှော်အကွၶရာ တစ်ခုတည်းနှင့် ထိုးဖောက်ရန် ခက်ခဲလာသည်။

ထို့နောက် လင်းဟွမ်က အဆင့်မြင့် မှော်အကွခရာနှင့် စတင် တိုက်ခိုက်လိုက်သည်။ ဝတ်ရုံနီအမျိုးသမီးနှင့် တိုက်ခိုက်သည့် အချိန်တုန်းကပင် ဤကဲ့သို့ မှော်အကွခရာမျိုးကို တစ်ခါမှ မသုံးခဲ့ပေ။ သို့သော်လည်း ယခုအခါ သူ၏ ပြိုင်ဘက်က အဆင့်မြင့် မှော်အကွခရာများကို အသုံးပြုနေသောကြောင့် ထိန်ချန်ထား၍ မရတော့ချေ။

လင်းဟွမ်က အဆင့်မြင့် မှော်အကွခရာကို ထုတ်သုံး လိုက်သည်နှင့်တပြိုင်နက် ပြိုင်ဘက်က ဖြစ်လာမည့် အရာများကို ကြိုတင် ခန့်မှန်းနိုင်ခြင်း မရှိတော့ချေ။ အချိန်အတော်ကြာအောင် ရုန်းကန်ပြီးနောက်

နောက်ဆုံးတွင် အချက် (၂၀) ထက်မနည်း ထိမှန်ကာ သေဆုံးသွားသည်။ အဆင့်မြင့် မော်အကွခရာကို ကျွမ်းကျင်သော မော်ဆရာပင် မုန်တိုင်းကဲ့သို့ အဆက်မပြတ်တိုက်ခိုက်နေသော လင်းဟွမ်၏ တိုက်ခိုက်မှုများကို မခုခံနိုင်ခဲ့ကြောင်း သက်သေပြခဲ့သည်။

ထို့နောက် အတားအဆီးမရှိဘဲ (၂၂၃) ကြိမ်မြောက် တိုက်ပွဲအထိ ဆက်တိုက် အောင်မြင်လာခဲ့သည်။ အခြားတစ်ဖက်တွင်မူ အဆင့်မြင့် မော်အကွခရာများနှင့် စတင် ရင်းနှီးလာခဲ့သည်။

လင်းဟွမ်သည် (၂၂၄) ကြိမ်မြောက် တိုက်ပွဲတွင် သူ့ပြိုင်ဘက်ကို မြင်သောအခါ အံ့အားသင့်သွားသည်။

ဒါသည် ယခင်တစ်ခါက တွေ့ဆုံဖူးခဲ့သော ဝတ်ရုံနီဝတ် အမျိုးသမီးပင် ။ ထိုအမျိုးသမီး၏ မျက်နှာကို တစ်ခါမျှ မမြင်ဖူးသော်လည်း သူမ၏ ခန္ဓာကိုယ်၊ အရပ်မြင့်မြင့်နှင့် ဆွဲဆောင်မှုရှိသော မျက်လုံးတစ်စုံက သူမ ဖြစ်ကြောင်း ပြောပြနေသည်။

ဤတစ်ကြိမ်တွင် အဆင့်မြင့် မှော်အကန္တရာများကို အသုံးပြုနိုင်သောကြောင့် ဤအမျိုးသမီးက ယခင် တစ်ကြိမ်ကထက် ပိုမို အစွမ်းထက်မည်မှာအ သေအချာပင်။

လင်းဟွမ်သည် ရေတွက်မှု ပြီးဆုံးသည်နှင့် လက်ရည်စမ်းခြင်းပင် မလုပ်တော့ဘဲ လက်နှစ်ဘက်ကို

တပြိုင်နက်တည်း အသုံးပြု၍ အဆင့်မြင့် မှော်အကွာရာနှစ်ခုဖြင့် တိုက်ခိုက်လိုက်သည်။ ဒါသည် ထိန်းချုပ်ခြင်း မှော်အကွာရာနှင့် မြားမှော်အကွာရာ များဖြစ်သည်။ အနက်ရောင် ချိန်းကြိုးများနှင့် မြွားများသည် အမျိုးသမီးထံ ပြေးဝင်သွားသည်။

သူမက ထိတ်လန့် တုန်လှုပ်သွားခြင်း မရှိဘဲ မှော်အကွာရာတစ်ခုကို ဖော်ထုတ်ကာ တိုက်ခိုက်မှုကို ခုခံလိုက်သည်။ တချိန်တည်းမှာပင် နှင်းခဲ မှော်အကွာရာကို အသုံးပြု၍ တိုက်ခိုက်လာသည်။

တိုက်ပွဲသည် သူမသာ ကိုယ်မသာ ဖြစ်နေသည်။

ဤတစ်ကြိမ်တွင် သူမက လင်းဟွမ် ထင်ထားသလောက် အစွမ်းမထက်သဖြင့် လင်းဟွမ်သည် အားအင် ကုန်ခန်းသည်အထိ အချိန်ဆွဲ၍ မတိုက်ခိုက်ချင်တော့ပေ။ အဆင့်မြင့် မှော်အကွခ္ခရာများအပြင် သူ စဉ်းစားမိသမျှ မှော်အကွခ္ခရာအားလုံးကို အသုံးပြုလိုက်သည်။

တိုက်ပွဲသည် တစ်နာရီကျော် ကြာမြင့်ခဲ့ပြီး နောက်ဆုံးတွင် လင်းဟွမ်သည် သူ၏အဆုံးစွန်သော လှုပ်ရှားမှုဖြစ်သည့် ဥက္ကာခဲမိုးကို အသုံးပြုခဲ့သည်။

နာရီဝက်ခန့် အနားယူပြီးနောက်၊ တိုက်ပွဲသည် ပိုမို လွယ်ကူလာခဲ့ပြီး ချွေးပင်မထွက်ဘဲ ပွဲ (၃၀၀) ဆက်တိုက်

အနိုင်ရခဲ့သည်။ နောက်ဆုံးတွင် အဌမအဆင့်ကို အောင်မြင်ခဲ့သည်။

လင်းဟွမ် အပြင်ပြန်ရောက်သည့်နှင့် ကျောက်တုံး မျက်နှာကြီးက မနေနိုင်ဘဲ

“မင်း အဌမအထပ်ကို အောင်မြင်သွားပြီလား”

" ဘယ်လို ထင်လဲ"

လင်းဟွမ်က လျှို့ဝှက်ဆန်းကြယ်စွာ ပြုံးလိုက်ပြီး လက်ဖဝါးကို ကျောက်ပြား ပေါ်တင်လိုက်သည်။ ထို့နောက် နဝမအထပ်သို့ ပို့လွှတ်ခြင်း ခံလိုက်ရသည်။

"မင်းက ငါ့ကို အံ့ဩသင့်စေတာပဲ။ မင်းကို သတ္တမအဆင့်တောင် ဖြတ်ကျော်နိုင်မယ်လို့ မထင်ထားခဲ့မိဘူး။ အခုတော့ မမျှော်လင့်ထားတဲ့ အဋ္ဌမအဆင့်ကိုတောင် ဖြတ်ကျော်နိုင်ခဲ့တယ်။"

နဝမအထပ်က နံရံပေါ်တွင် ကျောက်တုံးမျက်နှာကြီး ပေါ်လာပြီး အံ့ဩသင့် နေပုံရသည်။

"ကြိုးစားသရွေ့ မဖြစ်နိုင်တာ ဘာမှမရှိဘူး"

လင်းဟွမ်က ပညာရှိ ဆန်ဆန်ပြောဆိုပြီး ထိုင်ချလိုက်သည်။ ထို့နောက် ကျောက်တုံး မျက်နှာကြီးနှင့် စကားမပြောတော့ဘဲ အစောပိုင်းက တိုက်ခိုက်ခဲ့သော

တိုက်ပွဲ (၃၀၀) ၏ အသေးစိတ် အချက်အလက်များကို ပြန်စဉ်းစားရန် အာရုံစိုက်နေခဲ့သည်။

နာရီ အနည်းငယ် ကြာပြီးနောက် မတ်တပ်ထရပ်ကာ ကျောက်ပြားထံ လျှောက်သွားလိုက်သည်။ ဒီတစ်ခါ ကျောက်ပြားပေါ်ရှိ မှော်အကွခရာကို ကြည့်ရင်း အံ့ဩသင့်သွားသည်။

"ဒါက ဖိတ်ခေါ်ခြင်း မှော်အကွခရာ မဟုတ်တော့ဘူး"

စိတ်ထဲမှ ထိုကဲ့သို့ တွေးလိုက်သော်လည်း ဤတစ်ခုနှင့် ကိုက်ညီသော သို့မဟုတ် ကုဒ်ဖြေနိုင်မည့် မှော်အကွခရာ ရှာမတွေ့ပေ။ နောက်ဆုံး၌ သဲလွန်စ ရှာမရတော့သဖြင့် သွေးရဲရဲလေးကို ဆင့်ခေါ်လိုက်သည်။

ထို့နောက် လင်းဟွမ်က ကျောက်ပြားကို ညွှန်ပြလိုက်ပြီး

"ဒီ မှော်အက္ခရာကို ငါ နားမလည်ဘူး"

သွေးရဲရဲလေးက ကျောက်ပြားထံ ပျံသွားပြီး မှော်အက္ခရာကို သေသေချာချာ လေ့လာလိုက်သည်။ ခဏအကြာ နောက်ပြန်လှည့်ပြီး......

"ဒါက လူတစ်ယောက်ရဲ့ အနက်ရှိုင်းဆုံး အကြောက်တရားကို ရောင်ပြန် ဟပ်စေနိုင်တဲ့ တဒင်္ဂနှလုံးသား မှော်အက္ခရာပဲ။ ဒါကို ကုဒ်ဖြေစရာ မလိုဘူး။ မင်းလုပ်ရမှာက အသက်သွင်းလိုက်ဖို့ပဲ လိုတယ်။ ဒါကို အသက်သွင်းပြီးတာနဲ့ ပြိုင်ဘက်တွေနဲ့

ကြုံတွေ့ရမှာ မဟုတ်ဘူး။ မင်း ကြုံတွေ့ရမှာက မင်း အကြောက်ဆုံး အရာတွေပဲ ဖြစ်လိမ့်မယ်"

လင်းဟွမ်သည် မှော်နတ်သမီးမျှော်စင် သတ္တမအဆင့်၊ အဋ္ဌမအဆင့်နှင့် လုံးဝမတူသော အရာဖြစ်နေလိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။

"ငါ့ရဲ့ အနက်ရှိုင်းဆုံး အကြောက်ဆုံးတရားလား"

လင်းဟွမ် မျက်မှောင်ကြုတ်သွားသည်။

နတ်ဘုရားတစ်ပိုင်းအဆင့် ပင်လယ်ဘုရင် မွန်းစတားများ၊ အတုယောင် နတ်ဘုရား၏ လက်မောင်းမှဖြစ်ပေါ်လာသော မြူခိုး မွန်းစတားနှင့် မစ္စတာဖူး တိုက်ခိုက်ခဲ့သော နတ်ဘုရားတစ်ပိုင်း

မွန်းစတားများကိုလည်း ကြောက်သည်။ ထိုအရာများမှာ တစ်ခုမျှ သူ့အတွက် မလွယ်ကူပေ။

တဒင်္ဂနှလုံးသား မှော်အကန့်ရာက ထိုအိပ်မက်ဆိုးအားလုံးထဲ တွန်းပို့လိုက်ပါက သေချာပေါက် သေသွားလိမ့်မည်။

လင်းဟွမ်သည် ခဏမျှ ငြိမ်ကျသွားပြီးနောက် ခေါင်းညိတ်လိုက်သည်။

"ဘာပဲဖြစ်ဖြစ် တစ်နေ့နေ့ ရင်ဆိုင်ရမှာဘဲ။ အသက်သွင်းကွာ။"

လင်းဟွမ် ဆုံးဖြတ်ချက် ချပြီးသည်ကို မြင်လိုက်လျှင် သွေးရဲရဲလေးက မှော်အက္ခရာအား အသက်သွင်းမည့် နည်းလမ်းကို မျှဝေလိုက်သည်။

လင်းဟွမ်က တွေဝေခြင်းမရှိဘဲ ကျောက်ပြားရှေ့တွင် မှော်အက္ခရာကို ရေးဆွဲလိုက်သည်။

မှော်အက္ခရာ ဖွဲ့စည်းသွားသည်နှင့် ကျောက်ပြားပေါ်မှ အဖြူရောင် အလင်းတန်းများ ဖြာထွက်လာပြီး လင်းဟွမ်ကို ဖုံးလွှမ်းသွားခဲ့သည်။ ခဏအကြာ လင်းဟွမ်သည် လျင်မြန်စွာ အိပ်ပျော်သွားသလို မျက်လုံးမှိတ်သွားခဲ့သည်။

# အခန်း(၇၀၅) - လင်းဟွမ်၏ ဝမ်းနည်းမှု။

"ဒါ ဘယ်နေရာလဲ"

လင်းဟွမ်သည် သူရောက်နေသော နေရာနှင့် မရင်းနှီးသဖြင့် လှည့်ပတ်ကြည့်လိုက်သည်။ မည်သည့် နေရာ ရောက်နေလဲဆိုသည်ကို သိသွားသောအခါ တုန်လှုပ်သွား၏။

ဒါသည် အခန်းတစ်ခန်း၊ ဧည့်ခန်း၊ ရေချိုးခန်းနှင့် မီးဖိုချောင် ပါသော တိုက်ခန်းတစ်ခုပင ။ တိုက်ခန်း၏ အပြင်အဆင်မှာ အခြားကမ္ဘာသို့ ခရီးမသွားခင်

လွန်ခဲ့သော နှစ်နှစ်ခန့်က လင်းဟွမ် နေထိုင်ခဲ့သော တိုက်ခန်းပုံစံနှင့် တစ်ထပ်တည်း တူညီနေသည်။ အတိအကျ ပြောရလျှင် သူ ခရီးမထွက်ခင်က နေခဲ့သောအိမ်ပင် ။

ဆေးလိပ်သောက်နေစဉ် အိပ်ပျော်သွားသဖြင့် မတော်တဆ စီးကရက် မီးလောင်၍ အပေါက် ဖြစ်နေသော ဧည့်ခန်းထဲက ဆိုဖာပင် ရှိနေသေးသည်။ စားပွဲပေါ်တွင် သူချော်လဲစဉ်က အက်သွားသော ပြာခွက်လည်း ရှိနေသေးသည်။ ရုပ်မြင်သံကြားစက်အောက်ရှိ ပုံးထဲတွင် သူ စုဆောင်းထားသော ဝတ္ထုများလည်းရှိသေး၏။

လင်းဟွမ်သည် အိပ်ခန်းထဲ အမြန်ပြေးသွားသည်။ ကုတင်ပေါ်တွင် စောင်တစ်ဝက်က ခေါက်ထားပြီး တစ်ဝက်က ခြုံထားသည်။ ခေါင်းအုံးစွပ်မှာ နက်ပြာရောင်ဖြစ်ပြီး အိပ်ယာခင်းကလည်း လိုက်ဖက်သော ကြယ်ပွင့်ပုံများ ဖြစ်နေသည်။ သူ့လက်ပတ်နာရီနှင့် သော့များကို အိပ်ယာခေါင်းရင်း ဘယ်ဘက်ခြမ်းမှ မီးအိမ် အနားတွင် ချထားသည်။ ဂျင်းဘောင်းဘီ၊ တီရှပ်၊ အတွင်းခံ ဘောင်းဘီနှင့် ခြေအိတ်များကိုလည်း အိပ်ခန်း အပြင်ဘက် လေသာဆောင်တွင် ချိတ်ဆွဲထားသည်။

"ကမ္ဘာမြေပေါ် ပြန်ရောက်နေတာလား"

လင်းဟွမ်သည် လှည့်ပတ်ကြည့်ပြီးနောက် ခေါင်းရှုပ်လာ၏။ မှော်အကွာရာကို အသက်သွင်းပြီးနောက် ဖြစ်ပေါ်လာနိုင်သည့် သူ၏ အနက်ရှိုင်းဆုံးသော ကြောက်ရွံ့မှုများစွာကို တွေးတော ခဲ့ဖူးသော်လည်း ကမ္ဘာမြေပေါ်သို့ ပြန်ခေါ်လာမည်ဟု လုံးဝ မမျှော်လင့်ခဲ့ပေ။ အရာအားလုံးကို လိုက်ကြည့်နေသည့် အချိန်တွင် အိတ်ကပ်ထဲမှ လက်ကိုင်ဖုန်း တုန်ခါလာသည်။ လွန်ခဲ့သော (၂)နှစ်လုံးလုံး အင်ပါယာနှလုံးသားလက်စွပ်ကို အသုံးပြုနေခဲ့သဖြင့် မိုဘိုင်းလ်ဖုန်းများ ရှိနေခြင်းကိုပင် မေ့လုနီးပါး ဖြစ်နေခဲ့သည်။

သူသည် အိုင်ဖုန်း (၇) ကို ထုတ်လိုက်ပြီး ဖုန်းခေါ်နေသော နံပါတ်ကိုကြည့်လိုက်ရာ ရှောင်ဝမ် ဖြစ်ကြောင်း သိလိုက်ရသည်။ ဘာလုပ်ရမှန်း မသိပေ။

(ဖုန်းကိုင်သင့်လား....)

လွန်ခဲ့သော နှစ်နှစ်က ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်တွေ အရမ်းများခဲ့ပြီး ဤရှောင်ဝမ်က မည်သူလဲဆိုသည်ကို အမှန်တကယ် မမှတ်မိတော့ပေ။ လက်ထဲမှဖုန်းကို ကိုင်ထားရုံသာ ကိုင်ထားခဲ့ပြီး ဖုန်း မကိုင်ခဲ့ပေ။ သို့သော်လည်း ဖုန်းက တုန်ခါနေခြင်းမှာ ရပ်တန့်ခြင်း မရှိပေ။ ဤရှောင်ဝမ်ဆိုသည့် လူက

ခေါင်းမာသည်မှာ အသေအချာပင်။ လင်းဟွမ်သည် ဒါကို စဥ်းစားပြီးနောက် ဖုန်းကိုင်ရန် ဆုံးဖြတ်လိုက်သည်။

"ရှောင်ဝမ်...၊ ငါ့ကို ရှာနေတာလား"

လင်းဟွမ်သည် ပြောသာ ပြောလိုက်ရသော်လည်း ရှောင်ဝမ်က မည်သူလဲဆိုသည်ကို မသိပေ။

"ကိုလူချော၊ ဒီည ငါနဲ့အတူတူ သောက်မလား"

လင်းဟွမ်သည် စကားသံကို နားထောင်ပြီးနောက် မည်သူလဲဆိုသည်ကို ပြန်သတိရသွား၏။

ရှောင်ဝမ်၏ အမည်ရင်းမှာ ဝမ်ကျားဖြစ်ပြီး သူနှင့် တက္ကသိုလ်တစ်ခုတည်းမှ ဂျူနီယာလေးပင် ။

ထက်မြက်သူတစ်ယောက် ဖြစ်ပြီး သူနှင့်အလုပ်အတူတူ လုပ်နေကြသည်။ အလုပ်ထဲတွင်လည်း လင်းဟွမ်၏ ဂျူနီယာဖြစ်လာပြီး နောက်ပိုင်းတွင် အရက်သောက်ရန်၊ ဘားများနှင့် အနှိပ်ခန်းများအပြင် အပတ်တိုင်း အလုပ်တွင် ကူညီပေးရန် လင်းဟွမ်ကို ဖိတ်ခေါ်ခဲ့သည်။ ထို့နောက်ပိုင်းတွင် သူတို့နှစ်ယောက် ရင်းနှီးလာသည့်အတွက် ရံဖန်ရံခါ အတူတူ သောက်စား တတ်ကြသည်။

"ဒီနေ့ လုပ်စရာ ရှိသေးလို့ နောက်နေ့မှပဲ သွားရအောင်"

လင်းဟွမ်က ငြင်းလိုက်သည်။ လင်းဟွမ်သည် သူ့မှတ်ဉာဏ်များ ပြန် မရသေးသည့်အတွက် သူ့ကို သိသော လူတစ်ယောက်နှင့်တွေ့ပါက အလွယ်တကူ ပေါက်ကြားသွားလိမ့်မည်။

"အိုး ဟုတ်ပြီလေ။ လုပ်စရာရှိတာ ဆက်လုပ်ပါ။"

ရှောင်ဝမ် ဖုန်းချသွားသည်။

လင်းဟွမ်သည် တိုက်ခန်း ထဲတွင် လျှောက်သွားနေသည်။ မီးဖိုချောင်နှင့် ရေချိုးခန်းမှာ အတူတူ ဖြစ်နေပြီး ရေချိုးခန်းရှိ ကြမ်းခင်းမှာ စိုစွတ်နေသေးသည်။ မီးဖိုချောင်ထဲတွင်လည်း အမှိုက်များပင် ရှိနေသေးသည်။

လင်းဟွမ်သည် ခရီးမထွက်ခင် တစ်ရက်အလိုက သူ့အိမ် မည်ကဲ့သို့ ပုံစံလဲဆိုသည်ကို အကြွမ်းဖျင်း မှတ်မိနေသေးသည်။ ထို့နောက် ဖုန်းထုတ်ကာ ရက်စွဲကို ကြည့်လိုက်သည်။

(၂,၀၁၇) ခုနှစ် ဇွန်လ (၃) ရက်၊ စနေနေ့.....

သူ ထွက်ခွာမည့်နေ့......

"ဒါဆို ငါထွက်သွားတဲ့နေ့ကို ပြန်ရောက်နေတာလား"

လင်းဟွမ်သည် နာရီကို ကြည့်လိုက်ရာ မနက် (၉) နာရီ (၄၁) မိနစ် ဖြစ်နေသည်။

"ငါ မထွက်ခင် နာရီ တစ်ချက်ကြည့်ခဲ့တာ မှတ်မိသေးတယ်။ မနက် (၉) နာရီ (၄၁) မိနစ်ဆိုတော့ ငါ ထွက်သွားတဲ့အချိန်ပဲ"

လင်းဟွမ်သည် အဘယ်ကြောင့် တဒင်္ဂနှလုံးသား မှော်အကွဲရာက ဤနေရာကို စေလွှတ်ခဲ့လဲဆိုသည်ကို နားမလည်နိုင်ပေ။ လွန်ခဲ့သောနှစ်များ တစ်လျှောက် ကမ္ဘာမြေပေါ်တွင် နေထိုင်ခဲ့စဉ်က သူ့အတွက် ကြောက်လန့်စရာ ဘာတစ်ခုမှ မရှိခဲ့ချေ။ ကမ္ဘာမြေကြီးပေါ်သို့ သာလွန်အဆင့် မွန်းစတားတစ်ကောင် ပို့လိုက်ပါက တစ်ကမ္ဘာလုံးကို သတ်ပစ်နိုင်စွမ်း ရှိနေသည်။

လင်းဟွမ်သည် ညေ့ခန်းထဲ ပြန်သွားပြီး ဆိုဖာပေါ်တွင် ထိုင်လိုက်သည်။ နောက်ထပ် ဘာဆက်ဖြစ်လာမလဲ ဆိုသည်ကို မသိသဖြင့် စီးကရက်တစ်လိပ်ကို မီးညှိလိုက်၏။ တိတ်ဆိတ်မှုက သုံးမိနစ်သာ ကြာမြင့်ခဲ့သည်။

သူ့အိတ်ကပ်ထဲက ဖုန်းက နောက်တစ်ကြိမ် တုန်ခါလာခဲ့သည်။ ဖုန်းခေါ်ဆိုနေသည့်လူကို တွေ့လိုက်လျှင် အံ့အောသင့်သွားသည်။

သူ့အမေက သူကိုးနှစ်သားတွင် ကားမှောက်ပြီး ဆုံးပါးသွားခဲ့ပြီ။

ဖုန်း မကိုင်ခင် အချိန်အတော်ကြာ တုံ့ဆိုင်းပြီးနောက် ဖုန်းကိုင်လိုက်သောအခါ တစ်ဖက်မှ ရင်းနှီးသော အသံတစ်ခု ထွက်ပေါ်လာသည်။

"ရှောင်မူဒေါင်း၊ သီတင်းကျွတ်ပိတ်ရက် ရောက်ပြီ၊ နေ့လယ်စာ စားဖို့ အိမ်ပြန်မှာလား။ မင်းအတွက် ငရုတ်သီး၊ကြက်ဥ အကာတွေနဲ့ ဖက်ထုပ်လုပ်ထားတယ်"

ရှောင်မူဒေါင်း ဆိုသည်မှာ လင်းဟွမ်၏ နာမည်ပြောင်ပင် ။ သူ့အမေက သူ့အဖေကို မူဒေါင်းဟု ခေါ်ပြီး သူမွေးဖွားချိန်တွင် သူ့အဖေက သူ့ကိုရှောင်မူဒေါင်း ဟုခေါ်သည်။ ထို့ကြောင့်

ရှောင်မှုဒေါင်း ဆိုသည်မှာ လင်းဟွမ်၏ နာမည်ပြောင် ဖြစ်လာသည်မှာ သဘာဝပင်။

လင်းဟွမ်သည် ထိုအသံကို ကြားရသောအခါ မလှုပ်ရှားနိုင်တော့ပေ။ သူ့ အမေအသံကို ပြန်ကြားရလိမ့်မည်ဟု တစ်ခါမှ မတွေးခဲ့ဖူးပေ။ ငရုတ်သီး၊ ကြက်ဥအကာနှင့် ပြုလုပ်ထားသော ဖက်ထုပ်မှာ ငယ်စဉ် ကလေးဘဝက သူအကြိုက်ဆုံး အစားအစာပင်။ မူလတန်း ကျောင်းတွင် ရလဒ်ကောင်းများရတိုင်း သူ့အမေက သူ့ကို ဖက်ထုပ် လုပ်ကျွေးတတ်သည်။

"ဟယ်လို ကြားလား။ မင်းဘာလို့ စကား မပြောတာလဲ"

လင်းဟွမ် မျက်ရည်များ စီးကျလာပြီး

"မေမေ... လွမ်းတယ်"

"ဘာဖြစ်လို့လဲ၊ တစ်ယောက်ယောက်က မင်းကို အနိုင်ကျင့်လို့လား။"

သူ့အမေသည် သူ့ငိုသံကို မကြားသော်လည်း တစ်ခုခုတော့ မှားနေကြောင်း သိနေသည်။

"မကျင့်ပါဘူး"

လင်းဟွမ်က သူ့စိတ်သူ တည်ငြိမ်အောင်ထိန်းပြီး မေးလိုက်သည်။

"အဖေရော အိမ်မှာလား"

"မင်းအဖေလည်း ဒီမှာပဲ။ ခဏ မင်းအဖေကို ဖုန်းပေးလိုက်မယ်”

သူ့အဖေထံ ဖုန်းလှမ်းပေးလိုက်သည်။

"သား ဘာဖြစ်တာလဲ"

သူ့အဖေ၏ ထက်မြက်သောအသံက တစ်ဖက်မှ ထွက်ပေါ်လာသည်။ လင်းဟွမ်သည် မျက်ရည်များ

စီးကျလာသော်လည်း တည်ငြိမ်အောင် ထိန်းထားနိုင်ခဲ့သည်။

"အဆင်ပြေပါတယ် ဖေဖေ။ နောက်မှ အိမ်မှာ ဖက်ထုပ်စားကြမယ်"

"အေး လမ်းမှာလည်း ဂရုစိုက်အုံး"

သူ့အဖေက သတိပေးသည်။

လင်းဟွမ်သည် ဖုန်းချပြီးနောက် တစ်ကိုယ်လုံး တုန်ခါလာပြီး ငိုချလိုက်သည်။ သူ ကမ္ဘာမြေပေါ်တွင် ရှိစဉ်က သူ့အမေသည် သူ့အသက် ကိုးနှစ်အရွယ်တွင် ကား မတော်တဆမှုဖြင့် ကွယ်လွန်သွားခဲ့သည်။ ထိုအချိန်မှစ၍ သူ့အဖေသည် စိတ်ဓာတ်ကျလာပြီး

လင်းဟွမ် အသက် (၁၃) နှစ်အရွယ်တွင် နှလုံးရောဂါဖြင့် သေဆုံးသွားခဲ့သည်။

သူ့အဖွားက အထက်တန်းကျောင်းပြီး၍ တက္ကသိုလ်ဝင်သည်အထိ ပြုစု စောင့်ရှောက်ခဲ့သည်။ သူ့အဖွားလည်း တက္ကသိုလ် တက်ခါနီးတွင် ဆုံးပါး သွားခဲ့သည်။ လင်းဟွမ်သည် ချေးငွေဖြင့် တက္ကသိုလ်ကို တက်ခဲ့ရပြီး အချိန်ပိုင်းအလုပ် လုပ်ခဲ့ရသောကြောင့် အခြား သူများထက် အလုပ် ပိုကြိုးစားခဲ့ရသည်။

ဤကမ္ဘာမြေသည် သူမွေးဖွားခဲ့သော ကမ္ဘာတစ်ခု မဟုတ်ဘဲ သူ့မိဘများ ရှိနေသည့် အပြိုင်ကမ္ဘာတစ်ခုပင်။

ရိုးရှင်းစွာ ပြောရလျှင် ငယ်စဉ်ကတည်းက ဆုံးပါးသွားခဲ့သော မိဘများကို ပြန်တွေ့ရသဖြင့် မျိုသိပ်ထားသော စိတ်ခံစားချက်များ ကြွတက်လာပြီး သူ့ကိုယ်သူ ထိန်းချုပ်နိုင်စွမ်း လုံးဝ ဆုံးရှုံးသွားခဲ့သည်။

## အခန်း(၇၀၆) - ပထမလူအမြင်နဲ့ ငါ ပြန်လာမယ်။

"အဖေနဲ့အမေ အသက်ရှင်နေသေးတာလား..."

လင်းဟွမ်သည် ထိုင်ခုံပေါ်တွင် တဆတ်ဆတ် တုန်နေပြီး ကျဆင်းနေသော မျက်ရည်များကို မထိန်းနိုင်ခဲ့ချေ။

ခဏအကြာ တည်ငြိမ်လာသည်။

နာရီကို ပြန်ကြည့်ရာ မနက် (၁၀) နာရီကျော်နေပြီ။ မတ်တပ်ထရပ်ကာ ရေချိုးခန်းထဲ ဝင်သွားပြီး ကိုယ့်ကိုယ်ကို ပြန်ကြည့်လိုက်သည်။ မျက်လုံးများ

နီရဲနေသည့်မှလွဲ၍ ကျန်သည့်အရာများက ပုံမှန်အတိုင်း ကြည့်ကောင်းနေဆဲပင်။ မျက်နှာကို ရေအေးနှင့် သစ်ပြီးနောက် စိတ်များ လန်းဆန်း ကြည်လင်လာသည်။

တဒင်္ဂနှလုံးသား မှော်အကွခရာမှာ လူတစ်ယောက်၏ အတွင်းပိုင်း အနက်ရှိုင်းဆုံးမှ အကြောက်တရားကို ပြန်လည် နိုးထစေသော မှော်အကွခရာပင် ။ ထင်ယောင်ထင်မှား ဖြစ်ခြင်းနှင့် မတူညီဘဲ ဒါသည် ရုန်းမထွက်နိုင်ပေ။

မိနစ် (၁၀၀) ရှည်သော ရုပ်ရှင် ဇာတ်ကားတစ်ခုကို ကြည့်ရသကဲ့သို့ ဇာတ်လမ်းကို စက္ကန့်တိုင်း မကျော်ဘဲ ကြည့်နေရသည်။ တဒင်္ဂနှလုံးသား မှော်အကွခရာကို

အသက်သွင်းလိုက်သည်နှင့် ထိုလူသည် ဇာတ်လမ်းထဲမှ အခိုက ဇာတ်ကောင်နေရာတွင် မပြီးမချင်း ဆက်လက် လုပ်ဆောင်နေရသည်။

ထိုမှော်အကျွရာကို အသက် သွင်းခြင်းမှာ ဤမျှရိုးရှင်းသော လုပ်ဆောင်ချက်တစ်ခု မဟုတ်ကြောင်း သူ သိနေသည်။ အတိအကျ ပြောရလျှင် ဒါသည် လူသားများ၏ စိတ်ခံစားချက်ကို စမ်းသပ်သော စမ်းသပ်မှုတစ်ခုပင်။

"ငါ မထွက်နိုင်မှတော့ လုပ်စရာ တစ်နည်းပဲ ရှိတော့တယ်။ ဆက်သွားရမယ်။ ဒါပေမယ့် ဒီစစ်ဆေးမှုကို ငါ အောင်မြင်ရမယ်။ ငါ လုပ်နိုင်တာက

ဇာတ်လမ်းအတိုင်း စီးမျောသွားပြီးတော့ ဇာတ်ရှိန်တက်အောင် လုပ်ရမယ်...။ ရှောင်ဖိန်..."

တိုးတိုးလေး ခေါ်လိုက်သော်လည်း မည်သူမျှ ပြန်မဖြေ။

"ရှောင်ဖိန်..."

အော်ခေါ်သည်။ ဤတစ်ကြိမ်တွင် ရှောင်ဖိန်နှင့် အသိစိတ်ချင်း ဆက်သွယ်ရန် ကြိုးစားကြည့်ခဲ့သည်။ သို့သော်လည်း တုံ့ပြန်မှုမရှိဘဲ သဲထဲ ရေလောင်းသကဲ့သို့ ပျောက်ကွယ်သွားသည်။

"ငါ့ရဲ့ ယုံကြည်စိတ်ချရတဲ့ ရွှေလက်ချောင်းစနစ်က အဖြေ ပြန်မပေးဘူး"

လင်းဟွမ် ထိတ်လန့်သွား၏။ ခန္ဓာကိုယ်ကို စမ်းကြည့်ခဲ့သော်လည်း အလုပ် မလုပ်ပေ။ ပိုင်၊ ချောကလက်လေးနှင့် သွေးရဲရဲလေးကို ဆင့်ခေါ်ရန် ကြိုးစားသော်လည်း ဘာမှ ဖြစ်မလာချေ။

"မဖြစ်နိုင်ဘူး..."

တစ်ခုခုမှားနေကြောင်း သိသွားသည်နှင့် နှလုံးခုန်သံများ မြန်ဆန်လာသည်။ ကံကြမ္မာစွမ်းအားကို အသုံးပြုရန် ကြိုးစားသော်လည်း မည်သည့်အရာကိုမှ အာရုံမခံမိပေ။ စိတ်စွမ်းအားလည်း အလားတူပင် ။ စိတ်ဝိညာဉ် ဓားမြှောင်များလည်း မဆင့်ခေါ်နိုင်တော့ချေ။

အဆင့်ငါး ရောက်နေပြီဖြစ်သော ဓါးတာအိုကိုလည်း အသက် မသွင်းနိုင်ခဲ့ချေ။

"စုန်းအတတ်..."

နောက်ဆုံး မျှော်လင့်ချက်ဖြစ်သော မှော်တာအို စာအုပ်ကို ဆင့်ခေါ်ရန် ကြိုးစားခဲ့သော်လည်း ဘာမှ မဖြစ်လာပေ။ သူ့ခန္ဓာကိုယ်က သေဆုံးသွားသလို ခံစားလိုက်ရသည်။ ယခုမူ သူသည် အကူအညီမဲ့နေသော သာမန် လူသားတစ်ယောက်သာ ......

"ဒါကို ငါ ကြောက်တယ်..."

အရာအားလုံးကို ထိန်းချုပ်နိုင်သည်ဟု သိထားသော အတုယောင် နတ်ဘုရား၏ လက်မောင်း၊ ပင်လယ်ဘုရင်

မွန်းစတားနှင့် တွေ့ကြုံရသည့် အချိန်ကပင် ကြောက်ရွံ့မှုကို ဤမျှ မခံစားခဲ့ဖူးပေ။ သို့သော်လည်း ယခုအချိန်တွင် သူ၏ ထိန်းချုပ်မှုအတွင်းတွင် မည်သည့် အရာမျှ မရှိတော့ချေ။

"တကယ်လို့ မော်အကၡရာက ပင်လယ်ဘုရင် မွန်းစတား ဒါမှမဟုတ် အတုယောင် နတ်ဘုရားရဲ့ လက်မောင်းဆီ ပို့လိုက်ရင် ငါသေချာပေါက် သေလိမ့်မယ်။ အဲ့ဒါက ငါ့ရဲ့အကြီးမားဆုံး စိုးရိမ်မှုပဲ။ မော်အကၡရာရဲ့ ဇာတ်ညွှန်းက ဘာလဲဆိုတာ မသိတော့ဘူး...။ ထားလိုက်ကွာ... ရောက်နေပြီ ဆိုမှတော့ ဖြစ်ချင်ရာဖြစ် စီးမျောလိုက်မယ်"

လင်းဟွမ်သည် သက်ပြင်း တစ်ချက်ချပြီး မှန်ထဲ လှမ်းကြည့်လိုက်သည်။ ယခုအခါ သူ့မျက်နှာက မရင်းနှီးဘဲ သူ့အတွက် စိမ်းနေသည်။

နောက်ဆုံးတွင် လွန်ခဲ့သော နှစ်နှစ်ကတည်းက အခြားခန္ဓာကိုယ် တစ်ခုထဲတွင် ရှိနေခဲ့သည်။ ယခုအခါ ခန္ဓာကိုယ် ကွာခြားသည်ဟု ခံစားရခြင်း ဖြစ်ကောင်း ဖြစ်နိုင်သည်။ အခြား တစ်ဖက်တွင်မူ ရှိပြီးသား အရာအားလုံးနှင့် ဘာမှ မသက်ဆိုင်သလို ခံစား နေရသည်။ ကိုယ့်ကိုယ်ကို စိုက်ကြည့်ပြီးနောက် အတွေးပေါင်းများစွာနှင့် ခေါင်းညိတ်လိုက်သည်။

ရေချိုး၊ အဝတ်အစား လဲပြီးသည်နှင့် အခန်းထဲမှ ထွက်လာခဲ့သည်။ အိမ်မှထွက်လာပြီးနောက် မိဘများကို သွားကြည့်ရန် တက္ကစီ တားလိုက်သည်။

နှစ်ပေါင်းများစွာ ကြာပြီးနောက် သူတို့ကိုပြန်တွေ့ရန် မစောင့်နိုင်တော့ချေ။ သူငယ်ရွယ်စဉ်က သေဆုံးသွားသောကြောင့် ယခုလက်ရှိ သူက အသက် (၂၅) နှစ်အရွယ် လူတစ်ယောက် ဖြစ်နေသည့်အချိန်တွင် သူတို့ပုံစံက မည်ကဲ့သို့ ဖြစ်နေမလဲ ဆိုသည်ကို မသိတော့ချေ။

နာရီဝက်ခန့် ကြာသောအခါ တက္ကစီကားလေးသည် ရွာအိုလေး၏ အပြင်ဘက်တွင် ရပ်လိုက်သည်။ သူသည်

ဤနေရာသို့ မရောက်ခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီ။ အကြောက်တရားများက ရင်ဘတ်ထဲတွင် ပွက်ပွက်ဆူလာသည်။

ရှုပ်ထွေးသော ခံစားချက်များ ပြည့်နှက်နေသည့် စိတ်ဖြင့် တံခါးဝတွင် ရပ်လိုက်သည်။ မျက်လုံးထဲမှ မျက်ရည်များ စီးကျလာသလို နှလုံးခုန်နှုန်းလည်း မြန်လာ၏။

မိဘများနှင့် တွေ့သောအခါ ဘာပြောရမှန်း မသိချေ။ ကိုယ့်ကိုယ်ကို မဖော်ထုတ်နိုင်ပေ။ အသက် ခပ်ပြင်းပြင်းလေး ရှူ၍ နှစ်မိနစ်ခန့် စိတ်တည်ငြိမ်အောင် လုပ်ပြီးနောက် သတ္တိမွေးကာ လမ်းလျှောက်သွားသည်။

မိနစ်အနည်းငယ် ကြာသောအခါ အိမ်အိုလေးသို့ ရောက်ရှိလာသည်။ တံခါးမှာမူ အိမ်နှင့် ဆန့်ကျင်ဘက်ဖြစ်ကာ တံခါးအသစ် ဖြစ်သော်လည်း သူ မှတ်မိနေသေးသည်။

"ခါးသွေးကျောက်က အားကြီးတဲ့ခါးကို ဖြစ်စေတယ်။ ခါးသီးတဲ့ အအေးဓါတ်က ချယ်ရီတွေကို သင်းပျံ့ မွှေးကြိုင်စေတယ်။ ရေစီးကြောင်းတွေက ဆောင်းတွင်း နွေဦးကို ဖြစ်စေတယ်"

"ငါ့အဖွား ဆုံးသွားတဲ့အချိန်မှာ ငါ့ကိုယ်ငါ သတိပေးတဲ့အနေနဲ့ ရေးခဲ့တဲ့စာပဲ။ သို့သော်လည်း ငါ့လက်ရေးကို မှတ်မိသေးတယ်။ စာတိုင်းက

အလွတ်ရေးခဲ့တာ မဟုတ်ဘူး တစ်နေရာမှာ ဖတ်ဖူးတဲ့ စာတွေကို ပြန်ရေးထားတာပဲ”

လင်းဟွမ်သည် ထိုနေရာတွင် ရပ်နေရင်း အမှတ်တရများ ပြန်ပေါ်လာသည်။

လူခေါ်ခေါင်းလောင်းကို မနှိပ်ခင် ပြောမည့် စကားများကို ကြိုတင် စီစဉ်နေသည်။

ခဏအကြာ တံခါးပွင့်လာပြီး လူတစ်ယောက် လာရပ်သောအခါ သူ့စိတ်ထဲ ဗလာကျင်းသွားသည်။ ပြင်ဆင်ထားသမျှ အငွေ့ပျံ ထွက်သွားသည်။ သူတွေးမိသည်မှာ သူ့ရှေ့တွင် ရပ်နေသောလူက လူလတ်ပိုင်း အမျိုးသားတစ်ယောက် ဖြစ်နေသည်။

ဖခင်ဖြစ်သူ၏ပုံစံက ပြောင်းလဲခြင်း မရှိသော်လည်း ကိုယ်အလေးချိန် တက်လာပြီး ဆံပင်များက ယခုအခါ မီးခိုးရောင် ဖြစ်နေပြီ။ သူ ချက်ချင်း မှတ်မိသည်။ ထိုနေရာတွင် ကျောက်ရုပ်ကဲ့သို့ ဖြစ်နေပြီး စကားပြောရန် ကြိုးစားသော်လည်း မအောင်မြင်ခဲ့ပေ။ ခံစားချက်များက ပွက်ပွက်ဆူလာပြီး မျက်လုံးထဲမှ မျက်ရည်များ စီးကျလာသည်။

"တောက်စ်... ဘောပဲကွာ..."

ခံစားချက်များကို မျိုသိပ်ရမည်ဟု ကိုယ့်ကိုယ်ကို ပြောခဲ့သည်။

"မင်း ပြန်လာပြီလား..."

ဖခင်ဖြစ်သူက ပြုံးပြီးကြည့်နေသည်။ တစ်ခုခု မှားနေကြောင်း သတိထားမိသွားသဖြင့်

"ဘာဖြစ်တာလဲ..."

"အဖေ..."

လင်းဟွမ်သည် ရင်းနှီးသောအသံကို ကြားလျှင် အသိစိတ် လွတ်သွားပြီး ပြေးဖက်လိုက်သည်။

ဖခင်ဖြစ်သူကို တင်းတင်းကျပ်ကျပ်ဖက်၍ မျက်ရည်များ အတားအဆီးမရှိ စီးကျလာသည်။ ထိန်းသိမ်းနိုင်ခြင်း မရှိတော့ပေ။ နှုတ်ခမ်းများ တဆတ်ဆတ် တုန်နေပြီး ထိုစကားတစ်ခွန်းသာ ပြောနိုင်လိုက်သည်။

“အဖေ… ငါ အရမ်း လွမ်းတယ်”

“ဘာဖြစ်နေတာလဲ။ မင်းက နို့စို့ကလေးလား…”

ဖခင်ဖြစ်သူ ကြောင်နေသည်။

ယခုအခါ သူ့ထက် အရပ်ပိုမြင့်သော သားဖြစ်သူကို ခေါင်းပုတ်လိုက်သည်။

လင်းဟွမ်သည် စိတ်တည်ငြိမ် သွားပြီးနောက် ပြန်လွှတ်ပေးလိုက်သည်။

“အဆင်ပြေပါတယ်။ အမေရော ဘယ်မှာလဲ…”

“အေး… မီးဖိုချောင်ထဲမှာ ဟင်းသီးဟင်းရွက် လှီးနေလေရဲ့…”

ဖခင်ဖြစ်သူက သံသယစိတ်နှင့် လှမ်းကြည့်နေသည်။

လင်းဟွမ်သည် မျက်လုံးချင်း မဆုံမိအောင် အကြည့်ချင်းရှောင်ပြီး မီးဖိုထဲ တိုက်ရိုက် လျှောက်သွားလိုက်သည်။

မိခင်ဖြစ်သူက ထိုင်ခုံပေါ်တွင် ဟင်းသီးဟင်းရွက်များ လှီးနေသည်။

ပင်စည်များကို လှီးပြီး ပလတ်စတစ်တောင်းထဲ ပစ်ထည့်နေသည် ။ မီးဖိုချောင် အဝင်ဝတွင် လူတစ်ယောက် ရောက်နေသောကြောင့် အရိပ်ကျနေသည်ကို သတိထားမိပြီး ခေါင်းမော့ ကြည့်လာသည်။

“အို… မင်း ပြန်ရောက်ပြီလား…”

မိခင်ဖြစ်သူက သူ့ကို ပြုံးပြီးကြည့်နေသည်။

သူမက ကိုယ်အလေးချိန် ကျသွားပြီး မျက်လုံးထောင့်တွင် အရေးအကြောင်းများ ရှိနေသည်။ သူမှတ်မိသည်နှင့် အနည်းငယ် ကွဲလွဲနေသော်လည်း မှတ်ဉာဏ်များ ပြန်ပေါ်လာသည်။

“မေမေ…”

စိတ်တည်ငြိမ်အောင် လုပ်ပြီး သူမထံ လျှောက်သွားပြီးနောက် အသီးအရွက်များကို အမျိုးအစားများ ခွဲခြားရန် ကူညီပေးလိုက်သည်။

"ရတယ်... ရတယ်။ ငါ့ဘာသာ ငါ လုပ်လိုက်မယ်။ မင်းအဖွားနဲ့ စကာ သွားပြောချည်"

မိခင်ဖြစ်သူက ပြောလိုက်သည်။

"အဖွားလား..."

ထိုစကားကိုကြားလျှင် လင်းဟွမ်၏ လက်များ ရပ်တန့်သွား၏။

"အဖွား ဘယ်မှာလဲ..."

"ဧည့်ခန်းထဲမှာ တီဗွီကြည့်နေတယ်။ ကံကြမ္မာရဲ့ တိုက်ခိုက်ရေးသမား ဆိုတဲ့ ဇာတ်လမ်းတွဲလေ၊ နေ့တိုင်း

အဲ့ကားပဲ ကြည့်နေတာ။ အမေက မျက်လုံးလေး မှိတ်ရင်တောင် ပြုံးနေလေရဲ့…”

“အဖွားကို သွားတွေ့လိုက်ဦးမယ်…”

လင်းဟွမ်သည် ဤကမ္ဘာပေါ်တွင် အဖွားက သက်ရှိထင်ရှား ရှိနေလိမ့်မည်ဟု မမျှော်လင့်ထားသဖြင့် ချက်ချင်း မတ်တပ်ထရပ်လိုက်သည်။

အခန်းတံခါးဝသို့ ရောက်သောအခါ သစ်သား ပက်လက် ကုလားထိုင်ပေါ်တွင် တစ်ခေါင်းလုံး ဆံဖြူနေသော အဖွားအိုကို တွေ့လိုက်ရသည်။ ထိုအဖွားအိုသည် တီဗွီကိုငေးကြည့်နေပြီး လင်းဟွမ်၏ တည်ရှိမှုကို သတိမထားမိပေ။

မျက်နှာ တစ်ဝက်ခန့်သာ မြင်ရသော်လည်း လင်းဟွမ်၏ စိတ်ခံစားချက်များ မြင့်တက်လာပြီး ပေါက်ကွဲထွက်လာသည်။ ဖခင်ဖြစ်သူ ဆုံးပါးသွားကတည်းက သူ့ကို ပြုစုပျိုးထောင်ပေးခဲ့သောလူ ဖြစ်သည်။ အသက် (၁၃) နှစ်မှ (၁၈) နှစ်အထိ ပြုစုပျိုးထောင် ပေးခဲ့ခြင်းပင်။

ကံဆိုးစွာဖြင့် သူအလုပ် မဝင်ရသေးခင် အဖွားဖြစ်သူက ဆုံးပါးသွားခဲ့သည်။

“အဖွား… ငါ ပြန်လာပြီ…”

လင်းဟွမ်သည် ထိုကဲ့သို့ ပြောရင်း မျက်ရည်များ စီးကျလာပြန်သည်။

# အခန်း(၇၀၇) - ပထမလူ၏အမြင်ကို ကြည့်ရန် လက်ထပ်ခြင်း။

သူ အလုပ် စလုပ်သည့်အချိန်တွင် မိဘများ ရှိပါက ဘယ်လိုပုံစံ ဖြစ်နေမလဲဆိုသည်ကို စိတ်ကူး ယဉ်ခဲ့ဖူးသည်။ သို့သော်လည်း တဒင်္ဂနှလုံးသား မှော်အကွရာ အကူအညီနှင့် ဤကဲ့သို့ ပြန်တွေ့ရလိမ့်မည်ဟု မည်သည့် အချိန်ကမျှ မထင်ထားခဲ့မိချေ။ ဤကဲ့သို့ ပြန်လည်ဆုံစည်းမှုကို နှလုံးသား တစ်ခုလုံးက တောင့်မခံနိုင်ပေ။ ဒါသည်

အစစ်အမှန် မဟုတ်ကြောင်း သိနေသော်လည်း မည်သို့ပင် ဆိုစေကာမူ ကျေနပ်နေသည်။

ပျော်စရာကောင်းသော မိသားစုလေး အဖြစ် နေ့လယ်စာ ဖက်ထုပ်စားခဲ့ပြီး ပျော်ရွှင်မှုကို ခံစား၍ မဝနိုင်အောင် ဖြစ်နေရသည်။

သို့သော်လည်း အဖွားရှေ့တွင် အသိစိတ် လွတ်သွားမည်ကို စိုးရိမ်သောကြောင့် အကြာကြီး မနေရဲပေ။ ထို့ကြောင့် အကြောင်းပြချက် တစ်ခုပေးပြီး ထွက်လာခဲ့သည်။

အဘွားသည် ထက်မြက်သော အမျိုးသမီး တစ်ယောက် ဖြစ်သဖြင့် မိဘများရှေ့တွင် ငိုရဲသော်လည်း

သူမရှေ့တွင် မည်သည့်စကားမျှ မပြောရဲပေ။ မျက်လုံးများ နီရဲနေသည့်အကြောင်းကို မေးသောအခါ မိခင်ဖြစ်သူ၏ စကားကြောင့် ခက်ခဲသောအခြေအနေမှ လွတ်မြောက်ခဲ့ခြင်းပင်…။

“ ရှောင်မူဒေါင်…အဆင်ပြေလား။ သူ့မျက်လုံးထဲ တစ်ခုခု ဝင်သွားတာ ဖြစ်မှာပါ အမေရာ….”

ကျောင်းပိတ်ရက်တွင် မိဘများနှင့်နေခဲ့ပြီး လူမစုံခဲ့သော အိမ်လေးတွင် နှစ် (၂၀) ကြာ ဆုံးရှုံးခဲ့သော မိသားစုနှင့် ပြန်လည်ဆုံတွေ့ပြီး ပျော်ရွှင်စွာ ဖြတ်သန်းခဲ့သည်။

တနင်္ဂနွေနေ့တွင် ညစာစားပြီးနောက် တက်စီတစ်စီး လှမ်းခေါ်ပြီး ပြန်လာခဲ့သည်။ နှစ်ရက်လုံးလုံး ပျော်ရွှင်စရာ အမှတ်တရများစွာ ဖန်တီးပြီး အလုပ်ခွင်သို့ ပြန်လာခဲ့သည်။

တနင်္လာနေ့ မနက်...

အလုပ်နှင့် ရင်းနှီးစေရန် အချိန် ပိုလိုအပ်သောကြောင့် ရုံးကို စောစော ထွက်လာခဲ့သည်။ တဒင်္ဂနှလုံးသား မှော်အကျွရာ၏ ဇာတ်ညွှန်းအရ ဤအတိုင်း ရေးထားသဖြင့် အလုပ်ထွက်ရမည့်အစား အလုပ် ဆက်လုပ်ရန် ရွေးချယ်ခဲ့သည်။ ဇာတ်ညွှန်း၏ အစိတ်အပိုင်းတစ်ခု မှားယွင်းသွားသည်နှင့် အပြန်အလှန်

အကျိုးသက်ရောက်မှု ဖြစ်ပေါ်လာကာ ထိန်းချုပ်၍ မရအောင် ဖြစ်လာလိမ့်မည်။ ဇာတ်ညွှန်းတိုင်း မျောပါသွားပါက ဖြစ်လာမည့်ပုံစံကို ကြိုတင်တွေးတောနိုင်အောင် လမ်းကြောင်းများ ပေးထားသည်။

ဇာတ်ညွှန်းကို ပြောင်းလဲလိုက်ပါက ခန့်မှန်း၍ မရသောအရာများ ဖြစ်လာပေလိမ့်မည်။

မနက် (၇) နာရီတွင် ရုံးရောက်လာပြီး ထိုင်ခုံကို ချက်ချင်း ရှာလိုက်သည်။ ထို့နောက် ကွန်ပျူတာစကားဝှက်ကို ဖွင့်ရန် အချိန်အတော်လေး ပေးလိုက်ရသည်။ ကွန်ပျူတာထဲ ဝင်လိုက်သည်နှင့် ယခု

လတ်တလောတွင် ဘာများ လုပ်ဆောင်နေလဲ ဆိုသည်ကို ကြည့်လိုက်သည်။

မရင်းနှီးသော်လည်း မကြာခင် ကွန်ပျူတာနှင့် ရင်းနှီးလာခဲ့ပြီး ဇယားကွက် တစ်ခုထဲတွင် သူ့အလုပ်စာရင်းကို တွေ့လိုက်သည်။ ထို့နောက် စာရင်းအတိုင်း စာရွက်စာတမ်းများကို စတင် စစ်ဆေးလိုက်သည်။

မနက် (၇) နာရီ (၄၀) တွင် အဖွဲ့ထဲမှ ရှောင်ဝမ် ရောက်လာသည်။ သူ့ကိုတွေ့သည်နှင့်

"အစ်ကိုလင်း။ ရောက်နေပြီလား"

လင်းဟွမ်က ခေါင်းညိတ်ပြပြီး အလုပ်ဆက်လုပ်နေသည်။ အရောင်းနှင့် ဈေးကွက်မြှင့်တင်ရေးမာကတ်တင်းအဖွဲ့ (၆) ဖွဲ့ ရှိသည်။ လင်းဟွမ်က သူ့လက်အောက်တွင် ဝန်ထမ်း (၁၀) ယောက်ရှိသော ကြီးကြပ်ရေးမှူး တစ်ယောက် ဖြစ်သလို အသင်းခေါင်းဆောင် တစ်ယောက်လည်း ဖြစ်သည်။

အလုပ်နှင့် ရင်းနှီးစေရန် အချိန်အနည်းငယ်ယူပြီးနောက် စားပွဲပေါ်တွင် ဌာနတစ်ခုချင်းစီနှင့် ဆက်သွယ်ရမည့် စာရင်းကိုကြည့်ပြီး နာမည်များကို ခေါင်းထဲ အလွတ်ကျက်လိုက်သည်။ စေ့စေ့စပ်စပ် ပြင်ဆင်ပြီးနောက် ပေါက်ကြားနိုင်ချေ မရှိတော့ချေ။

မကြာခင် တစ်ပတ်ကုန်သွားပြီး အလုပ်ထဲတွင် အဆင်ပြေ ချောမွေ့သွားသည်။ ပိတ်ရက်ဆိုလျှင် မိဘများနှင့် သွားတွေ့သည်။ စနေနေ့ ညတစ်ခုတွင် ညစာစားပြီးနောက် မိခင်ထံမှ အနေရခက်သော စကားလမ်းကြောင်းတစ်ခု ထွက်ပေါ်လာသည်။

"ရှောင်မူဒေါင်.. မင်း အသက်လည်း မငယ်တော့ဘူး။ (၂၅) နှစ် ရှိနေပြီ။ ရည်းစားနဲ့ လက်ထပ်သင့်ပြီ.."

လင်းဟွမ်သည် ထိုစကားကို ကြားလျှင် ကြောင်သွားသည်။

'အိမ်ထောင်ရေး ဇာတ်လမ်း ပြောင်းရတော့မှာလား..'

ထို့နောက် ခေါင်းညိတ်ပြီး ပြုံးလိုက်မိသည်။

"အမေ ကျွန်တော်လည်း လိုချင်ပါတယ်။ ဒါပေမယ့် သင့်တော်တဲ့လူ အရင် ရှာရဦးမှာ"

"မင်း... အန်တီလုရဲ့သမီးလေးကို သိတယ် မဟုတ်လား။ မင်းထက် တစ်နှစ်ခွဲလောက် ငယ်တယ်လေ။ သူမက အခုဆိုရင် အလုပ်သင် ဖြစ်နေပြီ။ တော်တော်လေး ချစ်စရာ ကောင်းတယ်.."

မိခင်ဖြစ်သူက တောက်ပစွာ ပြုံးပြီးပြောလိုက်သည်။

"တွေ့ဖို့ စိတ်ဝင်စားလား.."

"သူမက သားကို တွေ့ချင်လား အပေါ်မှာပဲ မူတည်တယ်"

အမေဖြစ်သူက သူ့ကို အိမ်ထောင်ချပေးရန် မစောင့်နိုင်တော့ကြောင်း သိနေသည်။

"မနက်ဖြန် တနင်္ဂနွေနေ့ပဲ၊ တကယ်လို့ မင်း တွေ့ချင်တယ်ဆို တွေ့လို့ရတယ်"

မိခင်ဖြစ်သူက မစောင့်နိုင်တော့သည်မှာ တော်တော်လေး ထင်ရှားနေသည်။

"ဒါဆိုလည်း ကောင်းပြီလေ။ တွေ့ကြည့်လိုက်မယ်.."

လင်းဟွမ်သည် အိမ်ထောင်ရေးနှင့် ပတ်သက်၍ မည်သည့် ထင်မြင်ချက်မျှ မရှိပေ။ ဇာတ်လမ်းက မည်ကဲ့သို့ ဖြစ်လာမလဲဆိုသည်ကို မသိသောကြောင့် ဇာတ်လမ်းအတိုင်း မျောပါသင့်သည်ဟု ထင်သည်။

ထို့ကြောင့် မည်သည့်နည်းနှင့်ဖြစ်စေ သူမကို တွေ့ကြည့်ရမည်။

လင်းဟွမ်က အမျိုးသမီးနှင့် တွေ့ရန် သဘောတူပြီးနောက် ညစာ စား၊ ပန်းကန်ဆေးပြီးသည်နှင့် အမေဖြစ်သူက အန်တီလုထံ ဖုန်းဆက်သည်။ မိန်းကလေးဘက်ကလည်း သူနှင့် တွေ့ရန် သဘောတူခဲ့သည်။

ထို့ကြောင့် နောက်တစ်နေ့ မနက်တွင် ချိန်းထားသည့် အချိန်ထက် မိနစ် (၂၀) ခန့်စောပြီး ကော်ဖီဆိုင်ကို ထွက်လာခဲ့သည်။ ထို့နောက် ကော်ဖီတစ်ခွက် မှာပြီး စိတ်ရှည်ရှည် စောင့်ဆိုင်းနေလိုက်သည်။

မနက် (၉) နာရီတွင် တွေ့ဆုံရန် သဘောတူထားပြီး မနက် (၈) နာရီ မိနစ် (၅၀) တွင် လမ်းလျှောက်လာသည့် ရင်းနှီးသော လူတစ်ယောက်ကို မြင်လိုက်ရသည်။

ကောင်မလေးက ဂျင်းဘောင်းဘီ အတို၊ အဖြူရောင် တီရှပ်အကျႌ ဝတ်ဆင်ထားသည်။ မျက်နှာတစ်ဝက် ဖုံးသော နေကာမျက်မှန် တပ်ထားပြီး ကျစ်ဆံမြီး ကျစ်ထားသည်။ သူမက ကာကီညိုရောင် လက်ကိုင်အိတ်ကို ကိုင်ထားပြီး နွေရာသီ ဝတ်စားဆင်ယင်မှု ပုံစံနှင့် တောက်တောက်လေး လန်း၍ ကြည့်ကောင်းနေသည်။

ကော်ဖီဆိုင်ထဲ ဝင်လာပြီးနောက် သူ့ကိုမြင်လျှင် အံ့အားသင့်သွားသည်။ ထို့နောက် တစ်ချက် တုံ့ဆိုင်းသွားပြီး နေကာ မျက်မှန်ချွတ်ကာ သူ့ထံ လျှောက်လာသည်။

"မတွေ့ရတာ တော်တော်လေး ကြာပြီနော်.."

လင်းဟွမ်သည် တစ်ချိန်က သူ နမ်းဖူးချင်ခဲ့သော ကောင်မလေးနှင့် တွေ့ရလိမ့်မည်ဟု မမျှော်လင့် ထားခဲ့ပေ။

"မင်းနဲ့ ပြန်တွေ့ရမယ်လို့ မမျှော်လင့်ထားမိဘူး.."

ကျန်းယန်က ထိုင်ချလိုက်သည်။ ထို့နောက် သူတို့ နှစ်ယောက်လုံး တိတ်ဆိတ်သွားသည်။ သူမကို

ကြည့်ရသည်မှာ အနေရခက်နေပြီး မည်သည့်စကား ပြောရမှန်း မသိသလိုပင်....။

"ဘယ်တုန်းက ပြန်ရောက်တာလဲ.."

လင်းဟွမ်က အနေရခက်နေသော အခြေအနေကို ဘေးကင်းသော စကား အကြောင်းအရာနှင့် ချိုးဖောက်ရန် ဆုံးဖြတ် လိုက်သည်။

"အဲ.. လွန်ခဲ့တဲ့တစ်လကပဲ ပြန်ရောက်တာ"

ကျန်းယန်က မျက်မှန်အောက်မှ တိတ်တဆိတ် ခိုးကြည့်နေသည်။

"ယန်ယန်.. လက်ထပ်ရအောင်.."

ထိုစကားသည် ပါးစပ်ထဲမှ မည်ကဲ့သို့ လျှာချော်ပြီး ထွက်သွားလဲ မသိပေ။ နှစ်နှစ်နီးပါး အတူတူ အချိန် ဖြုန်းခဲ့ဖူးသော ကောင်မလေးကို လက်မလွှတ်ချင်ပေ။ ကမ္ဘာပေါ်တွင် လူတစ်ယောက်နှင့် လက်ထပ်ရ မည်ဆိုပါက သူမသည် ပြီးပြည့်စုံသော မိန်းကလေး တစ်ယောက်ပင်။

သူမက တုံ့ဆိုင်းနေပုံရပြီး တိတ်ဆိတ်သွားပြန်သည်။

“အိမ်မှာ မင်းနဲ့တူတူ အချိန်ပိုပေးမယ်။ မလိုအပ်တဲ့ အပျော်အပါးတွေ ငြင်းဖို့ ကြိုးစားမယ်”

သူမက သူ့ကို ဘာကြောင့် ထားခဲ့လဲဆိုသည်ကို ကောင်းကောင်း သိသည်။

“ကတိလား..”

ကျန်းယန်၏ မျက်လုံးများ တောက်ပလာပြီး

“ကတိ..”

လင်းဟွမ်က ခိုင်ခိုင်မာမာ ခေါင်းညိတ်လိုက်သည်။

“ငါ့ကို ကတိပေး။ ငါတို့ လက်ထပ်မယ်။ ကလေးနှစ်ယောက် မွေးမယ်။ အတူတူ အသက်ကြီးကြကြမယ်”

ကျန်းယန်က ပါးစပ်အုပ်ပြီး တခစ်ခစ် ရယ်မောနေသည်။

"ရေရှည် စီမံကိန်းကြီးကလည်း...... အရမ်းအရှက်မဲ့တာပဲ"

"ကတိပေးမယ် မဟုတ်လား...."

လင်းဟွမ်က သူ့မကို စိတ်အားထက်သန်စွာ ကြည့်နေသည်။ ယခင်က လူတစ်ယောက်နှင့် ဤမျှ တစ်သက်လုံး မနေချင်ခဲ့ပေ။

"ငါ့ကို လက်စွပ်တောင် မပေးရသေးဘူး ဟွန့်.."

ကျန်းယန်က နှုတ်ခမ်းစူပြီး အဝေးသို့ အကြည့်လွှဲသွားသည်။

"အာ.. .. ဒီနေ့ ဖွင့်ပြောမိမယ်လို့ ငါလည်း မတွေးမိဘူး.."

လင်းဟွမ်သည် ထိတ်လန့်သွားပြီး ချက်ချင်း ထရပ်လိုက်သည်။

"ဒီမှာ ခဏစောင့် ငါ သွားဝယ်လိုက်မယ်.."

"ဘာ ဝယ်မှာလဲ.."

"လက်စွပ်.."

"လက်စွပ် ဝယ်လာတာနဲ့ အင်း လို့ပြောမယ် ထင်နေတာလား.."

ကျန်းယန်က အကြံများစွာဖြင့် ပြုံးလိုက်သည်။

"မင်း.."

လင်းဟွမ် ကြောင်သွားသော်လည်း သူမ၏ စပ်ဖြဲဖြဲ အမူအရာကို သတိထားမိသွားသည်။

"ငါ ဂရုမစိုက်ဘူး။ တကယ်လို့ မင်း မရဘူးလို့ ပြောလည်း ငါ ဝယ်မှာပဲ။ ဟုတ်တယ်.. ဒီနေ့ မရရင် မနက်ဖြန် တောင်းဆိုမယ်။ မနက်ဖြန်မရရင် သဘက်ခါ တောင်းဆိုမယ်။ သဘက်ခါမရရင် ထပ်တောင်းဆိုမယ်။ နေ့တိုင်း တောင်းဆိုမယ်။ မင်းကို မရမချင်း တစ်သက်လုံး မရပ်မနား တောင်းဆိုနေမှာ"

"သေချာလား.."

ကျန်းယန်က ပြုံးပြီးမေးသည်။

"သေချာတာပေါ့။ ငါက တစ်ယောက်ဆိုတစ်ယောက် ပိတောက်ဆိုပိတောက်ပဲဆိုတဲ့ လူစားမျိုးပဲ"

လင်းဟွမ်က အလေးအနက် ပြောလိုက်သည်။

"အိုကေ.. ဒါဆို လက်ခံတယ်.."

လှပသော အမှတ်တရလေးများကို ဖန်တီးနေစဉ် သူမမျက်လုံးက တလက်လက် တောက်ပနေသည်။

# အခန်း(၇၀၈) - ငါ့ဘဝ၏ ပထမ လူတစ်ယောက် အမြင်။

ဒါသည် တဒင်္ဂနှလုံးသား မော်အကျွရာ၏ စမ်းသပ်မှုတစ်ခု ဖြစ်သောကြောင့် နောင်တရခဲ့သော ကိစ္စများကို ပြုပြင်ကြည့်ရန် ဆုံးဖြတ်လိုက်သည်။

ကျန်းယန်နှင့် လမ်းခွဲစကား မပြောခဲ့ပေ။ မိဘနှင့် အဖွားများ ဆုံးပါးသွားသည့်အချိန်တွင် မည်သူမျှ ဝမ်းနည်းကြေကွဲခဲ့ရကြောင်း သူသာသိသည်။ ဒါသည် သူကိုယ်သူ ယုံကြည်မှု ကင်းမဲ့သွားရသော အကြောင်းအရင်းပင် ။

လုံး၀ လွတ်ထွက်၍ နှလုံးသား၏ ဆန္ဒကိုလိုက်ကာ ကျန်းယန်ကို ဖွင့်ပြောရန် ဆုံးဖြတ်လိုက်သည်။

မိဘများကမူ ပထမဦးဆုံး တွေ့ဆုံမှုဟု ထင်နေသဖြင့် ကျန်းယန်နှင့် လက်ထပ်ဖြစ်လိမ့်မည်ဟု မျှော်လင့်ထားခဲ့ပေ။ ကျန်းယန်နှင့် စတင်တွေ့ရှိသည့် အချိန်တွင် မိဘနှစ်ပါးနှင့် အဖွားဖြစ်သူ ဆုံးပါးသွားခဲ့သည့်အတွက် သူမနှင့် မတွေ့ခဲ့ရပေ။ ဤအပြိုင်ကမ္ဘာတွင် တဒင်္ဂနှလုံးသား မှော်အကျွရာ ရေးသားထားသော ဇာတ်ညွှန်းထဲတွင်လည်း ကျန်းယန်က သူမိဘများနှင့် မတွေ့ဆုံဖူးသေးပေ။ သို့သော်လည်း သူတို့နှစ်ယောက်တွဲနေသည်မှာ (၂) နှစ်ခန့် ရှိနေပြီ ဖြစ်ကြောင်း

မိဘများကို အသိပေးလိုက်သောအခါ လက်ထပ်ချင်သည်ဟု ပြောခြင်းက အလျင်စလို ဆုံးဖြတ်ခြင်း မဟုတ်ကြောင်း မိဘများက သဘော ပေါက်သွားသည်။

တစ်ဖက်နှင့်တစ်ဖက် တွေ့ဆုံခဲ့ပြီးနောက် မကြာခင် လက်ထပ်မည့်နေ့ကို ဆုံးဖြတ်ခဲ့ကြသည်။

ဇူလိုင်က (၇) ရက်နေ့မှာ တရုတ် ပြက္ခဒိန်တွင် တရုတ်ချစ်သူများနေ့ပင် ။ မင်္ဂလာပွဲကို (၂) လခွဲ အကြာတွင် ကျင်းပရန် ဆုံးဖြတ်ခဲ့ကြသည်။ အချိန်များက လျင်မြန်စွာ ကုန်ဆုံးသွားခဲ့ပြီး မကြာခင် ကြီးကျယ်ခမ်းနားသော နေ့တစ်နေ့ ရောက်ရှိ လာခဲ့သည်။

ကျန်းယန်သည် အများသူငါ ကြားတွင် ကျက်သရေရှိသော ငန်းမလေး တစ်ကောင်ကဲ့သို့ အဖြူရောင် မင်္ဂလာဝတ်စုံကို ဝတ်ဆင်ထားသည်။ ကံကောင်းသည်မှာ လင်းဟွမ်က ဖားပြုတ် တစ်ကောင် မဟုတ်ခဲ့ပေ။ သို့သော်လည်း အနက်ရောင် အနောက်တိုင်း ဝတ်စုံကို ဝတ်ထားသော ငန်းနက်တစ်ကောင်ဟု ပြောနိုင်သည်။

နှစ်ဖက်မိဘများ၏ သက်သေခံမှု ရှေ့မှောက်တွင် မင်္ဂလာလက်စွပ်ကို လဲလှယ်ခဲ့ကြသည်။ သူမ၏ လှပသောလက်သူကြွယ်တွင် မင်္ဂလာလက်စွပ် စွပ်ပေးလိုက်သည့် အချိန်၌ အလွန် အောင်မြင်သည်ဟု

ခံစားခဲ့ရသည်။ ချိန်းတွေ့ခဲ့သည့် (၂) နှစ်တာကာလအတွင်း ဤကောင်မလေးနှင့် တစ်သက်လုံး ပေါင်းသင်းရန် နှစ်ကြိမ်ထက်မက စဉ်းစားခဲ့ဖူးသည်။

လျှပ်တစ်ပြက် နှလုံးသား ဝိညာဉ်တက်တူးကြောင့် ဤအိပ်မက်က အမှန်တကယ် ဖြစ်လာလိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။ မိဘများနှင့် အဖွားက အသက်ရှင်နေသေးသည်။ ဘဝ၏ချစ်သူနှင့် လက်ထပ်ခဲ့ရသည်။ ဘဝတွင် နောင်တရစရာ မကျန်တော့ပေ။

သို့သော်လည်း ဇာတ်လမ်းက ဆက်ရန် ရှိနေသေးကြောင်း သူကောင်းကောင်း သိနေသည်။

ဘဝက အဆင်ပြေ ချောမွေ့လွန်းလှ၏။ ပြီးပြည့်စုံလှ နီးပါးပင်....။

ယခုလက်ရှိအချိန်ထိ တဒင်္ဂနှလုံးသား မော်အကျွဲရာက မည်သည့်အရာ စမ်းသပ်ချင်လဲဆိုသည်ကို မသိသေးပေ။

ညဘက်တွင် ကျန်းယန်နှင့် သူ့ကို သူငယ်ချင်းများနှင့် မိသားစုများက မင်္ဂလာခန်းထဲ လိုက်ပို့ပြီး ပြန်သွားကြသည်။

မီးပိတ်လိုက်သည်နှင့် လေသာဆောင် လျှာထိုးတံခါးမှ တဆင့် လရောင်က ခုတင်ပေါ် ဖြာကျနေသည်။

အဝတ်အစား ချွတ်နေသော ကျန်းယန်ကို လရောင်အောက်တွင် တွေ့နေရပြီး နှလုံးတွေ တဒိတ်ဒိတ်

ခုန်နေသည်။ သူမ၏ အသားအရေမှာ နှင်းများကဲ့သို့ ဖြူစင်ပြီး တောက်ပနေ၏။ ထိုအခိုက်အတန့်တွင် လင်းဟွမ်သည် လုံးဝ မျောပါသွားပြီး နှလုံးသား တဖျပ်ဖျပ်ခုန်ကာ အရာအားလုံး မေ့သွားခဲ့သည်။

ဒုတိယနေ့ မနက်တွင် အိပ်ရာနိုးလာသောအခါ တစ်ခုခု မေ့နေသလို ခံစားရသည်။ မည်သည့်အရာမျှ မမှတ်မိနိုင်ပေ။ အရက်နာကျ၍ ခေါင်းကိုက်နေသည့်အပြင် လက်တွေ့ မဟုတ်သော ခံစားချက်ကိုလည်း ခံစားရသည်။

“လင်ကျား၊ ဒီမှာ ပျားရည်ဂျင်း လက်ဖက်ရည် ယူလာတယ်.. သောက်လိုက်”

ကျန်းယန်က ဖန်ခွက်တစ်ခွက် ကိုင်ပြီးယူလာသည်။

လင်းဟွမ်က ခွက်ကိုယူပြီး သူမကိုကြည့်ကာ တစ်ငုံ သောက်လိုက်သည်။

"ငါတို့တွေ အခုတော့ အခေါ်အဝေါ် ပြောင်းသင့်ပြီ ထင်တယ် မိန်းမ"

ငုံ့ကြည့်နေသော ကျန်းယန်က မျက်လွှာချပြီး မျက်နှာက နီရဲသွားသည်။

"ကောင်းပြီလေ.. ယောက်ျား.."

"ဒါဆိုလည်း နမ်းရအောင်"

လင်းဟွမ်က စနောက်ပြီး သူမ အနားကပ်သွားသည်။

"မရဘူး။ မင်းက မျက်နှာလည်း မသစ်ရသေးဘူးလေ"

ကျန်းယန်က သူ့ကိုရွံ့ရှာသလို နှုတ်ခမ်းစူလိုက်သည်။

"အာ.. ငါ ခေါင်းတွေမူးနေတယ်"

လင်းဟွမ်က ဟန်ဆောင်လိုက်သည်။

"ဒါကို သောက်လိုက်။ အရက်နာ ကျတာ သက်သာသွားလိမ့်မယ်"

ကျန်းယန်သည် အရက်နာကျခြင်းက မည်မျှဆိုးရွားကြောင်း သိနေသည်။

"နမ်းရင် သောက်မယ်"

လင်းဟွမ်က ရွှတ်နောက်နောက် ပြောလိုက်သည်။ ထို့နောက် သူမ၏ နွေးထွေးသော နှုတ်ခမ်းတစ်စုံက သူ့မျက်နှာကို ထိသွားပြီး မတ်တပ်ထရပ်ကာ ဒေါသတကြီး စိုက်ကြည့်နေကာ

"ကုန်အောင်သောက်.. တစ်စက်မှ မကျန်စေနဲ့"

"ကောင်းပါပြီ မိန်းမရယ်"

လင်းဟွမ်လည်း တစ်ခါတည်း ကုန်အောင် မော့သောက်လိုက်သည်။ ခွက်အောက်တွင်ကျန်သော နောက်ဆုံး အစက်လေးကိုပင် လျှာနှင့် လျက်လိုက်သေးသည်။

"ခွက်ကို ပိုးသတ်ဖို့ လိုမယ်ထင်တယ်"

ကျန်းယန်သည် ဒေါသထွက်သလို ဟန်ဆောင်၍ အံကျိတ်ပြကာ မီးဖိုချောင်ထဲ ထွက်သွားသည်။

......

ဤကဲ့သို့ဖြင့် ဟန်းနီးမွန်းကာလကို ဖြန်သန်းခဲ့ကြသည်။ သူတို့ နှစ်ယောက် ချိန်းတွေ့ခဲ့သည်မှာ (၂) နှစ်ခန့်ရှိနေပြီ ဖြစ်သောကြောင့် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်သည်နှင့် တစ်ယောက်အကြောင်း တစ်ယောက် ကောင်းကောင်း သိနေကြပြီး အစစ်အမှန်တွေ၊ အတုအယောင်တွေ မရှိတော့ဘဲ ချိုမြိန်သောဘဝထဲတွင် လုံးဝ နစ်မျော နေခဲ့သည်။

ရှောင်ဖိန်၊ ပိုင်၊ ချောကလက်နှင့် အာဏာရှင်တို့ကိုပင် မေ့သွားခဲ့သည်။ ကံကြမ္မာစွမ်းအား၊ ဓါးကျင့်စဥ်၊ စိတ်စွမ်းအားနှင့် စုန်းအတတ်ပညာ အကြောင်းလည်း မေ့သွားခဲ့သည်။

မိဘများနှင့် အဖွားက သူ့ကို ထားသွားသည့် အကြောင်းကိုလည်း မေ့သွားသည်။

မနက်တိုင်း အိပ်ရာနိုးလာတိုင်း တစ်ခုခု လွဲနေသလို ခံစားရသော်လည်း ဘာလဲဆိုသည်ကို လက်ညှိုး မထိုးပြနိုင်ပေ။

အိမ်ထောင်ကျပြီး (၃) လ ကြာသောအခါ ကျန်းယန်တွင် ကိုယ်ဝန်ရှိသွားသည်။ ထို့ကြောင့်

ပျောက်ဆုံးနေသည့် အရာများကို တွေးမနေတော့ပေ။ အဖေတစ်ယောက်၏ ဘဝပျော်ရွှင်မှုက နှလုံးသား၊ ခေါင်းနှင့် ဝိညာဉ်များကိုပင် သိမ်းပိုက်ထားသည်။

ကျန်းယန်သည် ကိုယ်ဝန်ဆောင်၍ ကိုးလ ရောက်သောအခါ သားလေးတစ်ယောက် မွေးဖွားခဲ့သည်။ သူတို့၏အချစ်က ယခင်ကထက်ပင် ပို၍ ပျော်ရွှင်စရာ ကောင်းလာသည်။ ကလေး မွေးဖွားရန် ခက်ခဲ ခဲ့သော်လည်း ဖြတ်ကျော်နိုင်ခဲ့သည်။ အတိအကျ ပြောရလျှင် နာကျင်မှုထက် ပျော်ရွှင်မှုက ပိုများသည်။

သားလေး အရွယ်အနည်းငယ် ရောက်လာသောအခါ ကျန်းယန်တွင် နောက်တစ်ကြိမ် ကိုယ်ဝန် ရှိလာပြန်သည်။

သည်တစ်ခေါက်တွင် သမီးလေး ဖြစ်သည်။ ကလေးများ ကြီးပြင်း လာသောအခါ နောက်ဆုံးတွင် မူလတန်း တက်ကြပြီး ဘဝက ပိုမို စိုပြေ သာယာလာခဲ့သည်။

လင်းဟွမ်က ရာထူးတိုးပြီး မန်နေဂျာ ဖြစ်လာသလို ကျန်းယန်ကလည်း အလုပ်ပြန်လုပ်သည်။ ဘဝသည် တစ်နေ့ထက်တစ်နေ့ ပိုမို ကောင်းမွန်လာခဲ့သည်။

တစ်ခုတည်းသော သတင်းဆိုးမှာ အဖွားဖြစ်သူ ဆုံးပါးသွားခြင်းပင်။ သူမ ဆုံးပါးသွားသည့်နေ့က ခေါင်းထဲတွင် မငြိမ်မသက် ဖြစ်နေသော ပုံရိပ်အချို့ လွင့်ပြယ်သွားသည်။ ထိုပုံရိပ်များ ချက်ချင်း ပျောက်ကွယ်သွားသည့်အတွက် မရှင်းပြတတ်ခဲ့ပေ။

အချိန်များက လျင်မြန်စွာ ကုန်ဆုံးလာခဲ့ပြီး ကလေးများက သူငယ်တန်း၊ သူငယ်တန်း ကနေ မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်အထိ ကြီးပြင်းလာကြသည်။ ဇနီးမောင်နှံ နှစ်ယောက်သည် ကလေးများကို ပြုစုပျိုးထောင်ပေးရင်း ဇာတ်လမ်း ကဏ္ဍ ပြီးမြောက်ခဲ့သည်။ သူတို့ကလေးများ အလုပ် စလုပ်တော့ စိတ်ပူစရာ မလိုတော့ချေ။

ထိုအချိန်တွင် အချိန်များစွာ ကုန်လွန်သွားကြောင်း သိလိုက်ရသည်။

လင်းဟွမ်နှင့် ကျန်းယန်လည်း အသက်တွေကြီးလာပြီး ဆံပင်တွေ ဖြူလာကြသည်။ သားဖြစ်သူလက်ထပ်သည့်နေ့မှာပင် အဖေက ဆုံးပါးသွားသည်။

ခေါင်းထဲတွင် ထူးဆန်းသော ပုံရိပ်အချို့ပေါ်လာသော်လည်း လျင်မြန်စွာ ပျောက်ဆုံးသွားခဲ့သည်။ မည်သည့်အရာ ဆိုသည်ကို မရှင်းပြနိုင်ခဲ့ပေ။

သမီးများ အိမ်ထောင်ကျပြီး မြေးများမွေးလာသောအခါ မိခင်ဖြစ်သူလည်း ဆုံးပါးသွားခဲ့သည်။

လင်းဟွမ်၏ ဘဝက ပိုမွန် ကောင်းမွန်လာသော်လည်း လင်းဟွမ်နှင့် သူ့မိန်းမက တစ်နှစ်ထက်တစ်နှစ် ပိုပြီး အသက်ကြီးလာကြသည်။ အသက် ၈၇

နှစ်တွင် ကျန်းယန် ကွယ်လွန်သွားသည်။ သူတို့နှစ်ယောက်၏ အိမ်ထောင်သက်တမ်းမှာ (၆၂) နှစ်ကြာမြင့်ခဲ့သော်လည်း သူတို့၏အချစ်က ဘဝကံကြမ္မာကို အနိုင်ရအောင် မတိုက်ခိုက်နိုင်ခဲ့ပေ။

သူမ ကွယ်လွန်သွားသည့်နေ့တွင် ခေါင်းထဲ၌ ပုံရိပ်များစွာ ပေါ်လာသည်။ သို့သော်လည်း မိန်းမဖြစ်သူကို ဆုံးရှုံး၍ နာကျင်သော ဝေဒနာကြောင့် ထိုပုံရိပ်များကို ရယ်စရာကောင်းသော စိတ်ကူးယဉ်မှုတစ်ခုအဖြစ်သာ သတ်မှတ်ခဲ့သည်။

ကိုယ်နှင့် (၆၂) နှစ် အတူတူ ဖြတ်သန်းခဲ့သော လူတစ်ယောက်ကို ဆုံးရှုံးရခြင်းသည် စိတ်ဝိညာဉ်များ ကြေမွသွားသလို အထီးကျန်ဆန်လှ၏။

ဇနီးဖြစ်သူ ဆုံးပါးသွားသည့် နောက်ပိုင်းတွင် လင်းဟွမ်၏ ကျန်းမာရေး ကျဆင်းလာသည်။ မျက်လုံး မှိတ်လိုက်တိုင်း မိန်းမဖြစ်သူကို အိပ်မက်မက်သည်။ သူ နေကောင်းလား၊ မကောင်းဘူးလား ဆိုသည်ကိုပင် မသေချာတော့ချေ။ အစား စားတာလည်း နည်းသည်ထက် နည်းလာသည်။ ကလေးများက လင်းဟွမ်ကို ကူညီဖို့ ကြိုးစားသော်လည်း လင်းဟွမ် အိုမင်းလာသည့်အချိန်ကို မရပ်တန့်နိုင်ခဲ့ပေ။

သတိမေ့မျောရာမှ ပြန်နိုးလာသောအခါ ဆေးရုံခုတင်ပေါ် ရောက်နေပြီး မျက်နှာကို အောက်စီဂျင်တပ်ထားသည်။ သူ့တွင် အချိန်အများကြီး မကျန်တော့ကြောင်း သိလိုက်ရသည်။

"အဖေ.."

သားဖြစ်သူ၏ မျက်လုံးများက နီရဲနေသဖြင့် ငိုထားကြောင်း သိလိုက်သည်။ သမီးကလည်း လက်ကို ဆုပ်ကိုင်ထား၏။

"ဖေဖေ.. သားတို့ကို တစ်ခုခု ပြောချင်လား.."

လင်းဟွမ်က ခေါင်းညိတ်ရန် အကောင်းဆုံး ကြိုးစားခဲ့သော်လည်း အနည်းငယ် လှုပ်ရှားလျှင်ပင်

အလွန် မောပန်းနေသည်။ အောက်စီဂျင်ပေးထားသော မျက်နှာဖုံးကို ချွတ်ပေးပြီး သား၊သမီးများက လင်းဟွမ် အနား ကပ်လာကြသည်။

"ဖေဖေ.. ပြောစရာရှိတာ ပြောပါ။ သားတို့ နားထောင်နေတယ်"

လင်းဟွမ်လည်း စကားပြောရန် အစွမ်းကုန် ကြိုးစားသော်လည်း အသံက တိုးပြီး အားနည်းနေသည်။

"ငါ.. ဒီဘဝမှာ နောင်တ မရဘူး"

ထိုစကားကို ပြောပြီးသည့်အချိန်မှာပင် ခွန်အားများ ဆုံးရှုံးသွားသလို ခံစားလိုက်ရသည်။ အဖြူရောင် ဆေးရုံ

မျက်နှာကြက်ကို စိုက်ကြည့်ရင်း တစ်နေရာမှ ပြုတ်ကျသလို ခံစားလိုက်ရသည်။

"ငါ တစ်ခုခုမေ့နေ တယ် ထင်တယ်။ အဲ့ဒါ ဘာလဲ"

ခေါင်းထဲကို ထူးဆန်းသော စိတ်ကူးများက ရုတ်တရက် ဝင်လာသည်။ မေ့နေခဲ့သည့် အရာများကို ပြန်တွေးကြည့်ရန် ကြိုးစားနေသည်။ ဆေးရုံထဲမှ သားသမီးများ ငိုသံနှင့် အခြားတစ်ယောက်၏ ငိုသံကိုလည်း ကြားနေရသော်လည်း အထီးကျန်နေသလိုမျိုး အသံများက ဝေးသထက် ဝေးလာသည်။

ပုံရိပ်များက ခေါင်းထဲတွင် ရှင်းလင်းလာသည်။

'ငါ့အတွက် တံခါးဖွင့်ပေးတဲ့ အဖေ၊ မီးဖိုချောင်မှာ ဟင်းသီးဟင်းရွက် လှီးနေတဲ့ အမေ၊ ဧည့်ခန်းထဲမှာ တီဗီ ထိုင်ကြည့်နေတဲ့ အဖွား၊ လရောင်အောက်က မိန်းမဖြစ်သူရဲ့ ဖြူဖွေးတဲ့ အသားအရေ'

"နေပါအုံး.... ငါ (၂၅) နှစ်တုန်းက အမှတ်တရတွေ ဘာဖြစ်လို့ ပေါ်လာရတာလဲ။ အဲ့ဒီမတိုင်ခင် ငါ့ရဲ့ အမှတ်တရတွေက ဘာဖြစ်မလဲ"

လင်းဟွမ်က ထူးဆန်းသည်ဟု တွေးလိုက်ပြီးနောက် နောက်ထပ် ပုံရိပ်များကို စ စဉ်းစားနေလိုက်သည်။

'ငါ ကိုးနှစ်သားအရွယ်မှာ အိမ်စာတွေ ပြီးအောင် လုပ်တယ်။ ဖုန်း မြည်လာတယ်။ အဖေက ဖုန်ဖြေပြီးတာနဲ့

ထီးတောင် မယူဘူး အရှူးတစ်ယောက်လို အိမ်အပြင် ထွက်ပြေးသွားတယ်။ အိမ်ပြန်ရောက်လာတော့ ဝမ်းနည်း ကြေကွဲနေတယ်။ နောက်နေ့မှာ အမေ ပြန်မလာတော့ဘူးဆိုတာ အဖွားဆီက သိခဲ့ရတယ်'

'အသက် (၁၃) နှစ်မှာ အထက်တန်းကျောင်း တက်တယ်။ ကျောင်းတက်နေတုန်း အတန်းပိုင် ဆရာမက ငါ့ကိုခေါ်တယ်'

"လင်းဟွမ်.. မင်းအဖေ တစ်ခုခု ဖြစ်နေပြီ။ မင်းကို အိမ်ပြန်ပို့ပေးမယ်"

'အိမ်ပြန်ရောက်တော့ အဖွားက ငိုနေတယ်။ ငါ့ရဲ့ အတန်းပိုင် ဆရာမကလည်း ဘာဖြစ်တာလဲလို့ မေးတယ်။

မကြာဘူး.. ငါ့အဖေ နှလုံးရောဂါ ရှိတယ်ဆိုတာ သိလိုက်ရတယ်။ သူ့ကို ဆေးရုံပို့တဲ့အချိန်မှာ အရမ်း နောက်ကျနေပြီ’

‘ငါ ကျောင်းတက်နေတုန်း အသက် (၁၉) နှစ်မှာ အဖွားဆုံးသွားပြီလို့ အဒေါ်ဆီက ဖုန်းဝင်လာတယ်။ အသက် (၂၄) နှစ်မှာ ကျန်းယန်က ဖုန်းဆက်ပြီး လမ်းခွဲစကား ပြောလာတယ်’

‘ဒီပုံတွေအားလုံးက ငါ နေထိုင်ခဲ့တဲ့ လက်တွေ့ဘဝနဲ့ ဘာဖြစ်လို့ ကွဲပြား ခြားနားနေရတာလဲ....’

‘ဒီမှတ်ဉာဏ်တွေက ဘာဖြစ်လို့ ပေါ်လာရတာလဲ။ အချိန်လမ်းကြောင်း မှားနေတာလား..’

ရုပ်ပုံများက ခေါင်းထဲတွင် တဝဲဝဲ ရစ်ပတ်နေပြီး ခန္ဓာကိုယ်က ပိုလေးလာသည်။ အစမှ အဆုံးထိ အသေးစိတ် ရှင်းလင်းလာသည်။ ချောက်ထဲကျနေသလို ခံစားရပြီး ရင်းနှီးသော နာမည်တစ်ခုက ခေါင်းထဲ ဖျတ်ခနဲ ပေါ်လာသည်။

'ရှောင်ဖိန်လား..'

ထိုနာမည် ပေါ်လာသည်နှင့် စိတ်ထဲတွင် နာမည်များ တစ်ခုပြီးတစ်ခု ပေါ်လာသည်။

ပိုင်၊ ချောကလက်လေး၊ အာဏာရှင်၊ ကိုင်လီ.. ..

"ဟုတ်တယ်။ ငါ့နာမည်က လင်းဟွမ်။ ငါ့မှာ ကံကြမ္မာစွမ်းအား ရှိတယ်။ စိတ်စွမ်းအားနဲ့ စုန်းအတတ်

ရှိတယ်၊ ဓါးကျင့်စဉ်နဲ့ စိတ်ဝိညာဉ် ဓါးမြှောင်တွေ ငါ သိတယ်။ မွန်းစတားတွေကို ဆင့်ခေါ်နိုင်တယ်။ အခုလက်ရှိ ငါက ပုံရိပ်ယောင် လောကထဲ ရောက်နေတာ။ ဒါက တဒင်္ဂ နှလုံးသား မှော်အကွန့်ရာက ဖန်တီးထားတာ”

ထိုအတွေး ပေါ်လာသည်နှင့် ချောက်ထဲ ပြုတ်ကျနေသော ခံစားချက်က လုံးဝ ပျောက်ကွယ် သွားခဲ့သည်။ ရွှေရောင် တောက်ပနေသော အလင်းရောင်တစ်ခု ပေါ်လာပြီး အမှောင်ကမ္ဘာ ပြိုကွဲ သွားခဲ့ပြီ။

ခဏ ကြာသောအခါ အသိစိတ်က ခန္ဓာကိုယ်ထဲ ပြန်ဝင်သွားခဲ့ပြီး ကျောက်ပြားတစ်ခုရှေ့တွင် မတ်တပ် ရပ်နေကြောင်း သိလိုက်ရသည်။

ထို့နောက် ကျောက်ပြားထဲမှ ရွှေရောင်အလင်း ဖြာထွက်လာပြီး လင်းဟွမ် မျက်ခုံးကြားထဲသို့ တိုးဝင် သွားသည်။

## အခန်း(၇၀၉) - မှော်နတ်သမီး နတ်ကွန်းသော့။

ကျောက်ပြားရှေ့တွင် မတ်တပ်ရပ်နေသော လင်းဟွမ်သည် အသိစိတ် ပျောက်နေပုံရသည်။

တဒင်္ဂနှလုံးသား မှော်အကွခရာကြောင့် သူ့ဘဝကို ပြန်လည် ရှင်သန်ရန် နောက်တစ်ကြိမ် အခွင့်အရေး ရလိုက်သလို ခံစားရသည်။ အစကတည်းက ဒါသည် တဒင်္ဂနှလုံးသား မှော်အကွခရာက ဖန်တီးထားသော ပုံရိပ်ယောင် ကမ္ဘာတစ်ခု ဖြစ်ကြောင်း သူ့ကိုယ်သူ သတိပေးခဲ့သည်။

သို့သော်လည်း ကျန်းယန်နှင့် လက်ထပ်သည့်ညတွင် လုံးဝ မေ့လျော့သွားခဲ့သည်။ လက်တွေ့ ဖြစ်ပျက်နေသည်ကိုပင် မေ့လျော့ သွားခဲ့ပြီး ပုံရိပ်ယောင်ကမ္ဘာထဲတွင် နစ်မြုပ်သွားသည့် အထိ သူ့ကိုယ်သူ ဆွဲမထုတ်နိုင်တော့ချေ။

မိသားစုဝင်များ တစ်ယောက်ပြီးတစ်ယောက် ဆုံးပါးသွားသည့်အချိန်တွင် အမှန်တရားက သူ့အလိုလို ပေါ်ထွက်လာပြီး တဒင်္ဂနှလုံးသား မှော်အကျွရာ လွှမ်းမိုးမှုအားနည်းသွားခဲ့သည်။

ကျန်းယန် ကွယ်လွန်ခြင်းက တဒင်္ဂနှလုံးသား မှော်အကျွရာ လက်ထဲမှ လွတ်မြောက်ရန်

အမှန်တကယ်ပင် အကောင်းဆုံး အချိန်ပင် ။ သို့သော်လည်း သူ့စိတ်ထဲတွင် ထွက်ပေါ်လာသော ပုံရိပ်များကို ဂရုမစိုက်နိုင်လောက်အောင် နာကျင်ကြေကွဲနေခဲ့သည်။

သူ သေခါနီးတွင် အသက် (၂၅) နှစ် မတိုင်ခင်က အမှတ်တရများကို မမှတ်မိတော့သဖြင့် တဒင်္ဂနှလုံးသား မှော်အကွခရာ ဖန်တီးထားသော ပုံရိပ်ယောင် ကမ္ဘာထဲတွင် ပိတ်မိနေကြောင်း သူ သိလိုက်ရသည်။

အဖြစ်အပျက်များသည် လက်တွေ့ဆန်လှသောကြောင့် ပုံရိပ်ယောင်ကမ္ဘာနှင့် လက်တွေ့ကမ္ဘာကြားတွင် မခွဲခြားနိုင်လောက်အောင် ဝိရောဓိ

ဖြစ်သွားခဲ့သည်။ လင်းဟွမ်က ထိုအချက်ကို သတိထားပြီး တကယ့် အဖြစ်မှန်ကို သဘောပေါက်သော အခါမှသာ ပုံရိပ်ယောင်ကမ္ဘာ ပြိုကွဲသွားခဲ့သည်။

"အဲ့ဒါက ငါ့ အိပ်မက်ထဲမှာလား။ ဒါမှမဟုတ် ငါ့အိပ်မက်လား"

လင်းဟွမ်က အားတင်းကာ ပြုံးလိုက်သည်။ တဒင်္ဂနှလုံးသား မှော်အကွန့်ရာက ကြောက်စရာ ကောင်းလှ၏။ သူ့ဘဝအတွက် ရေးပေးခဲ့သော ဇာတ်ညွှန်းမှာ နောင်တရစရာ မရှိသော ဘဝမျိုးဖြစ်ပြီး ကမ္ဘာမြေပေါ်တွင် ရှိစဉ်က သူအိပ်မက် မက်၊

တောင့်တခဲ့ရသည့် ဘဝမျိုးပင် ။ လုံးဝ နစ်မြောသွားခဲ့ပြီး သူ့ကိုယ်သူ ဆုံးရှုံးလုနီးပါး ဖြစ်ခဲ့ရသည်။

"မင်း ဖြတ်ကျော် ပြီးသွားပြီလား"

ကျောက်တုံး မျက်နှာကြီးလည်း အံ့ဩသင့်သွားသည်။

“မင်း ဘယ်လောက်ပဲ အစွမ်းထက်ထက် ဒီအဆင့်ကိုတော့ ကျိန်းသေပေါက် ကျရှုံးမှာပဲလို့ တွေးထားခဲ့တာ”

"တဒင်္ဂနှလုံးသား မှော်အကွဲရာက တကယ်ကို ကြောက်စရာ ကောင်းတယ်။ ငါသာ သတိမထားမိရင် ကျရှုံးသွားနိုင်တယ်"

လင်းဟွမ်သည် ထိုအကြောင်းကို ပြန်တွေးရင်း စိတ်လှုပ်ရှား ရင်ခုန်နေမိသည်။ တဒင်္ဂနှလုံးသား မှော်အကန္ခရာသည် အစွမ်းထက်သော မွန်းစတားများထက် များစွာ ကြောက်မက်စရာ ကောင်းပြီး တစ်စုံတစ်ယောက်က ထောင်ချောက်ကျ၍ မည်သို့ ကျရောက်သွားလဲ ဆိုသည်ကိုပင် မသိနိုင်ချေ။

"မှော်နတ်သမီးမျှော်စင် တည်ဆောက်ပြီး ကတည်းက မှော်နတ်သမီး မျှော်စင်ရဲ့ နဝမအဆင့်ကို ဘယ်သူမှ မကျော်ဖြတ် နိုင်သေးဘူးဆိုတာ မင်းသိလား။ ငါတို့ ခေတ်မှာတုန်းကလည်း ဘယ်သူမှ မလုပ်နိုင်ခဲ့ဘူး"

ကျောက်တုံး မျက်နှာကြီးက လင်းဟွမ်ကို အမှန်အတိုင်း ပြောလိုက်သည်။

" နဝမအဆင့်က ဒီတဒင် နှလုံးသားမှော်အက္ခရာကို မှော်နတ်သမီး ကိုယ်တိုင် ရေးခဲ့တယ်၊ ဒါက လူတစ်ယောက်ရဲ့ အနက်ရှိုင်းဆုံး အကြောက်တရားတွေ သာမက သူတို့ရဲ့ အကြီးမားဆုံး နောင်တရမှုတွေကိုပါ ရောင်ပြန် ဟပ်စေတယ်။ မှော်အက္ခရာကို အသက်သွင်းပြီးတာနဲ့ ထောင်ချောက်ထဲကနေ ဘယ်သူမှ ရုန်း မထွက်နိုင်ဘူး။ မင်းက အဲဒီအထဲက ရုန်းထွက်နိုင်တဲ့ ပထမဦးဆုံးလူပဲ"

"တကယ်တော့ ငါလည်း ထောင်ချောက်ထဲ ကျသွားခဲ့တာ..."

လင်းဟွမ်သည် နှုတ်ခမ်းများ တဆတ်ဆတ် လှုပ်နေသော်လည်း အသံ မထွက်ခဲ့ပေ။ ထို့နောက် ခေါင်းယမ်းကာ စကားလမ်းကြောင်း ပြောင်းလိုက်သည်။

"လူတစ်ယောက်က နဝမအဆင့်ကို ဖြတ်ကျော်နိုင်တာနဲ့ မှော်နတ်သမီးက အသက် ဝင်လာမှာလား။ ဒါဆို ငါက မှော်နတ်သမီးဆီက ဆုရမှာပေါ့နော်"

"ဟုတ်တယ်၊ မင်းက မှော်နတ်သမီးရဲ့ အမွေကို ရနိုင်တယ်"

ကျောက်တုံး မျက်နှာကြီးက ဆက်ပြောလိုက်သည်။

"တကယ်လို့ မင်းက မှော်နတ်သမီးရဲ့အမွေကို ရယူနိုင်ခဲ့ရင် ငါတို့ကို ဒီကထွက်သွားလို့ရအောင် ကူညီပေးနိုင်တယ်"

"ဒါပေမယ့် အသူရာ ချောက်ကမ်းပါးကြီးထဲက ထွက်လာတဲ့ မွန်းစတားတွေကြောင့် ကမ္ဘာကြီးပျက်တော့မှာပဲ။ ဒီနေရာကနေ ထွက်သွားတာက ပိုပြီး အန္တရာယ်များတာ မဟုတ်ဘူးလား"

"လွတ်လပ်ရေးက ငါတို့ အသက်ထက် ပိုအရေးကြီးတယ်ဆိုတာ မင်း နားလည်မှာမဟုတ်ဘူး။ ငါတို့က ဒီမှာ နှစ် သုံးသောင်းကျော်လောက်

ပိတ်မိနေခဲ့ပြီးပြီ။ နှင်းတွေကျနေတဲ့ မြင်ကွင်းကိုပဲ အမြဲတမ်း ကြည့်နေခဲ့ရတာ"

ကျောက်တုံး မျက်နှာကြီးက ပြောလိုက်သည်။

"အနှစ် သုံးသောင်းကျော် အထီးကျန်မှုကို ဘယ်လိုလူက ခံနိုင်ရည်ရှိမှာလဲ။ တစ်ချို့လူတွေဆိုရင် ကိုယ့်ကိုကိုယ် သတ်သေဖို့ ဆုံးဖြတ်ခဲ့ကြပြီး တစ်ချို့က စစ်ပွဲတွေစတင်ပြီး ရှုးသွပ်သွားကြတယ်"

လင်းဟွမ်သည် တိတ်ဆိတ်သွားပြီး ခဏအကြာ စကားပြန် ပြောလိုက်သည်။

"ငါ နားလည်ပြီ။ ဒါဆို ငါ ဘာဆက်လုပ်ရမလဲ"

"မင်းရဲ့ မျက်ခုံးကြားမှာ တလက်လက် တောက်ပနေတာ ရွှေရောင် မှော်နတ်သမီးနတ်ကွန်းရဲ့ သော့ပဲ။ မင်းရဲ့စွမ်းအင်ကို သော့ထဲ ထည့်လိုက်တာနဲ့ မင်းအတွက် မှော်နတ်သမီး နတ်ကွန်းက အသက် ဝင်လာလိမ့်မယ်"

ကျောက်တုံး မျက်နှာကြီးက ဆက်ပြောလိုက်သည်။

"ဒါပေမယ့် အဲဒါကို အခု အသက်မသွင်းနဲ့အုံး။ တစ်ရက်၊ နှစ်ရက်လောက် အချိန်ယူ ပြင်ဆင်ပြီးမှ ဖွင့်"

"ဘာဖြစ်လို့လဲ"

လင်းဟွမ် နားမလည်နိုင်ပေ။ သူ့တွင် အချိန် သိပ်မကျန်တော့သည့်အတွက် မှော်နတ်သမီး နတ်ကွန်းကို

စောစောဖွင့်၍ သူ့အတွက် ဆုလာဘ်များကို စောစော သိမ်းယူချင်နေသည်။

"မော်နတ်သမီး နတ်ကွန်းကို အသက်သွင်းပြီးတာနဲ့ ဆယ်ရက်ကြာရင် အများအတွက် ဖွင့်ပေးလိမ့်မယ်။ သူတို့ရဲ့ တိုက်ခိုက်ရေးအဆင့်တွေအရ သန့်ရှင်း မီးလျှံအဆင့်နဲ့ အင်မော်တယ် အဆင့်တွေ အားလုံး ဝင်လာလိမ့်မယ်။ အဲ့ဒါကြောင့် အသက်မသွင်းခင် မင်း ပြင်ဆင်ထားသင့်တယ်။ တခြားသူတွေ ဝင်လာရင် အချိန်မဖြုန်းဘဲ ချက်ခြင်း ဝင်နိုင်အောင် ငါတို့ကိုယ်တိုင်လည်း ပြင်ဆင်ထားဖို့ လိုတယ်"

ကျောက်တုံး မျက်နှာကြီးက ရှက်ကိုးရှက်ကန်း အမူအရာနှင့် တောင်းဆိုလိုက်သည်။

“ဒါပေမယ့် ရပါတယ်။ မင်း အလျင်လိုနေရင်လည်း နတ်ကွန်းကို ဖွင့်လိုက်ပါ”

"အသက် သွင်းပြီးတာနဲ့ အများအတွက် ဖွင့်တော့မှာဆိုတော့ ဘာမှ မထူးပါဘူး။ နှစ်ရက်လောက်တော့ စောင့်ရမှာပေါ့။"

လင်းဟွမ်သည် သူ့တောင်းဆိုမှုကို လက်ခံနိုင်သော်လည်း သူ့တွင် သံသယစိတ်များ ရှိနေသေးသည်။

"မှော်နတ်သမီး နတ်ကွန်းကို ဖွင့်ပြီးတာနဲ့ ဘယ်သူမဆို ဝင်နိုင်တော့ သော့ကိုင်တဲ့လူက အရေးမကြီးတော့ဘူးလို့ ဆိုလိုတာလား"

"ကွာခြားတာပေါ့။ သော့ကိုင်ထားတဲ့ လူက မှော်နတ်သမီး ရတနာကို ရွေးချယ်နိုင်တဲ့အပြင် မှော်နတ်သမီး ကျောက်ပြားကို ကြည့်ဖို့အတွက် နတ်ကွန်းထဲကို တိုက်ရိုက် ပို့ပေးလိမ့်မယ်။ ဒါတင် မကသေးဘူး၊ မျှော်စင်ထဲက တံခါးအချို့ကိုလည်း ထိန်းချုပ်နိုင်သေးတယ်။ ကျန်တဲ့ လူတွေကတော့ အဝင်ပေါက်ကနေ ဝင်ရလိမ့်မယ်"

"ကောင်းပြီ၊ ငါ နားလည်ပြီ။ နောက်နှစ်ရက်အတွင်း မင်းတို့ဘက်က တတ်နိုင်သလောက် အမြန်ဆုံး ပြင်ဆင်ကြပါ။ မင်းတို့တွေ အဆင်သင့်ဖြစ်ပြီဆိုတာနဲ့ ငါ့ကို အကြောင်းကြားလိုက်။ နတ်ကွန်းကို ငါ ဖွင့်လိုက်မယ်"

လင်းဟွမ်ကို ခေါင်းညိတ်ပြလိုက်သည်။ သူ ဒီကို ရောက်စဉ်က ပိုင်ဂူနှင့် အခြားလူများက သူ့ကို ဂရုစိုက်ခဲ့ကြသည်။

"ကျေးဇူးတင်ပါတယ်၊ ခေါင်းဆောင်ကို အကြောင်းကြားလိုက်အုံးမယ်။ ဒီအဆင့်မှာ ဒီနှစ်ရက်လောက်

လေ့ကျင့်နေလို့ ရတယ်။ ငါတို့တွေ အဆင်သင့်ဖြစ်ပြီ ဆိုတာနဲ့ အကြောင်းကြားပါ့မယ်။"

ကျောက်တုံး မျက်နှာကြီးသည် လင်းဟွမ်က ကျေးဇူးသိတတ်သော လူတစ်ယောက်ဖြစ်ကြောင်း သိလိုက်ရသဖြင့် ဝမ်းသာသွား၏။

ကျောက်တုံးမျက်နှာကြီး ပျောက်ကွယ်သွားသောအခါ လင်းဟွမ်သည် မှော်နတ်သမီးမျှော်စင်၏ ကိုးထပ်မြောက် အဆင့်တွင် ထိုင်ချလိုက်သည်။

ထူထဲသော ဝိညာဉ်စွမ်းအင်များက သူ့ခန္ဓာကိုယ်ထဲရှိ စစ်တပ်တိုက်ခိုက်ရေး နည်းစနစ်၏ လည်ပတ်မှုအရှိန်ကို မြှင့်တင်ပေးနိုင်သလို လာမည့် နှစ်ရက်အတွင်းတွင်

မည်သည့်အရာမျှ လုပ်စရာမရှိသဖြင့် အာရုံစိုက်ကာ လှေ့ကျင့်နေခဲ့သည်။

ကျင့်စဉ် လည်ပတ်မှုနှုန်းက ယခင်ကထက် အဆပေါင်းများစွာ ပိုမြန်သည်။ ယခင်က စီးဆင်းနေသော စမ်းချောင်းတစ်ခု ဆိုပါက ယခုအခါ ဒေါသတကြီး စီးဆင်းနေသော မြစ်တစ်စင်းကဲ့သို့ပင်။ စွမ်းရည်ကတ် အပိုင်းအစများကို စုဆောင်းနိုင်ခဲ့ပြီး သာမန်မျက်စိနှင့် မြင်နိုင်သော အရှိန်အဟုန်ဖြင့် မြင့်တက်လာခဲ့သည်။

............

ထိုအချိန်တွင် မော်နတ်သမီးမျှော်စင် အပြင်ဘက်၌ ကျောက်တုံးမျက်နှာကြီးက ပိုင်ဂူနှင့် စကားပြောနေသည်။

"မင်းပြောချင်တာက ဒီလူငယ်လေးက မော်နတ်သမီးမျှော်စင်ရဲ့ အဆင့်ကိုးဆင့်ကို တကယ်အောင်မြင်ခဲ့တာပေါ့"

ပိုင်ဂူသည် ဤကိစ္စကို သိလိုက်ရသည့် အချိန်တွင် အံ့သြသင့်သွားသည်။ ဤကဲ့သို့ ဖြစ်လာလိမ့်မည်ဟု လုံးဝ မမျှော်လင့်ထားပေ။ လင်းဟွမ်ကို မော်နတ်သမီးမျှော်စင်အား ဖြတ်ကျော်ရန် ကြိုးစားခွင့်ပြုထားသော်လည်း တတိယအဆင့်နှင့် အထက်ကို ဖြတ်ကျော်နိုင်လိမ့်မည်ဟု မည်သည့် အချိန်ကမျှ မမျှော်လင့်ထားခဲ့ပေ။

သို့သော်လည်း လင်းဟွမ်သည် အဆင့်တိုင်းကို ဖြတ်ကျော်နိုင်ခဲ့ ရုံသာမက ထူးဆန်းအံ့ဖွယ် တစ်ခုကိုပင် ပြုလုပ်နိုင်ခဲ့သည်။ ရိုးသားစွာပြောရလျှင် လင်းဟွမ်က အဆင့် (၇) ဆင့်ကို ဖြတ်ကျော်သွားသည့်အချိန်၌ အံ့အားသင့်ခဲ့ရသော်လည်း ထိုလူငယ်က အဆင့် (၉) ကို ဖြတ်ကျော်နိုင်လိမ့်မည်ဟု မမျှော်လင့်ထားခဲ့ချေ။

ယခုမူ လူတိုင်း၏ မျှော်လင့်ချက်ထက် ကျော်လွန်သွားကာ အဆင့် (၉) ကိုပင် ချိုးဖျက်နိုင်ခဲ့ပြီ။

"မော်နတ်သမီး နတ်ကွန်းသော့ သူ့မျက်ခုံးကြားထဲ ဝင်သွားတာ ငါမျက်လုံးနဲ့ တပ်အပ်မြင်ခဲ့တယ်။ တကယ် ဖြစ်ခဲ့တာပါ"

ကျောက်တုံး မျက်နှာကြီးက အတည် ထပ်ပြုလိုက်သည်။

“နောက်ပြီးတော့ ငါတို့ကို ပြင်ဆင်ဖို့အတွက် အချိန် နှစ်ရက်ပေးဖို့ သဘောတူထားတယ်။ တခြား မျိုးနွယ်စုတွေကို အကြောင်းကြားမှာလား။"

"မှော်နတ်သမီးနတ်ကွန်းကို ဖွင့်တာက ကြီးမားတဲ့ အဖြစ်အပျက် တစ်ခုပဲ။ ငါတို့ ဖုံးကွယ်ထားလို့ မရဘူး။ တခြားလူတွေ မလုပ်ခင် တစ်ရက်၊ နှစ်ရက်လောက် စောပြီး နတ်ကွန်းထဲ ဝင်ရလည်း မဆိုးပါဘူး။ အဲဒါကြောင့် အကြောင်းကြားပြီး အတူတူ တွဲလုပ်ကြတာပေါ့။ သူတို့က တိုက်ခိုက်ချင်ရင်တော့ ငါတို့ဘက်ကလည်း ဖျော်ဖြေ

ပေးရမှာပေါ့။ နှစ်ပေါင်း ထောင်သောင်းချီ ကြာတဲ့အထိ ငါတို့တွေ ဒီလိုမျိုး တစ်ခါမှ မလုပ်ဖူးတာမှ မဟုတ်တာဘဲ"

ပိုင်ဂူသည် ထိုစကားကို မဖြစ်မနေ ပြောနေရသော်လည်း စိတ်မကောင်း ဖြစ်နေဆဲပင်။

"ဒီ လင်းဟွမ်ဆိုတဲ့ကလေးကို တော်တော်များများက ပစ်မှတ်ထားကြမှာ ငါတော့ကြောက်မိတယ်။ သူ့ကို ကာကွယ်ဖို့အတွက် ငါတို့တွေ အစွမ်းကုန် ကြိုးစားရမယ်"

# အခန်း(၇၁၀)- မှော်နတ်သမီး နတ်ကွန်း ဖွင့်လှစ်ခြင်း

မကြာခင် နှစ်ရက် ကုန်သွားသည်။ လင်းဟွမ်သည် စစ်တပ် တိုက်ခိုက်ရေး နည်းစနစ်ကို လေ့ကျင့်နေခဲ့သည်မှာ နှစ်ရက် ရှိခဲ့ပြီ။ မှော်နတ်သမီးမျှော်စင် န၀မအထပ်ရှိ ဝိညာဉ်စွမ်းအင်မှာ အပြင်ဘက်ကထက် အဆပေါင်း ရာနှင့်ချီပြီး ပိုထူထပ်သည်။ ပုံမှန်လေ့ကျင့်မှု တစ်နာရီက သူ့အတွက် စွမ်းရည်ကတ် အပိုင်းအစ (၃,၀၀၀) ကျော် ရရှိနိုင်သော်လည်း ယခုအခါ မျှော်စင်ထဲတွင်မူ ကျင့်စဉ်၏

လည်ပတ်နှုန်းက အဆ (၂၀) ပိုမြန်လာသည့်အတွက် တစ်နာရီ အတွင်းတွင် စွမ်းရည်ကတ် အပိုင်းအစ (၈၀,၀၀၀) ရရှိခဲ့သည်။

ထိုနှစ်ရက်တာအတွင်းတွင် စားသောက်ခြင်း၊ အိပ်စက်ခြင်းမှလွဲ၍ ကျန်သည့် အချိန်အားလုံးကို စစ်တပ်တိုက်ခိုက်ရေး နည်းစနစ်ကို လေ့ကျင့်နေခဲ့ပြီး ကတ်အပိုင်းအစ (၂.၄) သန်းကျော် ရရှိခဲ့သော်လည်း အဆင့် (၁၀) ရောက်ရန် ကတ်အပိုင်းအစ (၁၀) သန်းကျော် လိုအပ်နေသေးသဖြင့် အလှမ်း ဝေးကွာနေဆဲပင်....။ အကယ်၍ မှော်နတ်သမီး နတ်ကွန်း

အတွက်သာ မဟုတ်ပါက အဆင့် (၁၀) မရောက်မချင်း လှေ့ကျင့်နေလိမ့်မည် မဟုတ်ပေ။

သို့သော်လည်း သုံးရက်မြောက်နေ့ မနက်တွင် ကျောက်တုံးမျက်နှာကြီး ပေါ်လာသည်။

"မင်္ဂလာပါ၊ လင်း၊ အခု ငါတို့ဘက်က အဆင်သင့်ဖြစ်နေပြီ။ မှော်နတ်သမီးနတ်ကွန်းကို မင်း ကြိုက်တဲ့အချိန် ဖွင့်လို့ရပြီ။ အားနာဖို့မလိုဘူး။ မင်းရဲ့အကြောင်းကိုလည်း ဘယ်သူ့ကိုမှ မပြောခဲ့ဘူး။ သတင်းဖြန့်တာတောင် ထူးခြားတဲ့နည်းလမ်းနဲ့ အသုံးပြုထားတယ်။ ဒီသတင်း ဘယ်ကလာလဲဆိုတာ တခြားမျိုးနွယ်စုတွေက သိကြမှာမဟုတ်ဘူး။ မင်းက

မှော်နတ်သမီး မျှော်စင်ထဲ ရောက်နေတဲ့အကြောင်းကို ဘယ်သူမှ မသိသလို မှော်နတ်သမီး မျှော်စင်ရဲ့ အဆင့် (၉)ကိုဖြတ်ကျော်ပြီး သော့ရထားတယ် ဆိုတာလည်း ဘယ်သူမှ မသိဘူး”

“ဒါပေမယ့် ရိုးရိုးသားသား ပြောရရင် မင်းရဲ့ အခုလက်ရှိ တိုက်ခိုက်ရေးအဆင့်နဲ့ မှော်နတ်သမီး နတ်ကွန်းထဲဝင်ရင် မင်းအတွက် ဒုက္ခရောက်နိုင်တယ်၊ ဒါကြောင့် မင်းဝင်ပြီးတာနဲ့ ခိုးထွက်ဖို့ အစွမ်းကုန် ကြိုးစားဖို့ အကြံပေးချင်တယ်။ မင်းရဲ့ ဆုလာဘ်ကိုရတာနဲ့ မှော်နတ်သမီး နတ်ကွန်းထဲကနေ ခိုးထွက်ပါ"

"သတိပေးလို့ ကျေးဇူးတင်ပါတယ်။ ဘာလုပ်ရမလဲ ဆိုတာ ငါ သိပါတယ်"

လင်းဟွမ်က ခေါင်းညိတ်လိုက်သည်။

ကျောက်တုံးမျက်နှာကြီး ပျောက်ကွယ်သွားသည်နှင့် လင်းဟွမ် ခေါင်းပေါ်တွင် ရွှေတံဆိပ်တစ်ခု လွင့်မျောလာသည်။ ထိုတံဆိပ်သည် ကျောက်တုံးပေါ်တွင် ဝတ်စုံ ဝတ်ထားသော အမျိုးသမီးတစ်ယောက် ဘေးတိုက် မတ်တပ်ရပ်နေသည့်ပုံစံ ထွင်းထုထားပြီး လက်သီးတစ်ဝက်အရွယ်အစားခန့် ရှိသည်။ ရှုပ်ထွေးသော မှော်အက္ခရာလိုင်းများ ပါရှိပြီး နောက်ကျောဘက်တွင် ထူးဆန်းသော စုန်းအတတ် မှော်အက္ခရာ တစ်ခုရှိသည်။

သူတစ်ခါမှ မမြင်ဖူးသော စာကြောင်းအချို့လည်း ရှိသေးသည်။ ထိုမှော်အက္ခရာ၏ အကျိုးသက်ရောက်မှုကို သူ မပြောနိုင်ပေ။ ထုံးစံအတိုင်း ဒါသည် မှော်နတ်သမီး နတ်ကွန်း၏ သော့ပင် ။

ခေါင်းထဲတွင် အတွေးတစ်ချက် တွေးလိုက်သည်နှင့် ထိုတံဆိပ်က လွင့်မျောသွားသည်။ ထို့နောက် သူ့ကံကြမ္မာစွမ်းအားကို တံဆိပ်ထဲ ဖြည်းဖြည်းခြင်း ထည့်သွင်းလိုက်၏။

မကြာခင် တံဆိပ်သည် အချင်းသုံး မီတာရှိသော လေဟာနယ် လှိုင်ခေါင်းကြီးတစ်ခုကို ဖန်တီးလိုက်သည်။

လင်းဟွမ်သည် တွေဝေနေခြင်း မရှိဘဲ လေဟာနယ်လှိုင်ခေါင်းထဲ လမ်းလျှောက်ဝင်သွားသည်။ သူဝင်သွားသည်နှင့် လေဟာနယ် လှိုင်ခေါင်းကြီး ပျောက်ကွယ်သွားသည်။

ကျောက်တုံး မျက်နှာကြီးသည် မော်နတ်သမီး မျှော်စင်၏ နဝမအဆင့်တွင် ဖြည်းဖြည်းခြင်း ပေါ်လာပြီး လေဟာနယ် လှိုင်ခေါင်းကြီးကို လှမ်းကြည့်လိုက်သည်။

သူ ပေါ်လာသည်နှင့် အရပ်ရှည်ရှည်၍ ပိန်ပါးသော လူတစ်ယောက်က သူ့ဘေးတွင် လာရပ်သည်။

"ဒီကလေး ဒီနေရာကနေ အသက်ရှင်လျက် ပြန်ထွက်လာနိုင်ဖို့ မျှော်လင့်ပါတယ်..."

ကျောက်တုံး မျက်နှာကြီးက စိုးရိမ်သည်။

"သူ ဘယ်လောက်ဝေးဝေး သွားနိုင်မလဲဆိုတာ သူ့အပေါ်မှာပဲ မူတည်တယ်။ သေမလား၊ အသက်ရှင်လျက် လွတ်မြောက်မလား ဒါမှမဟုတ် မှော်နတ်သမီးရဲ့အမွေကို အရ ယူနိုင်မလား... သူ့အပေါ်မှာပဲ မူတည်တယ်"

ပိုင်ဂူက ဖြည်းညှင်းစွာ ပြောလိုက်သည်။

"ခေါင်းဆောင်...။ သူက မှော်နတ်သမီးရဲ့ အမွေကို ရမယ်လို့ ထင်နေတာလား"

ကျောက်တုံး မျက်နှာကြီးက အံ့သြသင့်နေပုံရသည်။

"အဲဒါကိုတော့ ငါလည်း မသိဘူး၊ ဒါပေမယ့် စွမ်းအားတွေက သူနဲ့အတူ ရှိနေတယ်၊ ခေတ်တစ်ခေတ်ရဲ့ ကံကြမ္မာကို ပြောင်းလဲပေးနိုင်မယ်ဆိုတာ ငါသိတယ်။"

ပိုင်ဂူသည် မှော်နတ်သမီး နတ်ကွန်း၏ လမ်းညွှန်ချက်ကို သေသေချာချာ စိုက်ကြည့်နေသည်။

"မင်းက သူ့အနာဂတ်ကို ကြည့်နေတာလား။"

ကျောက်တုံးမျက်နှာကြီးက ချက်ချင်း မေးလိုက်သည်။

"ငါ ကြိုးစားကြည့်ခဲ့တယ်။ ဒါပေမယ့် ဘာမှ မမြင်ရဘူး။ သူ့မှာရှိတဲ့ ခတ်ကြွင်းတစ်ခု ဒါမှမဟုတ် အဲဒီ့ထက်တောင် ပိုအစွမ်းထက်ပြီး ထိုးဖောက်လို့ မရတဲ့ အရာတစ်ခုက တားဆီးထားတယ်လို့ ထင်တယ်။"

ပိုင်ဂူသည် စုံစမ်းစစ်ဆေးခဲ့စဉ်က သူ့စိတ်ဝိညာဉ်ပင် ထိခိုက်လုနီးပါး ဖြစ်ခဲ့သည့်အကြောင်းကို မှတ်မိနေသေးသည်။

"တကယ်လို့ သူ့မှာ အဲဒီလိုရတနာတွေ ရှိနေရင် သူ့ကိုယ်သူ ကာကွယ်နိုင်လိမ့်မယ်"

ကျောက်တုံး မျက်နှာကြီးက သက်ပြင်းချပြီး ပြောလိုက်သည်။

"ဒါပေမယ့် မှော်နတ်သမီးရဲ့အမွေက အပြင်လူ လက်ထဲ ရောက်သွားရင် ကောင်းပါ့မလား"

ပိုင်ဂူက ကျောက်တုံးမျက်နှာကြီးကို လှမ်းကြည့် လိုက်ပြီး

"မှော်နတ်သမီးက သူမရဲ့အမွေကို ဒီမှာပဲထားခဲ့တာ။ ဘယ်သူ အမွေဆက်ခံမလဲဆိုတာ စိတ်မဝင်စားဘူး။ ငါတို့တွေအတွက်တော့ အဲဒီအရှုးတွေ လက်ထဲ မရောက်သရွေ့ သတင်းကောင်းပဲ။"

"လွန်ခဲ့တဲ့ နှစ်ထောင်ပေါင်းများစွာ ကတည်းကနေ မှော်နတ်သမီး နတ်ကွန်းကို အခုချိန်မှ ပထမဆုံးအကြိမ် ဖွင့်တာပဲ။ အဲဒီအရှုးတွေက မှော်နတ်သမီးရဲ့အမွေအတွက် ကျိန်းသေပေါက် ရောက်လာကြလိမ့်မယ်။"

ကျောက်တုံး မျက်နှာကြီးက ဤကိစ္စနှင့် ပတ်သက်၍ အဆိုးမြင်နေသည်။

"သူတို့သာ လုပ်နိုင်ရင် ငါတို့ဆီကို ကျိန်းသေပေါက်လာမှာပဲ"

"အဲလောက်ကြီးလည်း အဆိုး မမြင်ပါနဲ့ကွာ။ ငါတို့မှာလည်း အများကြီး ရှိပါတယ်။ နောက်ဆုံး ဘာဖြစ်မယ်ဆိုတာ ဘယ်သူမှ မသိနိုင်ပါဘူး"

ပိုင်ဂူက ဆက်ပြောလိုက်သည်။

ထိုစဉ် ကောင်းကင်ပေါ်တွင် အဖြူရောင်တောက်ပလာပြီး ကုန်းမြေကြီး တစ်ခုလုံး တုန်ခါသွားသည်။

ပိုင်ဂူနှင့် ကျောက်တုံး မျက်နှာကြီးတို့သည် အလင်းတိုင်ကြီး ရှိရာသို့ လှမ်းကြည့်လိုက်ကြသည်။

အမှန်တကယ်ဆို ပိုင်ဂူနှင့် ကျောက်တုံးမျက်နှာကြီး အပြင် လွင့်မြောကုန်းမြေပေါ်ရှိ သက်ရှိအားလုံးက ဤအလင်း၏ အရင်းအမြစ်ကို ခံစားမိကြသည်။ အဝေးမှ လူများသည် အလင်းတိုင်ကြီးကို မမြင်ရသော်လည်း ကြီးမားသော နတ်ကွန်းကြီးကို လှမ်းမြင်နေရသည်။

လွင့်မျောကုန်းမြေထဲ ဝင်ရောက်လာကြသော လူသားအဖွဲ့အားလုံလည်း ကြီးမားသော ဖြစ်စဉ်ကို ခံစားမိကြသည်။

" ကောင်းတာ တစ်ခုခု ဖြစ်ရမယ်၊ သွားရအောင်"

"ဖြစ်ကို ဖြစ်ရမယ်။ တခြားသူတွေ လက်ဦးမခင် ငါတို့တွေ တတ်နိုင်သမျှ မြန်မြန် သွားရအောင်။"

"ကြောင်တတ်ရင်သေ၊ ရဲတဲ့လူက မင်း ဖြစ်တဲ့ဟော့၊ ရှင်ရင်ရွှေထီး သေရင်မြေကြီးပဲ"

မှော်နတ်သမီး နတ်ကွန်း တည်ရှိမှုနှင့် ပတ်သက်၍ မသိကြသော လူသားအဖွဲ့များပင် ထိုစွန့်စားခန်းတွင် ပါဝင်လာကြသည်။ ဤကဲ့သို့ဖြင့် လွင့်မျော ကုန်းမြေပေါ်တွင် စည်ကားလာခဲ့သည်။

အရုပ်မျိုးစုံ၊ နမူနာပုံစံများ၊ လူသေကောင်များနှင့် လူသားများအပါအဝင် ထောင်နှင့်ချီသော မွန်းစတားများသည် ကုန်းမြေ၏အလယ်ကို ဝိုင်းရံလာကြသည်။

လင်းပွှမ်သာ ထိုနေရာတွင် ရှိနေခဲ့ပါက ပြည်ထောင်စုအစိုးရမှ အဖွဲ့နှစ်ဖွဲ့နှင့် မင်းဆက်မှ အဖွဲ့ဖြစ်ကြောင်း မှတ်မိပေလိမ့်မည်။

သို့သော်လည်း မျိုးနွယ်စုများကမူ သူတို့၏ တည်ရှိမှုအတွက် မအံ့သြသလို လှည့်ကြည့်ဖို့ပင် စိတ်မဝင်စားကြချေ။

"မော်နတ်သမီး နတ်ကွန်းကို တကယ် ဖွင့်နေပြီ"

ကြောက်စရာကောင်းသော လူလတ်ပိုင်းအရွယ် အမျိုးသားတစ်ယောက်က အလင်းတိုင်ကြီးကို ကြည့်ပြီး တိုးတိုးလေး ရေရွတ်လိုက်သည်။ ထို့နောက် အလင်းတိုင်ကြီး ပျောက်ကွယ်သွားသည်နှင့် မြေပြင်တွင်

တစ်စုံတစ်ရာ ပေါက်ကွဲသွားသလို မြေပြင်က ပို၍ပင် တုန်ခါလာသည်။

ထိုအချက်ကို လူတိုင်းနီးပါး သတိထားမိပြီး မြေပြင်မှ ထွက်ပေါ်လာမည့်အရာကို စောင့်မျှော်ရင်း မီတာရာနှင့်ချီ ဝေးသောနေရာကို ဆုတ်ခွာသွားကြသည်။

အချိန်များ ကုန်လွန်လာပြီး နှင်းများဖုံးနေသော မြေကြီးများ အက်ကွဲသွားကာ ရေခဲပုံဆောင်ခဲများဖြင့် ပြုလုပ်ထားသော ရောမ အဆောက်အဦကြီးက မြေပြင်ထဲမှ တိုးထွက်လာပြီး မီတာရာနှင့်ချီ မြင့်မားသော နေရာတွင် လွင့်မျောနေသည်။

ရောမ နတ်ကွန်းကြီးတစ်ခုပင်.....။

နတ်ကွန်းကြီး ရုတ်တရက် ထွက်ပေါ်လာပြီးနောက် လေနှင့်နှင်းများ လုံးဝ ရပ်တန့်သွားပြီး ထူထပ်နေသော တိမ်တိုက်များလည်း မှိန်ဖျော့သွားကာ အချိန် အတော်ကြာအောင် မကျရောက်ခဲ့သည့် နေရောင်ခြည်များလည်း ထွက်ပေါ်လာခဲ့သည်။

## အခန်း(၇၁၁) - မှော်နတ်သမီး သွေး။

လင်းဟွမ်သည် ရွှေရောင်လေဟာနယ် လိုှင်းခေါင်းထဲမှ ထွက်လာသောအခါ နတ်ကွန်းထဲတွင် ပေါ်လာသည်။ ပတ်ပတ်လည်တွင် အေးစက်သော လေပြင်းများ တိုက်ခတ်နေပြီး အဖြူရောင် သလင်းကျောက်များ ဝန်းရံနေသည်။

“ရေခဲတုံးတွေလား”

လင်းဟွမ်သည် မနေနိုင်ဘဲ တိုင်တစ်ခုကို လှမ်းကိုင်ကြည့်လိုက်သည်။ သူ့ထင်ကြေးကို အတည်ပြုပြီးနောက်

တိုင်သည် သိသိသာသာ အေးစက်နေသည်။ နတ်ကွန်းသည် နှင်းခဲဂုဏ်သတ္တိနှင့် ပြုလုပ်ထားပုံရပြီး အစွမ်းကြီးသူ တစ်ယောက်က ဖန်တီးထားခြင်း ဖြစ်နိုင်သည်။

အစွမ်းထက်သော စုန်းအတတ် မှော်အကွခရာနှင့် ကာလရှည်ကြာစွာ ကျင့်ကြံခဲ့သော ကျင့်ကြံခြင်းများ ပေါင်းစပ်၍ ဖန်တီးထားသော ဤနတ်ကွန်းကြီးက အစွမ်းထက်သော နတ်ဘုရားဓါတ်ကြွင်း တစ်ခုကဲ့သို့ ဖြစ်နေသည်။

လင်းဟွမ်က သဲလွန်စများ လိုက်ရှာနေသည့် အချိန်တွင် မြေပြင် တုန်ခါလာသည်။ သူ့

ခြေထောက်များကို မြေပြင်မှ ခွာထွက်ပြီး (၁၀) စင်တီမီတာ အမြင့်တွင် ပျံသန်းလိုက်သည်။ တုန်ခါသွားသော်လည်း သူ့ကို မထိခိုက်ခဲ့ပေ။ ထို့နောက် လျစ်လျူရှုပြီး ပတ်ဝန်းကျင်ကို ဆက်လက် လေ့လာနေခဲ့သည်။

ဤနတ်ကွန်းကို ဖိသိပ်ထားသော ရေခဲ သလင်းကျောက်များနှင့် ပြုလုပ်ထားသည်။ နံရံများ၊ တိုင်များ၊ မျက်နှာကျက်များနှင့် ကြမ်းပြင်များ ပေါ်တွင်ပင် မရေမတွက်နိုင်သော စုန်းအတတ် မှော်အက္ခရာများ ရေထိုးထား၏။

လင်းဟွမ်သည် တစ်ချက်ကြည့်ရုံနှင့် ခေါင်းထဲ မိုက်ခနဲ ဖြစ်သွားသည်။ ဒါဇင်နှင့်ချီသော ရေခဲ သလင်းကျောက်များကို စက်ဝိုင်းပုံစံ စီထားကြောင်း သတိထားမိသည်။ စမ်းကြည့်ရန် လုပ်လိုက်စဉ် ရင်းနှီးသော အမျိုးသမီးတစ်ယောက်၏ အသံကို ကြားလိုက်ရသည်။

"မှော်နတ်သမီး မျှော်စင်ရဲ့ အဆင့် (၉) ကို ဖြတ်ကျော်နိုင်ခဲ့တဲ့ စိန်ခေါ်သူ တစ်ယောက်အနေနဲ့ ရတနာတစ်ခုကို ဆုလာဒ်အနေနဲ့ ရွေးချယ်နိုင်တယ်"

လင်းဟွမ်သည် ရင်းနှီးသော အသံကို ကြားလိုက်ရသောကြောင့် အံ့သြသင့်သွားသည်။

အသံလာရာ အရင်းအမြစ်ဘက်သို့ လှမ်းကြည့်ရာ လေထဲတွင် အဖြူရောင်ဝတ်စုံ ဝတ်ထားသော အမျိုးသမီးတစ်ဦး ထွက်ပေါ် လာသည်ကို တွေ့လိုက်ရသည်။ သူမကို ကြည့်ရသည်မှာ အသက် (၂၀)ဝန်းကျင်မျှသာ ရှိသေးသည်။ ခါးထိရှည်သော အနက်ရောင်ဆံပင်နှင့် အရပ်က (၁၆၀) စင်တီမီတာသာ ရှိသည်။

သူမက လေထဲတွင် ပျံဝဲနေပြီး အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး ခြေထောက် ဗလာဖြင့် ကြွေရုပ်လေးကဲ့သို့ လှပသောမျက်နှာရှိကာ နှင်းကဲ့သို့

ဖြူဖွေးသော အသားအရည် ရှိ၏။ လုံးဝ စင်းလုံးချောပြီး ပြစ်မျိုးမဲ့မထင် အလှမျိုးပင် ။

“မင်း ဘယ်သူလဲ”

လင်းဟွမ်က ဂရုတစိုက် မေးလိုက်သည်။ ထိုမိန်းမက လှသည်ဆိုသော်လည်း သူမ၏ အသွင်အပြင်က ထူးဆန်းနေသည်။

“ငါ့အသံကို မမှတ်မိဘူးလား”

ထိုအမျိုးသမီးက ရက်ရက်စက်စက် လှပစွာ ပြုံးပြလိုက်သည်။

“မင်း အသံ...”

လင်းဟွမ်သည် မျှော်စင်တွင် အသိစိတ် လွင့်မြောသွားသည့် အချိန်တိုင်း၌ ရှင်းပြတတ်သော အသံဖြစ်ကြောင်း ပြန်သတိရသွားပြီး အံ့သြသင့်သွားသည်။

"မင်းက မော်နတ်သမီး မျှော်စင်ရဲ့ စည်းကမ်းချက်တွေကို ရှင်းပြတဲ့လူလား"

"ဟုတ်တယ် အဲ့ဒါ ငါပဲ ။ ငါ့နာမည်က ဝူမို။ ဒါပေမယ့် ငါက သေသွားခဲ့ပြီ။ ဒါက ငါ့ အသိစိတ်ပဲ"

ဝူမိုက ဝမ်းနည်းကြေကွဲစွာ ပြောလိုက်သည်။

လင်းဟွမ်သည် ဖိနပ်မပါသော ခြေထောက်ဗလာနှင့် အမျိုးသမီးကို စိုက်ကြည့်ပြီးနောက် တစ်ခုခုကို

တွေးမိသွားကာ မှော်နတ်ဘုရား နတ်ကွန်းသေ့ကို ဆင့်ခေါ်လိုက်သည်။ ထို့နောက် ထိုတံဆိပ်ပေါ်တွင် ရေထိုးထားသောပုံနှင့် အမျိုးသမီးဝူမိုကို နှိုင်းယှဉ် ကြည့်လိုက်သည်။

"မင်းက မှော်နတ်သမီး နတ်ကွန်းရဲ့ပိုင်ရှင်လား"

လင်းဟွမ် တုန်လှုပ်သွားသည်။ တံဆိပ်ပေါ်တွင် ရေးထိုးထားသော ကောက်ကြောင်းမှာ ဤအမျိုးသမီး၏ ဘေးတိုက်ပုံဖြစ်ပြီး သူ့ရှေ့တွင် ရပ်နေသော အမျိုးသမီးနှင့် ချွတ်စွပ် တူနေသည်။

အမျိုးသမီးက အတည်ပြုခြင်းမရှိဘဲ ပြုံးရုံသာ ပြုံးနေသည်။

လင်းဟွမ်သည် သူမက မှော်နတ်သမီးနတ်ကွန်း၏ ပိုင်ရှင် မှော်နတ်သမီး ဖြစ်ကြောင်း သိလိုက်သည်။

ဝူမိုသည် လွန်ခဲ့သော နှစ်ပေါင်းသုံးသောင်းက ငြိမ်းချမ်းရေး သမုဒ္ဒရာအထက် ကောင်းကင်ကို ဤလွင့်မြော ကုန်းမြေအား ရွှေ့ပြောင်းပေးခဲ့သော အစစ်အမှန်နတ်ဘုရား တစ်ပါးပင် ။

လင်းဟွမ်သည် အလယ်ခေတ်က အစစ်အမှန် နတ်ဘုရားတစ်ပါး၏ ပုံစံကို စိတ်ကူး ကြည့်ခဲ့ဖူးသော်လည်း သူ့ရှေ့တွင် မတ်တပ်ရပ်နေသော အသက် (၂၀) အရွယ် မိန်းကလေးတစ်ယောက်၏ ပုံစံကို တစ်ခါမှ စိတ်မကူးမိခဲ့ပေ။ သူမတွင်

နတ်ဘုရားတစ်ပါး၏ အစွမ်းရှိပုံမရဘဲ ချစ်စရာကောင်းပြီး အပြစ်ကင်းစင်သော လူတစ်ယောက်နှင့် ပိုတူနေသည်။

"အမ်... ဆရာ မှော်နတ်သမီး..."

လင်းဟွမ်သည် သူမ၏ အထောက်အထားကို အတည်ပြုပြီးနောက် မချေမငံ မပြောဝံ့တော့ပေ။ အသိစိတ်သာ ဖြစ်သော်လည်း သူ့ကို သတ်ဖြတ်ရန် လက်ချောင်းတစ်ချောင်းမျှသာ လိုအပ်ပေလိမ့်သည်။

"ငါ့ကို ဆရာလို့ ခေါ်တဲ့လူတွေကို မုန်းတယ်။ အသက်ကြီးသလိုပဲ။ မင်း ငါ့ကို မိုမိုလို့ ခေါ်နိုင်တယ်။ ငါ့သူငယ်ချင်းတွေ အားလုံးလည်း အဲ့ဒီလိုပဲ ခေါ်ကြတယ်"

ဝူမိုတွင် အစစ်အမှန် နတ်ဘုရားတစ်ပါး၏ လေသံမျိုး လုံးဝ မရှိပေ။

"ဒါက မသင့်တော်ဘူးထင်တယ်။ ဘယ်လိုပဲပြောပြော မင်းက ဆရာကြီးလေ"

လင်းဟွမ်က ရှက်ရွံ့စွာ ဖြေလိုက်သည်။

"ဒါက သတ်မှတ်ချက်ပါ အလေးအနက်မထားနဲ့။ ငါ့နာမည်ခေါ်တာ ရိုင်းတယ်လို့ ခံစားရရင် အစ်မမိုမိုလို့ ခေါ်"

"ကောင်းပြီလေ"

လင်းဟွမ်သည် သူမက အတင်းအကြပ် ပြောနေသဖြင့် လက်ခံလိုက်သည်။

"အစ်မမိုမို ဒီနေရာမှာ ငါ ကြိုက်တဲ့ ရတနာတစ်ခု ရွေးလို့ရတယ်လို့ ပြောခဲ့တယ် မဟုတ်လား"

"ဟုတ်တယ် နတ်ကွန်းထဲမှာရှိတဲ့ ပစ္စည်း (၁၂) ခုလုံးက နတ်ဘုရားအဆင့် ရတနာတွေချည်းပဲ။ မှော်နတ်သမီးမျှော်စင်ရဲ့ အဆင့် (၉) ကို ဖြတ်ကျော်နိုင်တဲ့အတွက် ဒီထဲက တစ်ခုခုကို မင်းအတွက် ဆုအဖြစ် ရွေးချယ်နိုင်တယ်"

ဝူမိုက ခေါင်းငြိမ့်လိုက်သည်။

"အစ်မမိုမို၊ မင်းမှာ အကြံပေးစရာ ရှိလား"

လင်းဟွမ်သည် ငပါးတစ်ယောက်ပင်။

“ငါ မလုပ်နိုင်ဘူး။ မင်းကိုယ်တိုင် ဆုံးဖြတ်ရမှာ ”

ဝူမိုက ခေါင်းခါလိုက်ပြီး ငြိမ်သက်နေသည်။

ကူကယ်ရာမဲ့သွားသော လင်းဟွမ်သည် သစ်သားပြားထံ လျှောက်သွားပြီး ပစ္စည်းများကို တစ်ခုပြီးတစ်ခု ဂရုတစိုက် ကြည့်လိုက်၏ ။

ထိုစဉ် ရှောင်ဖိန်က ရုတ်တရက် ပြောလာသည်။

“အစစ်အမှန် နတ်ဘုရားသွေးကို ရွေး”

လင်းဟွမ်သည် ထိုမှတ်ချက်ကိုကြားလျှင် အံ့သြသင့်သွားသည်။ လှည့်ပတ် ရှာဖွေကြည့်သော်လည်း

သွေးနှင့် တူသည့်အရာ မတွေ့သဖြင့် ရှောင်ဖိန်နှင့် စိတ်ချင်းဆက်သွယ်ပြီး ပြန်မေးလိုက်သည်။

"မတွေ့ဘူး"

"လက်သီးအရွယ်အစားရှိတဲ့ ရွှေရောင် သလင်းကျောက်"

လင်းဟွမ်သည် လှည့်ပတ် ကြည့်ပြီးနောက် အစောပိုင်းက မြင်ခဲ့သည့် ပုံစံမမှန်သော သလင်းကျောက်ကို ကြည့်လိုက်သည်။ ထိုသေတ္တာနားကို ဖြည်းဖြည်းချင်း လျှောက်သွားပြီး ရှောင်ဖိန် နောက်တစ်ကြိမ် မဆက်သွယ်ခင် သေသေချာချာ လေ့လာကြည့်လိုက်၏။

"သတ္တုအပိုင်းအစ တစ်ခုနဲ့ ပိုတူတယ်။ သွေးဆို အရည်ပုံစံ ဖြစ်သင့်တာ မဟုတ်ဘူးလား။ ဒါမှမဟုတ် သွေးက သတ္တုထဲမှာ ပုန်းနေတာလား"

"အဲ့ဒါ သွေး ပုန်းနေတာ မဟုတ်ဘူးကွ။ အဲ့ဒီ သလင်းကျောက် တစ်ခုလုံးက အစစ်အမှန် နတ်ဘုရားရဲ့ သွေးပဲ။ သွေးက ခန္ဓာကိုယ်ထဲက ထွက်လာတာနဲ့ အစိုင်အခဲ သလင်းကျောက် ဖြစ်သွားရော"

"မင်း သေချာလို့လား"

လင်းဟွမ် သံသယ ရှိနေဆဲပင်။

"တကယ်လို့ ငါမှားရင် ငါ့ကိုဖယ်လိုက်။ မင်းကို ပိုကောင်းတဲ့ ရွေးလက်ချောင်း စနစ်နဲ့ ပြောင်းပေးလိုက်မယ်"

"ကောင်းပြီလေ။ ဒါဆိုလဲ မင်းကို ယုံလိုက်မယ်"

လင်းဟွမ်သည် ရှောင်ဖိန်၏စကားကို ကြားလျှင် သံသယများ ရပ်တန့်လိုက်သည်။

"ပိုကောင်းတဲ့ ရွေးလက်ချောင်း စနစ်ရဖို့ ဒီအခွင့်အရေးကို အမိအရ မဆုပ်ကိုင်ဘူးလား။ ဒီအခွင့်အရေး တစ်ခါ လွတ်သွားရင် နောက်တစ်ခေါက် ပြန် မရဘူးနော်။ သေသေချာချာ စဉ်းစားဖို့ အကြံပေးချင်တယ်။ ငါ့ထက် အစွမ်းထက်တဲ့

ရွှေလက်ချောင်း စနစ်တွေ အများကြီး ရှိသေးတယ်။ ဥပမာ ရွှေသားရဲ နှစ်ကောင်ကို သတ်ပြီး အဆင့်မြှင့်နိုင်တယ်။ အချို့ဆို သာမန်လူတစ်ယောက်ကနေ နတ်ဘုရား တစ်ပါးကို သေအောင် သတ်လို့ရတဲ့အထိ အစကတည်းက အားကောင်းနေတာ။ အဲ့ဒီလိုမျိုး ရွှေလက်ချောင်း စနစ်တွေလည်း ရှိတယ်နော်”

“မလိုချင်ဘူး။ မင်း ရှိတာနဲ့တင် အဆင်ပြေနေပြီ”

လင်းဟွမ်သည် အဖြူရောင် မုသားစကား ပြောပြီး လိမ်ညာသည်ကို ဖုံးကွယ်ရန် နှာခေါင်းပွတ်လိုက်သည်။

“တော်ပြီ ငါ မင်းကို ဗရုတ်မကျတော့ဘူး။ အမှန်တကယ်တော့ သတ်မှတ်ထားတဲ့ ရွှေလက်ချောင်း

စနစ်ကို ဘယ်ခရီးသွားမှ မပြောင်းလဲနိုင်ဘူး။ နောက်ပြီးတော့ ဒီနတ်ဘုရားက အဆင့် (၃) ကံကြမ္မာအဆင့်မှာ တည်ရှိနေတတာ။ မင်းရဲ့ အကန့်အသတ်ပဲ ရှိတဲ့ ဖြုတ်ဦးနှောက်လောက်နဲ့ ဖျစ်ညစ်စဉ်းစားနေတာ ရပ်လိုက်တော့။ ဒါပိုမြင့်တဲ့ သက်ရှိတစ်မျိုးပဲ”

လင်းဟွမ် ဆွံ့အသွားသည်။

“တစ်ခု ရွေးပြီးပြီလား”

ဝူမိုသည် လင်းဟွမ်က မလှုပ်မယှက်ပဲ ရွှေခရမ်းရောင် သလင်းကျောက်အား စိုက်ကြည့်နေသည်ကိုမြင်လျှင် သိချင်စိတ် ဖြစ်ပေါ်လာသဖြင့်

"ဟုတ်တယ် ဒီတစ်ခုကို ရွေးလိုက်မယ်"

လင်းဟွမ် ခေါင်းငြိမ့်ပြီး သလင်းကျောက်ကို လက်ညှိုးထိုးပြလိုက်သည်။

" သေချာလား"

ဝူမိုက မေးသည်။

"သေချာတယ်"

"ကောင်းပြီလေ။ မင်း ဆန္ဒအတိုင်းပဲ"

ဝူမိုက စကားပြောပြီးနောက် သူမ၏လက်ဖဝါးကို သေတ္တာထိပ်တွင် တင်လိုက်သည်။ သေတ္တာထဲမှ ရွှေခရမ်းရောင် သလင်းကျောက်သည် လေထဲပျံဝဲလာပြီး

သူမလက်ထဲ ကျရောက်သွားပြီးနောက် လင်းဟွမ်ရင်ဘတ်နှင့် ပွတ်သပ်လိုက်သည်။

## အခန်း(၇၁၂) - မှော်နတ်သမီး နတ်ကွန်းထဲ ဝင်ရောက်လာသော အခြေအနေ။

”အစစ်အမှန် နတ်ဘုရားသွေး ရထားတယ် ကတ်တစ်ခုအဖြစ် ပြောင်းလဲချင်လား”

“ငါ့ရဲ့ တိုက်ခိုက်ရေး အဆင့်နဲ့ဆိုရင် ကတ်ဖြစ်သွားတာနဲ့ ချက်ချင်း ချိတ်ပိတ်လိုက်မှာ မဟုတ်လား”

လင်းဟွမ်က ချက်ချင်း မေးလိုက်သည်။

“ဟုတ်တယ် ကတ်ဖြစ်သွားတာနဲ့ ချက်ချင်း ပိတ်လိုက်မှာပဲ”

“ဒါဆိုလဲ လောလောဆယ် ကတ် မလုပ်သေးဘူး”

လင်းဟွမ်သည် ရှောင်ဖိန်၏ တောင်းဆိုမှုကို ငြင်းပယ်ပြီး ဝူမိုကို ကြည့်လိုက်သည်။

“အစ်မမိုမို ငါက ဒီအမွေအပြင် မင်းဆီက အမွေလဲ ရမှာလား”

“ဒါအမှန်ပဲ ဒါပေမယ့် ငါ့ဆီက အမွေရဖို့က မလွယ်ဘူးနော်”

ဝူမိုက လင်းဟွမ်ကို ပြုံးပြီး ကြည့်လိုက်သည်။

“ရတာ၊ မရတာ ကံတရားပဲ။ စမ်းကြည့်မယ်”

လင်းဟွမ်က ပြန်ပြုံးပြလိုက်သည်။

“ငါ့ နောက်လိုက်ခဲ့”

ဝူမိုက ပြောပြီးထွက်သွားသည်။ လင်းဟွမ်က သူမကို မီအောင် နောက်မှ ချက်ချင်း လိုက်ပါသွားခဲ့သည်။ ခပ်လှမ်းလှမ်းကို လမ်းလျှောက် သွားပြီးနောက် ရင်းနှီးနေသော မီးခိုးရောင် ကျောက်ပြားတစ်ခုကို တွေ့လိုက်ရသည်။ ဒါသည် မှော်နတ်သမီး မျှော်စင်ထဲတွင် ရှိသောပုံစံနှင့် တူသည်။

ဝူမိုသည် ကျောက်ပြားကို လက်ညှိုးထိုးပြပြီး လင်းဟွမ်ကို

"ဘာလုပ်ရမလဲဆိုတာ မင်း သိပါတယ်"

လင်းဟွမ်သည် ရှုပ်ထွေးပွေလီသော မော်အက္ခရာလိုင်းများနှင့် ဖွဲ့စည်းထားသော ချိတ်ပိတ်မော်အက္ခရာတစ်ခုဖြစ်ကြောင်း ချက်ချင်း သိလိုက်သည်။

လင်းဟွမ် မော်အက္ခရာကို ချိတ်ဖြေရန် လုပ်လိုက်စဉ် ဝူမိုက နောက်တစ်ကြိမ် ဆက်ပြောလိုက်သည်။

“ဒါက တစ်သောင်း ချိတ်ပိတ် မော်အက္ခရာပဲ။ မင်း ကုတ်ဖွင့်ဖို့ အချိန်ကြာနေတာနဲ့ နောက်ထပ် တစ်ကြိမ် ချိတ်ပိတ်သွားပြီး မော်အက္ခရာတစ်ခု ပေါ်လာလိမ့်မယ်။ ဒါကို အကြိမ်တစ်သောင်း ဖွင့်ပြီးမှ လုံးဝ ကုတ်ပွင့်သွားလိမ့်မယ်။ ကြားထဲမှာ ကျရှုံးရင် အစကနေ ပြန်စရမယ်။ အရင်က မင်း ဖွင့်ဖူးတဲ့ကုတ်တွေနဲ့ လုံးဝ

မတူတဲ့ မှော်အကွခရာ အုပ်စုအသစ် ဖြစ်လာလိမ့်မယ်။ ဒါကြောင့် တစ်ခါတည်း ဖြတ်ကျော်နိုင်ရင် အကောင်းဆုံးပဲ”

အဲ့ဒီအစား နောက်တစ်ခါ ထပ်လုပ်ရမယ် ဆိုရင်တော့ မင်းအတွက် ပိုခက်လာနိုင်တယ်။ နောက်ပြီးတော့ မှော်အကွခရာ တစ်ခုကို ကုတ်ဖြေဖို့အတွက် စက္ကန့် (၃၀) ပဲ အချိန်ပေးထားတယ်။ အဲ့ဒီထက် ပိုကြာရင် အစကနေ ပြန်စရမယ်”

“မှော်အကွခရာ တစ်ခုကို စက္ကန့် (၃၀) အတွင်း ကုတ်ဖွင့်ပြီးတာနဲ့ နောက်ထပ် မှော်အကွခရာတစ်ခု ပေါ်လာလိမ့်မယ်”

ဝူမိုက အခြေအနေများကို ရှင်းပြပြီးနောက် စကား ထပ်ပြောလိုက်သည်။

"မင်းရဲ့ အိမ်မွေး တိရိစ္ဆာန်လေးဆီကလဲ အကူအညီ တောင်းနိုင်တယ်။ မင်းဆင့်ခေါ်တဲ့ မွန်းစတားက မင်းရဲ့ စွမ်းရည်ထဲကတစ်ခု ဖြစ်နေလို့ ခွင့်ပြုထားတယ်"

ဝူမိုက မှော်နတ်သမီးမျှော်စင်ထဲတွင် သွေးရဲရဲလေးကို မြင်ဖူးခဲ့သည်မှာ ထင်ရှားသည်။

လင်းဟွမ်ကလည်း ထိန်ချန်ထားနိုင်ခြင်း မရှိသဖြင့် သွေးရဲရဲလေးကို ချက်ချင်း ဆင့်ခေါ်လိုက်သည်။

"ငါ အရင်ဆုံး ကြိုးစားကြည့်မယ်။ တကယ်လို့ ငါ မလုပ်နိုင်ရင် မင်းဆီက အကူအညီ တောင်းမယ်"

လင်းဟွမ်က သွေးရဲရဲလေးကို ပြောလိုက်သည်။

သွေးရဲရဲလေးက မည်သည့်စကားမျှ ပြန်မပြောဘဲ ဘေးနားတွင် မတ်တပ်ရပ်နေသော ဝူမိုကို ကြည့်လိုက်သည်။ ထို့နောက် ခေါင်းငြိမ့်ပြပြီး လင်းဟွမ်၏ ညာဘက် လက်မောင်းတွင် ရစ်ခွေလိုက်၏။

လင်းဟွမ်က ကုတ်ဖြေမည့် မှော်အက္ခရာကို စတင် ရေးဆွဲလိုက်သည်။

စက္ကန့် (၂၀) မပြည့်ခင် ပထမဦးဆုံးကုတ်ကို အောင်မြင်စွာ ဖွဲ့စည်းနိုင်ခဲ့သည်။ ပထမဦးဆုံး ချိတ်ပိတ် မှော်အက္ခရာ ပျောက်ကွယ်သွားသည်နှင့် ဒုတိယမြောက် မှော်အက္ခရာတစ်ခုက အလိုလို ပေါ်လာသည်။

ယခုအခါ၌ လင်းဟွမ်သည် ချိတ်ပိတ် မှော်အကွခ်ရာနှင့် ပတ်သက်၍ ဝူမို ပြောခဲ့သည့်စကားများက အမှန်တရား ဖြစ်ကြောင်း သိလိုက်ရသည်။

(၂၀) စက္ကန့်အတွင်းတွင် ဒုတိယမြောက် မှော်အကွခ်ရာကို ချိတ်ဖွင့်ပြီးသည်နှင့် တတိယမြောက် တစ်ခု ပေါ်လာသည်။

စုတ်ချက် တစ်ချက် မှားသွားသည်နှင့် မှော်အကွခ်ရာ တစ်ခုလုံး ပျက်ဆီးသွားနိုင်သောကြောင့် လင်းဟွမ်သည် စိတ်ရှည်ရှည်ထားပြီး ဂရုတစိုက်နှင့် တစ်ခုပြီးတစ်ခု ကုတ်ဖြေနေခဲ့သည်။ မှော်နတ်သမီး နတ်ကွန်းထဲတွင် အချိန်များ ကုန်ဆုံးသွားခဲ့သော်လည်း အပြင်ဘက်တွင်

မည်သည့် အရာများ ဖြစ်ပျက်နေကြောင်း သူ မသိလိုက်ပေ။ ယခုအချိန်တွင် သူ လုပ်နိုင်သည်မှာ ဘာမှမရှိချေ။

...

လေထဲ၌ ပျံဝဲနေသောနတ်ကွန်း ရပ်တန့်သွားသည့် အချိန်တွင် အမျိုးသမီးတစ်ယောက်၏ အသံ ထွက်ပေါ်လာသည်။ အောက်မှာရှိနေသော လူအားလုံးလည်း ကြည်လင်ပြတ်သားစွာ ကြားနေရသည်။

“မော်နတ်သမီး နတ်ကွန်းက သန့်ရှင်းမီးလျှံအဆင့်နဲ့ အင်မော်တယ်အဆင့် အားလုံးကို ကြိုဆိုလက်ခံပါတယ်။

တိုက်ခိုက်ရေးအဆင့် မမီဘဲ ဝင်လာတဲ့လူတွေက ညှာတာ သနားခြင်း မရှိဘဲ အသတ်ခံရမယ်။ တကယ်လို့ တိုက်ခိုက်အဆင့် ဖိနိပ်မယ်၊ ဖုံးကွယ်ထားမယ်ဆိုပြီး မင်းတို့ သေရမှာမကြောက်ရင် ကြိုးစားကြည့်နိုင်တယ်”

ဒေသခံ မျိုးနွယ်ဝင် အများအပြားသည် ပစ်မှတ်ဖြစ်လာမည်ကို ကြောက်ရွံ့သောကြောင့် လှည့်ပြေးကြသည်။ အချို့ကမူ မလှုပ်မရှက် နဂိုနေရာမှာပင် ရှိနေကြသည်။

“အကဲဖြတ်တဲ့ အခြေအနေကို ငါ ရှင်းပြပြီးပြီ။ အရည်အချင်း ပြည့်မီတဲ့လူတွေက မှော်နတ်သမီး နတ်ကွန်းထဲ ဝင်နိုင်တယ်”

"မော်နတ်သမီးနတ်ကွန်း တစ်ဝိုက်မှာ အကဲဖြတ်မှု တစ်ခုစီနှင့် မော်နတ်သမီးနတ်ကွန်းရဲ့ အပြင်ဘက်မှာ ပြင်ပ ဘုရားကျောင်း တစ်ဒါဇင်ကျော် ရှိတယ်။ အကဲဖြတ်မှု အောင်မြင်ပြီးမှ နောက်တစ်နေရာကို သွားနိုင်မယ်။ အထဲမှာ နတ်ဘုရားအဆင့် ရတနာ (၁၂) ခုရှိတယ်။ မော်နတ်သမီး နတ်ကွန်းကို အသက်သွင်းသွားတဲ့လူက တစ်ခု သိမ်းသွားတဲ့အတွက် ကျန်တဲ့(၁၁) ခုကို ပြင်ပ ဘုရားကျောင်း (၁၁) ခုမှာ စမ်းသပ်ချက် အောင်မြင်ခဲ့တဲ့လူတွေကို ကျပန်း ချီးမြှင့်သွားမယ်။ (၁၁) ခု ကုန်ပြီးမှ ရောက်လာတဲ့ လူတွေကတော့ ရတနာ မရဘူး။ ပထမဦးဆုံး အောင်မြင်တဲ့လူ (၁၁) ယောက်ပဲ ရမယ်"

လူများသည် ရတနာအကြောင်းကို ကြားလျှင် စိတ်လှုပ်ရှားသွားကြပြီး စိတ်ရှည်ရှည် နားထောင်နေကြသည်။ ထို့အပြင် မော်နတ်သမီး နတ်ကွန်းကို ပထမဦးဆုံးအကြိမ် ဖွင့်လှစ်ခြင်းဖြစ်၍ ဝင်ရောက်ရမည့် အခြေအနေနှင့် ပက်သက်၍ မည်သူမျှမသိကြပေ။ အကယ်၍ သူတို့ထဲမှ တစ်ယောက်ယောက်က ဘုမသိ၊ ဘမသိဖြင့် စည်းမျဉ်းများ ချိုးဖောက်မိပြီး အရည်အချင်း မပြည့်မီပါက သနားစရာ ကောင်းလှ၏။

“ဒီနေရာမှာ ငါ ဖောင်းပေးထားတဲ့ အရာ တစ်ခုရှိတယ်။ မော်နတ်သမီး နတ်ကွန်းထဲမှာ တိုက်ခိုက်ခွင့် မပြုဘူး။ ဘယ်သူမဆို ကြားဖြတ်နည်း

စနစ်သုံးပြီး ကြားဖြတ် နှောက်ယှက်ခွင့် မရှိဘူး။ ဒီလိုမှမဟုတ်ရင် မှော်နတ်သမီး နတ်ကွန်း အပြင်ဘက်ကို ပြန်မောင်းထုတ်မယ်။ ရတနာလဲ သိမ်းယူမယ်။ ပြဿနာရှာတဲ့လူကို မှော်နတ်သမီး နတ်ကွန်းထဲ ဝင်ရောက်ခွင့် ထာဝရတားမြစ်ပြီး နာမည်ပျက်စာရင်းထဲ ထည့်သွင်းမယ်။ တကယ်လို့ အဲ့ဒီလူက နောက်တစ်ကြိမ် ဝင်ဖို့ကြိုးစားရင် ညှာတာ သနားခြင်းမရှိ အသတ်ခံရမယ်”

ဤနေရာတွင် တိုက်ခိုက်ပါက ပြင်းထန်စွာ အပြစ်ပေးခံရမည်ဟု ဆိုသော်လည်း အပြင်ဘက်တွင် တိုက်ခိုက်ခွင့် ရှိသည်ဟု ဆိုလိုခြင်းပင်။ အများစုက

စကား၏အဓိပ္ပါယ်ကို နားလည်ကြသည်။ အခြားသူများ၏ ရတနာများကို လုယက်ရန် ကြံစည်နေကြသည့် လူများသည် အခြား အစီအစဉ်တစ်ခုကို အကောင်အထည် ဖော်ရလိမ့်မည်။

"မှော်နတ်သမီး နတ်ကွန်းကို (၁၀) ရက်ကြာ ဖွင့်ပေးထားမယ်။ ဒီကာလထဲမှာ အရည်အချင်း ပြည့်မီတဲ့လူအားလုံးက မှော်နတ်သမီး နတ်ကွန်းထဲကို စိတ်ရှိတိုင်း ဝင်နိုင်၊ ထွက်နိုင်တယ်။ (၁၀) ရက်ကြာရင်တော့ နတ်ကွန်းကို ပိတ်မယ်။ အသက်သွင်းတဲ့လူ အပါအဝင် ဘယ်အဆင့်ပဲ ရောက်ရောက် နတ်ကွန်းထဲက မောင်းထုတ်ခံရမယ်"

"တကယ်လို့ (၁၀) ရက်အတွင်းမှာ လူတစ်ယောက်က မှော်နတ်သမီးရဲ့အမွေကို ဆက်ခံနိုင်ခဲ့မယ် ဆိုရင် အဲ့ဒီလူက နတ်ကွန်းကို ထိန်းချုပ် ပိုင်ဆိုင်ခွင့်ရှိပြီး အထဲက ဘယ်သူ့ကိုမဆို မောင်းထုတ်ပိုင်ခွင့် ရှိတယ်"

ဝူမိုကို မတွေ့ရသော်လည်း သူမ ရှင်းပြနေသော အခြေအနေကို လူတိုင်း ရှင်းရှင်းလင်းလင်း ကြားနေရသည်။ ထို့နောက် သူမက လူတိုင်း၏မေးခွန်းကို တစ်ယောက်ပြီး တစ်ယောက် ပြန်ဖြေပေးခဲ့ပြီး နောက်ဆုံးတွင် ကြေငြာလိုက်သည်။

"မော်နတ်သမီး နတ်ကွန်းကို တရားဝင် ဖွင့်လှစ်လိုက်ပါပြီ။ ဝင်ခွင့် အရည်အချင်း ပြည့်မီတဲ့ လူတွေက ပထမ အကဲဖြတ်မှုကို ပါဝင်နိုင်တယ်"

ဝူမို ပြောပြီးသည်နှင့် ထောင်ပေါင်းများစွာသော လူများသည် ပထမနတ်ကွန်း အဝင်ဝသို့ ကျိုင်းကောင်များအလား စုပြုံ၍ တိုးဝင်လာကြသည်။

## အခန်း(၇၁၃) - စိန်ခေါ်မှု စပြီလားဟ..

စိန်ခေါ်သူများသည် ပထမ နတ်ဘုရားကျောင်းထဲ ရောက်လာသောအခါ သူတို့သည် နတ်ကွန်းတစ်ခု အတွင်းတွင် မရှိတော့ကြောင်း မကြာခင် သိလိုက်ရသည်။ ထိုအစား ဟင်းလင်းပြင် အပျက်အစီး နေရာ၏ ထောင့်တစ်ခုကို ပို့ဆောင်ခြင်း ခံလိုက်ရသလို ဖြစ်နေသည်။

နေရာတိုင်းတွင် ဆီးနှင်းများ ထူထပ်စွာ ကျဆင်းနေပြီး အဆုံးမရှိသော အဖြူရောင် ကွင်းပြင်ကြီးကိုသာ မြင်နေရသည်။ အများစုမှာ အံ့အားသင့်သွားသော်လည်း

တစ်နေရာကို ပို့ဆောင်ခံရခြင်း မဟုတ်ဘဲ အမှန်တကယ်ပင် ပထမဦးဆုံး မှော်နတ်ကွန်း၏ နတ်ဘုရားကျောင်း ဖြစ်ကြောင်း သိရှိလာကြသည်။

အရေးကြီးဆုံးအရာမှာ စမ်းသပ်မှု၏ အကြောင်းအရာပင် ။ ဟင်းလင်းပြင် အကျိုးသက်ရောက်မှုကို ဂရုမစိုက်နိုင်ကြပေ။

သာလွန်အဆင့် လူပေါင်း လေးထောင်ကျော် ဝင်လာကြခဲ့ပြီး မကြာခင် ဝူမို၏အသံက အပေါ်ဘက်မှ ထွက်ပေါ်လာသည်။

“မှော်နတ်သမီး နတ်ကွန်းရဲ့ ပထမအဆင့်က ကြိုဆိုပါတယ်”

"ပထမအသုတ် ရောက်ပြီဆိုတော့ ဒီအဆင့်မှာ ဘာတွေဖြစ်မလဲဆိုတာ ရှင်းပြမယ်။ ဒီအဆင့်မှာ မင်းတို့ရဲ့ ပင်ကိုယ်စွမ်းရည်ကို စမ်းသပ်မယ်။ မကြာခင် အားအနည်းဆုံး မွန်းစတားက အင်မော်တယ် အဆင့် (၁)ဖြစ်တဲ့ မွန်းစတား အလုံးအရင်း ကျူးကျော်မှုကြီး ရောက်လာလိမ့်မယ်။ အစွမ်း အထက်ဆုံးကတော့ အင်ပါယာ ရွှေနက်ရောင် အဆင့်ပဲ"

"ဒီအဆင့်ကို ကျော်ဖြတ်နိုင်ဖို့ အခြေအနေ (၃) မျိုးရှိတယ်။ ပထမတစ်ချက်က မွန်းစတားအုပ်ကြီးထဲက လွတ်မြောက်နိုင်ရမယ်၊ ဒုတိယတစ်ချက်က (၁၀) နာရီအတွင်း မွန်းစတား အကောင်ရေ (၅,၀၀၀)

သတ်ရမယ်။ နောက်ဆုံးတစ်ချက်က အင်ပါယာ ရွှေနက်ရောင်အဆင့် မွန်းစတား (၁၀) ကောင် ကို (၁၀)နာရီအတွင်း သတ်ရမယ်။ အဲ့ဒီ အခြေအနေ သုံးခုလုံး ပြည့်စုံတဲ့လူမှ အောင်မြင်မယ်။ ကျရှုံးတဲ့လူတွေကိုတော့ မှော်နတ်သမီး နတ်ကွန်းရဲ့ အပြင်ဘက်ကို ပြန်ပို့ပြီး ဝင်ခွင့်မပေးတော့ဘူး”

“ဒီအဆင့်မှာ တခြားလူတွေနဲ့ လက်တွဲ လုပ်ခွင့် ပေးတယ်။ ဒါပေမယ့် အသတ်ခံရတဲ့ မွန်းစတား အရေအတွက်ကိုတော့ တစ်ဦးတစ်ယောက်ချင်းစီပဲ တွက်ချက်ပေးမယ်။ မွန်းစတားကို နောက်ဆုံးသတ်တဲ့ လူကိုပဲ သတ်ဖြတ်သူလို့ သတ်မှတ်ပေးမယ်။ ပစ်မှတ်

ထားတဲ့ မွန်းစတားကို သတ်တဲ့လူက မင်းတို့မဟုတ်ရင် အဲ့ဒီ ကိန်းဂဏန်းကို မင်းတို့ ပိုင်ဆိုင်ရမှာ မဟုတ်ဘူး”

အတူတကွ ပူးပေါင်း လုပ်ဆောင်နိုင်သည်ဟု ကြားသောအခါ လူတိုင်း စိတ်လှုပ်ရှား သွားကြသော်လည်း နောက်ဆုံး စည်းမျဉ်းကို ကြားရသောအခါ တစ်ဝက်တစ်ပျက်နှင့် ဖီးငုပ် သွားကြသည်။ တွက်ချက်နည်းအရ နောက်ဆုံး သတ်ဖြတ်သူကသာ အမှတ်ရမည် ဖြစ်သောကြောင့် အဖွဲ့များကြားထဲတွင် သေချာပေါက် ပဋိပက္ခ ဖြစ်လာ လိမ့်မည်။ ကျရှုံးသူက ပစ်မှတ်ထားခံရမည်။

အဖွဲ့များကြားထဲတွင် ပဋိပက္ခ ဖြစ်လာသည်နှင့် အရည်အချင်း မပြည့်မီရန် ဖြစ်နိုင်ချေ များလာလိမ့်မည်။

(၁၀) နာရီအတွင်း မွန်းစတားအကောင်ရေ (၅,၀၀၀) သတ်ရမည် ဖြစ်သောကြောင့် ပျမ်းမျှအားဖြင့် (၇.၂) စက္ကန့်တိုင်းတွင် မွန်းစတား တစ်ကောင်နှုန်း သတ်ရမည်ဟု ဆိုလိုခြင်းပင်...။ မိနစ်အနည်းငယ်ကြာ ဖြစ်ပွားသော ပဋိပက္ခက စွမ်းဆောင်ရည်ကို သိသိသာသာ ထိခိုက်စေနိုင်သည်။ ထို့ကြောင့် အကဲဖြတ်မှု မစတင်ခင် အဖွဲ့ဝင်များသည် သူတို့ အချင်းချင်း စေ့စပ်သေချာစွာ ဆွေးနွေးတိုင်ပင်ပြီး အစီစဉ်တစ်ခု ပြုလုပ်ရန် လိုအပ်နေသည်။

“မကြောက်နဲ့။ ဒီအကဲဖြတ်မှုမှာ မင်းတို့ သေသွားမှာကို စိတ်ပူစရာ မလိုဘူး။ ဒါက မင်းတို့အသိစိတ်ပဲ ရှိနေတဲ့ နေရာတစ်ခုပဲ။ မင်းတို့ သေသွားတာနဲ့ မင်းတို့ရဲ့ အသိစိတ်က ခန္ဓာကိုယ်ထဲ ပြန်ရောက်သွားလိမ့်မယ်”

ဝူမိုက သတိပေးလိုက်သည်။

“ဒါက ငါပြောချင်တာ အကုန်ပဲ။ စစ်ဆေးမှု မစခင် မင်းတို့မှာ မေးခွန်းတွေရှိနေရင် မေးနိုင်တယ်..”

လူများကြားထဲတွင် ပြည်ထောင်စုအစိုးရ၏ စစ်တပ် ယူနီဖောင်း ဝတ်ဆင်ထားသော အမျိုးသားတစ်ယောက်က လက်ထောင်လိုက်သည်။

"(၁၀) နာရီမပြည့်ခင် မွန်းစတား (၅,၀၀၀) နဲ့ အင်ပါယာ ရွှေနက်ရောင်အဆင့် မွန်းစတား (၁၀) ကောင် သတ်နိုင်ခဲ့ရင် ပထမအခြေအနေကို ကင်းလွတ်ပြီးတော့ ဒုတိယမြောက် နတ်ကွန်းကို ချက်ချင်း သွားရမှာလား"

"မဟုတ်ဘူး။ မင်းက ဒီအဆင့်ကို ဖြတ်ကျော်နိုင်ဖို့ အခြေအနေ သုံးခုလုံး ပြည့်စုံရမယ်"

ဤတစ်ကြိမ်တွင် မင်းဆက်အဖွဲ့ဝင် တစ်ယောက်က ဝင်ပြောခဲ့သည်။

"ဒီအဆင့်ကို (၁၀) နာရီ ကန့်သတ်ထားလို့ (၁၀) နာရီကျော်မှပဲ ဒုတိယ နတ်ကွန်းကို ပို့ပေးလိမ့်မယ်"

"ဒီလိုမျိုး အချိန် ကွာခြားချက်မရှိရင် စိန်ခေါ်သူတွေ ကြားထဲမှာ ပို မခက်လာဘူးလား"

"ပထမအဆင့် ပါဝင်တဲ့ လူကြားမှာ အချိန်ကန့်သတ်ချက် နှစ်ခုပဲရှိတယ်။ ဒါကြောင့် မင်းတို့ရဲ့ စွမ်းဆောင်ရည် လုံလောက်နေသရွေ့ အချိန် မလောက်မှာကို စိတ်ပူနေစရာ မလိုဘူး"

ထို့နောက် လူအချို့က မေးခွန်းများ မေးခဲ့ကြပြီး ဝူမိုက တစ်ဦးတစ်ယောက်ချင်းစီ၏ မေးခွန်းများကို ပြန် အဖြေပေးခဲ့သည်။

"ကောင်းပြီ။ မေးခွန်းတွေ မရှိတော့ရင် မင်းတို့ရဲ့ စစ်ဆေးမှုကို အခုပဲ စလိုက်တော့.."

ဝူမို စကားဆုံးသည်နှင့် မွန်းစတားအုပ်ကြီးက ခပ်လှမ်းလှမ်းမှ ထွက်ပေါ်လာသည်။

သူတို့ထဲမှ အချို့လူများမှလွဲ၍ စိန်ခေါ်သူ အများစုသည် ရင်းနှီးသော လူများနှင့် ပူးပေါင်းကြသည်။ နောက်ဆုံးတွင် ဒါသည် မွန်းစတားအုပ်ကြီး ဖြစ်ပြီး အစွမ်းကြီးသော လူများမှလွဲ၍ ကျန်သည့်လူများက တစ်ဦးတစ်ယောက်တည်း ဆိုပါက ရှင်သန်ရန် ခက်ခဲလှ၏။ အဖွဲ့လိုက် ပူးပေါင်းလုပ်ဆောင်ခြင်းက သူတို့၏ ရှင်သန်နှုန်းကို တိုးတက်စေနိုင်သည်။

သို့သော်လည်း အဖွဲ့များ ဖွဲ့စည်းပြီးနောက် ပဋိပက္ခများ စတင် ဖြစ်ပေါ်လာသည်။

"ငါတို့မှာ (၅) ယောက် ရှိတယ်.. တစ်ကြိမ်မှာ တစ်ကောင်သတ်ရင် စွမ်းဆောင်ရည် ညံ့ဖျင်းလိမ့်မယ်။ နောက်ပြီးတော့ တစ်ယောက်က မွန်းစတား သတ်နေတဲ့ အချိန်မှာ ကျန်တဲ့ လေးယောက်က စောင့်ကြည့်နေရမှာလား"

"ဒါ အချိန်ဖြုန်းတာပဲလို့ ငါ ထင်တယ်"

"ဒါဆိုရင် မင်းက ဘယ်လို အကြံပေးချင်လဲ။ လူတစ်ယောက်တည်းက မွန်းစတား ငါးထောင်လုံး သတ်ပြီး နောက်တစ်ဆင့် သွားရမှာလား။ အဲ့ဒါဆို လူတစ်ယောက် တာဝန်ပြီးဖို့ ကျန်တဲ့လူတွေက ဝိုင်းကူပေးချင်မယ်လို့ ထင်နေတာလား။ ငါတို့မှာ (၁၀)

နာရီပဲ အချိန်ရှိတာ။ ပထမ လေးယောက်က အချိန်ကန့်သတ်ချက် အတွင်းမှာ တာဝန်ပြီးမြောက်ဖို့ ဖြစ်နိုင်တယ်။ ဒါပေမယ့် (၅) ယောက်မြောက်လူကို ဘယ်သူက အာမခံမှာလဲ။ ဘယ်သူကရော (၅) ယောက်မြောက်လူ လုပ်ချင်မှာလဲ"

နောက်ဆုံးတွင် မည်သူကမျှ နောက်ဆုံးလူ မဖြစ်ချင်သည့်အတွက် အဖွဲ့ထဲမှလူအားလုံး တိတ်ဆိတ်သွားသည်။ ခဏကြာသော် လူတစ်ယောက်က လက်မြှောက်ပြီး အကြံပြုလိုက်သည်။

"ငါတို့တွေ တစ်ယောက်ကို အကောင်တစ်ရာစီ သတ်ကြမယ်။ ပထမလူက တစ်ရာပြည့်ရင် နောက်လူက

သတ်။ ဒီလိုနည်းဆိုရင် နောက်ဆုံးမှာ လူ (၂) ယောက်ပဲ ကျန်တော့ရင်တောင် အကောင် (၁၀၀) စီပဲ ကျန်တော့အတွက် ဘယ်သူက နောက်ဆုံးလဲဆိုတာ အရေးမပါတော့ဘူး”

ဤအကြံပြုချက်ကို လူတိုင်း သဘောတူကြပြီး ပဋိပက္ခကို လျှော့ချရန်အတွက် အဖွဲ့များစွာကလည်း တူညီသော နည်းဗျူဟာများကို လုပ်ဆောင်ခဲ့ကြသည်။

မကြာခင် ပထမဦးဆုံး မွန်းစတားအုပ်ကြီး ရောက်ရှိလာသည်။ သန်းပေါင်းများစွာသော မွန်းစတားများသည် သူတို့ထံ ပြေးဝင်လာကြသည်။ သူတို့ထဲမှ အများစုမှာ အင်မော်တယ် အဆင့် (၂) မှ

အဆင့် (၃) ကြား ရှိကြပြီး အပြာရောင် ရေခဲသလင်းရုပ်များပင် ။ ဤ မွန်းစတား အုပ်ထဲတွင် မွန်းစတားများစွာ ပါရှိသော်လည်း တိုက်ခိုက်ရေးအဆင့်က နိမ့်ပါးသည်ဟု ယူဆနိုင်သည်။

"မွန်းစတားကျူးကျော်တဲ့ လိုင်းကြီးထဲမှာ ဒီအုပ်က စွမ်းအား အနည်းဆုံး ဖြစ်လိမ့်မယ်။ နောက်ပိုင်းမှာ သတ်နိုင်ဖို့ ပိုခက်နိုင်တယ်။ အဲ့ဒါကြောင့် ရသလောက် သတ်ဟေ့"

လူတစ်ယောက်က သူ၏အဖွဲ့ဝင်ကို ပြောလိုက်လျှင် ကျန်သည့်လူများလည်း ခေါင်းညိတ်ကြသည်။ ဤကဲ့သို့ အတွေးမျိုးရှိသည်က ပထမဦးဆုံးအဖွဲ့သာ မဟုတ်ပေ။

သူတို့အထဲမှ လူတော်တော် များများတွင်လည်း တူညီသော နည်းဗျူဟာများ ရှိနေကြသည်။

မွန်းစတားအုပ်ကြီး အနားမရောက်ခင် လူအုပ်ကြီးက အစုလိုက် အပြုံလိုက် ပြေးဝင်သွားကြပြီး အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်းများ ဖြစ်ပေါ်လာ၏။

မှော်နတ်သမီး နတ်ကွန်းထဲ ဝင်ရောက်လာသော လူအများစုမှာ အင်မော်တယ် အဆင့် (၇) မှ အဆင့် (၉)ကြား ရှိကြသည်။ ထို့ကြောင့် အင်မော်တယ် အဆင့် (၁)မှ အဆင့် (၃) ကြားသာရှိသော မွန်းစတားများသည် ကျားအုပ်ထဲ တိုးဝင်လာသော သိုးအုပ်များနှင့်

တူနေသည်။ တိုက်ခိုက်ရန် မဟုတ်ဘဲ ရက်စက်စွာ တစ်ဖက်သတ် သတ်ဖြတ် ခံနေရခြင်းပင်။

# အခန်း(၇၁၄) - အစွမ်းထက်သော စိန်ခေါ်သူတစ်ယောက်

မော်နတ်သမီး နတ်ကွန်း၏ ပထမအဆင့် စိန်ခေါ်မှု စတင်၍မကြာခင် စိန်ခေါ်သူ အနည်းငယ် ထွက်ပေါ်လာသည်။ သူတို့သည် မည်သူနှင့်မျှ အဖွဲ့မဖွဲ့ဘဲ တစ်ကိုယ်တော် တိုက်ခိုက်ကြသည်။ သူတို့ ဖြတ်ကျော်သွားသည့်အခါ အသက်ရှင် ကျန်ရစ်သည့် မွန်းစတားများ မရှိခဲ့ပေ။ သူတို့သည် ရေထဲတွင် လွတ်လပ်စွာ ကူးခတ်နေသော ငါးများနှင့်တူနေပြီး သူတို့ လုပ်ချင်တာ မှန်သမျှကို တားဆီးနိုင်ခြင်း မရှိပေ။

ထို့အပြင် သူတို့သည် မွန်းစတား တစ်ကောင်းတည်းကို သတ်ဖြတ်ခဲ့ခြင်း မဟုတ်ဘဲ ဖြတ်သန်းသွားရာ တွေ့သမျှ မွန်းစတားတိုင်းကို ကောက်သင်းရိတ်သလို မြင်မြင်သမျှ သတ်ဖြတ်သွားခဲ့သည်။။။

ပထမအသုတ် မွန်းစတားအုပ်ကြီးသည် ဒုတိယအသုတ် မွန်းစတားအုပ်ကြီး ရောက်မလာခင် (၂) နာရီမျှ ကြာမြင့်ခဲ့သည်။ ဤတစ်ကြိမ်တွင် အင်မော်တယ် အဆင့် (၄) မှ အဆင့် (၆) ကြား မွန်းစတားများ ပါလာသည်။

အားနည်းသူများက ထိခိုက်ဒဏ်ရာရရှိပြီး စွမ်းဆောင်ရည် သိသိသာသာ ကျဆင်းလာသည့်အတွက်

အဖွဲ့ဝင်များက ကာကွယ်နေရသဖြင့် စွမ်းဆောင်ရည် ပိုမို ထိခိုက်ကုန်သည်။ သို့သော်လည်း အစွမ်းထက်သော တစ်ဦးတစ်ယောက်ချင်း လုပ်ရှားနေကြသည့် လူများကမူ မွန်းစတားများကြားထဲတွင် လှုပ်ရှား နေဆဲဖြစ်ပြီး သူတို့အတွက် ပထမအသုတ် မွန်းစတားအုပ်နှင့် ကွာခြားခြင်း မရှိပေ။

တတိယမြောက် မွန်းစတားအုပ်ကြီး ရောက်မလာခင် (၂) နာရီ ကြာမြင့်ခဲ့သည်။ ဤတစ်ကြိမ်တွင် မွန်းစတားများသည် အင်မော်တယ် အဆင့် (၇) မှ အဆင့်(၉) အထိ ဖြစ်ကြပြီး ပိုမိုအားကောင်းသော စိန်ခေါ်သူများပင် နှေးကွေးလာကြသည်။

အဆင့်တူ မွန်းစတား အရေအတွက်မှာ စိန်ခေါ်သူ အရေအတွက်ထက် များစွာ ကျော်လွန်သွားခဲ့သည်။

မွန်းစတားများက စိန်ခေါ်သူအများစုကို အန္တရာယ်ဖြစ်စေနိုင်သောကြောင့် ဤတစ်ကြိမ်တွင် ပိုမိုသတိထားကြသည်။ တစ်ကိုယ်တော် လှုစွမ်းကောင်းများပင် သူတို့၏ စွမ်းဆောင်ရည်များ သိသိသာသာ ကျဆင်းခြင်းနှင့် ကြုံတွေ့နေရသည်။ ယခင်က မွန်းစတားပေါင်းများစွာကို တပြိုင်နက် သတ်ဖြတ် နိုင်ခဲ့သော်လည်း ယခုအခါတွင် နှစ်ယောက် တစ်တွဲ၊ သုံးယောက်တစ်တွဲမှသာ တစ်ကောင်စီ သတ်ဖြတ်နိုင်တော့သည်။

တတိယမြောက် မွန်းစတားအုပ်ကြီးက အဖွဲ့များစွာကို ဒုက္ခပေးခဲ့သည်။ အချို့မှာမူ မတိုက်ခိုက်နိုင်တော့ဘဲ ခုခံကာကွယ် လာရသည်။

တတိယမြောက် မွန်းစတားအုပ်ကြီး ရောက်လာပြီး (၃) မိနစ်ခန့်အကြာတွင် စိန်ခေါ်သူ တစ်ယောက် သတ်ဖြတ်ခြင်းခံရပြီး အရည်အချင်း ကျသွားခဲ့သည်။ နောက်ပိုင်းတွင် သူ့အဖွဲ့ဝင်များလည်း တစ်ယောက်ပြီးတစ်ယောက် အသတ်ခံရကာ ကျရှုံးသွားကြသည်။

ဒါသည် အစသာ ရှိသေးသည်။

မကြာခင် ဒုတိယအဖွဲ့နှင့် တတိယအဖွဲ့များလည်း ပြိုလဲကုန်၏။ နာရီဝက်မပြည့်ခင် အဖွဲ့ (၇) ဖွဲ့ ပြိုလဲသွားပြီး (၃၇) ယောက် ကျရှုံးသွားသည်။

ဒါသည် အဆုံးသတ် မဟုတ်သေးပေ။

(၇) ဖွဲ့မြောက် အဖွဲ့ ပျက်စီးသွားပြီးနောက် (၈)ဖွဲ့မြောက်၊ (၉) ဖွဲ့မြောက်လည်း လိုက်ပါ ပြိုကွဲကုန်သည်။

တစ်နာရီ အတွင်းတွင် အဖွဲ့ပေါင်း (၁၃) ဖွဲ့ ပြုတ်ကျသွား၏။

(၂) နာရီနီးပါး ကြာမြင့်ပြီးနောက် မွန်းစတားအုပ်ကြီး အဆုံးသတ်တော့မည် ဖြစ်သော်လည်း အဖွဲ့ (၂၁) ဖွဲ့နှင့် လူပေါင်း (၁၀၀) ကျော် ပြုတ်ကျသွားခဲ့သည်။

တတိယမြောက် မွန်းစတားအုပ်ကြီး အဆုံးသတ်သွားသည်နှင့် စတုတ္ထမြောက် မွန်းစတားအုပ်ကြီး ရောက်ရှိလာသည်။ နောက်ဆုံး၌ အင်ပါယာအဆင့် မွန်းစတားများက ဤနေရာသို ရောက်ရှိလာခဲ့ပြီ။

ရောမ နှင်းခဲ အလောင်းကောင်များသည် စိန်ခေါ်သူများထံ သေမင်းအလား ပြေးဝင် တိုက်ခိုက်ကြကုန်သည်။

ဤတစ်ကြိမ် မွန်းစတားအုပ်ကြီးတွင် အင်ပါယာအဆင့် မွန်းစတားများအပြင် မွန်းစတား အရေအတွက်မှာလည်း တတိယမြောက် မွန်းစတားအုပ်ကြီးထက် အဆ အနည်းငယ် ပိုများသည်။ သန်းပေါင်းများစွာ ပါရှိသောကြောင့် ဒါသည် ယခင် မွန်းစတားအုပ်ကြီး (၃) ခုပေါင်းသည်ထက်ပင် ပိုများ နေသေးသည်။

လူအများစုသည် နှင်းမှုန် အလောင်းကောင်ကို တွေ့လျှင် ထိတ်လန့်သွားကြသည်။ အရုပ်အဖြစ် ပြောင်းလဲထားသော ဒေသခံ မျိုးနွယ်ဝင်များလည်း ကြောက်လန့် နေကြသည်။ နှင်းမှုန်

အလောင်းကောင်သည် ခုခံမှုတွင် အားကောင်းရုံသာမက ကြောက်စရာ ကောင်းသော ခွန်အားကိုလည်း ပိုင်ဆိုင်ထားသည်။ အင်ပါယာအဆင့် လူသားအများစုသည် နှင်းမှုန် အလောင်းကောင်ကို သတ်ရန်မဆိုထားနှင့် နှင်းမှုန်အလောင်းကောင်၏ ခုံခံကာကွယ်မှုကိုပင် မချိုးဖျက်နိုင်ကြပေ။

သို့သော်လည်း သူတို့ထဲမှ စိန်ခေါ်သူအချို့သည် မကြောက်ရွံ့ဘဲ နှင်းမှုန် အလောင်းကောင်ကို သတ်ဖြတ်ချင်သော မျက်လုံးဖြင့် စိုက်ကြည့်နေကြ၏။

"နှင်းမှုန် အလောင်းကောင် တစ်ကောင်လုံးဆို ဈေးကြီးကြီးနဲ့ ရောင်းလို့ရပေမယ့် ဒါက ပုံရိပ်ယောင် လောက ဖြစ်နေတာ ဆိုးတယ်ကွာ"

မင်းဆက်မှ ပိန်ပိန်ပါးပါး လူတစ်ယောက်က စပ်ဖြဲဖြဲ ပြုံးပြီး ပြောလိုက်သည်။

"ဒီကောင်တွေကို ရောင်းလို့ ရရ၊ မရရ (၁၀) ကောင်တော့ ရအောင် သတ်ရမယ်။ အဲ့ဒါ ငါတို့ တာဝန်ပဲ"

သူ့ဘေးတွင် ရှိနေသော အရပ်ရှည်၍ ပိန်ပါးသော အမျိုးသားတစ်ယောက်က ပြောလိုက်သည်။

"ဘယ်သူ အမြန်ဆုံး သတ်နိုင်မလဲဆိုတာ ကြည့်ရအောင်"

"ဒီနေရာမှာ ငါ့အရည်အချင်း အစစ်အမှန်ကို ထုတ်မပြချင်ဘူး။ တခြား တစ်ယောက်ကို ရှာလိုက်.."

ပိန်ပါးသော အမျိုးသားက ပြုံးပြီးပြန်ပြောလိုက်သည်။

"ဒါက အပျင်းပြေကစားတဲ့ ကစားပွဲတစ်ခုပါ။ မင်းရဲ့ အရည်အချင်း အစစ်အမှန်ကို ထုတ်ပြဖို့ ဘယ်သူမှ မတောင်းဆိုဘူး"

အရပ်ရှည်ပြီး ပိန်ပါးသော အမျိုးသားက နှုတ်ခမ်းစူပြီး ပြန်ပြောလိုက်သည်။

“ငါ ဘယ်လို နေတတ်လဲဆိုတာ မင်း မသိဘူးလား။ ဒီလို ကစားပွဲတွေကို စိတ်မဝင်စားဘူး”

ပိန်ပိန်ပါးပါးလူက ပြုံးပြီး ပြန်ပြောသည်။

“တကယ် ကစားချင်ရင် မှော်နတ်သမီး နတ်ကွန်းထဲမှာ ရှိတဲ့ရတနာတွေကို ဘယ်သူ အရင် ရမလဲ လောင်းမယ်။ အရှုံးသမားက အနိုင်ရတဲ့လူကို အဲ့ဒီရတနာ တင်မြှောက်ပေးရမယ်။ ဘယ်လိုလဲ..”

“ဖင်ခံလိုက်..”

အရပ်ရှည်ပြီး ပိန်ပါးသောလူက ကျိန်ဆဲလိုက်သည်။

“မင်း အရှုံးမခံနိုင်ရင် လာမစမ်းနဲ့”

ပိန်ပါးပြီး မျက်လုံးကျဉ်းသောလူက ပြုံးပြီး ပြန်ပြောလိုက်သည်။

အရပ်ရှည်ပြီး ပိန်ပါးသော အမျိုးသားက သူ့ကိုတစ်ချက် စိုက်ကြည့်ပြီး လျှစ်လျူရှုရန် ရွေးချယ်လိုက်သည်။ ထို့နောက် နှင်းမှုန်အလောင်းကောင်ထံ ရွှေရောင်အလင်း တစ်ခု အလား ပြေးဝင်သွား၏။ ထိုလူက ရှေ့ကို ပြေးထွက်သွားနှင့် အခြား တစ်ကိုယ်တော် လူစွမ်းကောင်းများလည်း သူတို့၏ ကိုယ်ပိုင်ပစ်မှတ် နှင်းမှုန် အလောင်းကောင်ကို ရွေးချယ်ပြီး ပြေးဝင် တိုက်ခိုက်ကြသည်။

တစ်ကိုယ်တော် လူစွမ်းကောင်း များထဲတွင် မင်းဆက်မှ ပိန်လှီသောလူသည် နောက်ဆုံး တိုက်ခိုက်သူပင် ။ နှင်းမှုန် အလောင်းကောင်၏ လမ်းကြောင်းကို ပိတ်ဆို့လိုက်သည့် အချိန်တွင် သူ့ကိုကြည့်ရသည်မှာ အေးတိအေးစက် နိုင်လှ၏။ ထို့နောက် ပစ်မှတ်ကိုကြည့်ရင်း ပြုံးလိုက်သည်။

"တောင်းပန်တယ်.. မင်း ကျော်သွားလို့ မရတော့ဘူး"

နှင်းမှုန် အလောင်းကောင်က သူ ဘာပြောလဲ ဆိုသည်ကို နားလည်ပြီး တွေဝေခြင်းမရှိဘဲ လက်ဝါးနှင့် ရိုက်ချလိုက်သည်။ လေထုက အေးစိမ့်လာပြီး

ကြောက်စရာ ကောင်းအောင် မြန်ဆန်သော အရှိန်အဟုန်နှင့် ကျဆင်းလာနေသည်။

ရိုက်လိုက်သော လက်ဝါးသည် ပိန်လှီသောလူထံ တိုးဝင်သွားသောအခါ သူ့အပြုံးက တောင့်တင်းသွားပြီး ထိုနေရာမှာတင် ရပ်တန့်သွားသည်။ သူ့မျက်နှာအား ရှောင်လွှဲရန် အချိန် မရှိတော့ပေ။ သို့သော်လည်း သူ့ခေါင်းနှင့် လက်မခန့်အကွာတွင် လက်ကို ရုတ်တရက် မြှောက်လိုက်သည်။

လက်ထဲတွင် ရွှေရောင် တောက်ပနေသော ဓါးတစ်လက် ပေါ်လာသည်။ ထို့နောက် ဓါးကို

ဖြည်းဖြည်းချင်း မြှောက်ပြီး နှင်းမှုန်အလောင်းကောင်၏ ပါးစပ်မှပခုံးထိ တစောင်း ခုတ်ချလိုက်သည်။

"ဒီအဆင့်က ပျင်းစရာကောင်းလိုက်တာ.."

သူက ထိုစကားပြောလိုက်လျှင် နှင်းမှုန် အလောင်းကောင်သည် တောင့်တင်းပြီး ရပ်တန့်သွား၏။ နှင်းမှုန် အလောင်းကောင်၏ လက်ဖဝါးကလည်း သူနှင့် (၁၀) စင်တီမီတာ အကွာတွင် ရပ်တန့်သွားသည်။

စိန်ခေါ်သူအချို့လည်း ထူးဆန်းသော ဤမြင်ကွင်းကို သတိထားမိကြသည်။

"ဒီနှင်းမှုန် အလောင်းကောင်က ဘာဖြစ်လို့ မလှုပ်တော့တာလဲ"

"ဟင်းလင်းပြင် ချုပ်နှောင်မှုလား"

ထိုစဉ် နှင်းမှုန်အလေားကောင်၏ မျက်ခုံးကြားတွင် အပြာရောင် အက်ကွဲကြောင်းတစ်ခု ပေါ်လာသည်။ မကြာခင် ထိုအက်ကွဲကြောင်းသည် နှင်းမှုန် အလေားကောင်၏ မေးစေ့မှ အောက်ခြေထိ ကျဆင်းလာသော ချည်မျှင်တစ်ချောင်းနှင့် တူနေသည်။ ထို့နောက် အက်ကွဲကြောင်းထဲမှ အပြာရောင်အရည်များ စိမ့်ထွက်လာပြီး ပေါက်ကွဲသွား၏။

အပြာရောင် အရည်များသည် စမ်းရေအလား နေရာအနှံ့ ပြန့်ကျဲသွားသည်။ ရောမ မွန်းစတားကြီးသည်လည်း တောင်တစ်ခုကဲ့သို့

ပြိုကျသွားပြီး လည်ပင်း၏အထက်တွင် နေ့ရာသီ ဖရဲသီးတစ်လုံးကဲ့သို့ ခေါင်း တစ်ဝက်မှ ပြတ်တောက်သွားခဲ့သည်။